www.burmeseclassic.com

# ဝဋ်ကြွေးကြမ္မာ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

BURMESE CLASSIC .com

နေ မိုး ဆောင်း စာ ပေ

# ဒေဝဝကြာ

## ဝဋ်ကြွေးကြမ္မာဝက်ပါ



www.burmeseclassic.com

www.burmeseclassic.com



## ထုတ်ဝေပြီးစာအုပ်များ


၁။ သင်္ဂြိုဟ်မှိုင်းစောင့်တစ္ဆေ
(ပွဲဒီယိုရိုက်ပြီး ဒါရိုက်တာသုံကြီး)
၂။ ဝိညာဉ်လိပ်ပြာ
၃။ တစ္ဆေရောင်းရန်ရှိသည်
(ပွဲဒီယိုရိုက်ပြီး ဒါရိုက်တာညိုမင်းလွင်)
၄။ မရဏာရန့်
၅။ သွေးသောက်တဲ့မြိုင်
၆။ မိစ္ဆာတလေ တောလုံးမွှေ
၇။ ဝ ... ခင်းသမီး
၈။ သမုဒ်ယဝိညာဉ်
၉။ ငှက်ဆိုးကျိန်စာ
၁၀။ အိပ်မက်ဆိုးသံသရာ
၁၁။ မီးလုံးကြားမှသရဲ

ယခုလထုတ်

၁၂။ ဝင့်ကြေးကြမ္မာ ဇာတ်ဘာ






## ပါဝင်သောအခန်းများ


၁။ ပဲပေဒင်နိမိတ်
၂။ ချောက်ချားနေသောစိတ်
၃။ ဆု နှင့် ဆူး
၄။ ကြေကွဲစရာ ဆွမ်ပုပြင်
၅။ ဘစ္စမိတ္တာ
၆။ လှေကားပေါ်မှ ပိသာဉ်
၇။ အံ့မှတ်ဖွဲ့ ဆုဉ်းမြိုင်
၈။ သေရွာကပြန်လာသူ




www.burmeseclassic.com

www.burmeseclassic.com



* ဆု အထိတ်အလန့်ဖြစ်သွား၏။ သူတို့အိမ်အပေါ်ထပ်က မြင့်သဖြင့် လှေကားကလည်းမြင့်၏။ ထိုလှေကားပေါ်မှသာ လိမ့်ကျလျှင် အသက်ရှင်နိုင်စရာ အကြောင်းမရှိ။

## [၁] မိစေဒင်နိမိတ်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com









## (၁) ဖဲပေဒင်နိမိတ်

စက်ဘပူမြို့။

အရှေ့တောင်အာရှတွင် သန့်ရှင်းအသပ်ရပ်ဆုံးမြို့ဟူသော ဂုဏ်နှင့်ညီအောင်ပင်၊ လှပကျော့ရှင်းသော မြို့ဖြစ်သည်။ အာရှတွင်၊ တိုကျို၊ မွန်ဘိုင်း စသည့် မြို့ကြီးများနှင့် ယှဉ်လိုက်လျှင်ပင်၊ ကောင်းကောင်းစံချိန်မီနိုင်သော မြို့ဖြစ်သည်။ ဒါကြောင့်ပင် ရောက်စက ဆုသည် တောကျိုးကန်းမြို့ရောက်သလို မျက်စိသူငယ် နားသူငယ်နှင့် ဖြစ်ခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ယခုတော့လည်း ဤမြို့တွင် တစ်နှစ်လောက်နေထိုင်ခဲ့ပြီးဖြစ်သဖြင့် သွားတတ်လာတတ်ဖြစ်နေလေပြီ။ ဘယ်နေရာမှ စိမ်းမနေတော့။ တကယ်တော့ ... ကျွန်းနိုင်ငံမြို့ကလေးဖြစ်သည်နှင့်အညီ စင်္ကာပူက သိပ်ကျယ်ဝန်းလှသည်မဟုတ်။ လည်လည်ဝယ်ဝယ်ရှိသူများဆိုလျှင် တစ်ပတ်လောက်ရှိရုံဖြင့် မြို့ကိုကျွမ်းကျင်နှံ့စပ်နိုင်သည်။ ဆု၏ခင်ပွန်း ကိုမင်းခြိမ့်မှာ ဆောက်လုပ်ရေးကုမ္ပဏီကြီးတစ်ခုမှ အင်ဂျင်နီယာဖြစ်သည်။ အချိန်အတော်များများ အလုပ်ထဲတွင် နစ်မြှုပ်နေရသဖြင့် ဆုသည် ကိုယ့်အားကိုယ်ကိုးကာ သွားလာတတ်အောင်ပြင်ဆင်ထားရ၏။ မြေအောက်ရထားစီးတာကအစ အခုတော့ ကျွမ်းကျင်နေလေပြီ။

ယခုလည်း သူတို့နေထိုင်ရာ Yishun Central ရှိ တိုက်ခန်းမှနေ၍ အင်းလေးရက်စထွန့်သို့ အငှားကားဖြင့် ထွက်လာခဲ့သည်။ စင်္ကာပူရှိ မြန်မာအသိုင်းအဝိုင်းကြားထဲ၌ INLE MYANMAR RESTAURANT သည် နာမည်ကြီးဖြစ်သည်။ အစားအသောက်ရော နေရာထိုင်ခင်းပါကောင်းမွန်သဖြင့် အလှူမင်္ဂလာပွဲ၊ မွေးနေ့ပွဲ အခမ်းအနားအမျိုးမျိုးကို ထိုဆိုင်တွင် ကျင်းပလေ့ရှိကြ၏။ အမှတ်(၁၁၁) တစ်သုံးလုံး မြောက်တံတားလမ်း Penuinsula ပလာဇာတွင်ရှိသည်။





ဤပလာဇာမှာ စင်္ကာပူရှိ ပလာဇာများတွင် အဆင့်မြင့်ပလာဇာဖြစ်ကာ၊ မြန်မာနှင့် ပတ်သက်သော ဆိုင်အတော်များများရှိနေ၏။

ဒီကိုရောက်မှ စင်္ကာပူကိုရောက်နေသော မြန်မာတော်တော်များများရှိနေတာ သိရသည်။ ယခုပွဲမှာ ဆု၏ မွေးနေ့ပွဲဖြစ်ကာ၊ ဒီရောက်မှသိရသော မြန်မာအနည်းငယ်နှင့် သူ့ခင်ပွန်းအလုပ်ထဲမှ လုပ်ဖော်ကိုင်ဖက် နိုင်ငံခြားသားတချို့ကို ဖိတ်ခေါ်ထားသည်။ ကြီးကြီးကျယ်ကျယ်တော့မဟုတ်။ မွေးနေ့ကိတ်လှီးကာ လူဆယ်ယောက်လောက် မနက်စာစားကြမည်။ ဒီလောက်ပါပဲ။ အလုပ်များသော ကိုမင်းခြိမ့်က အလုပ်က လူတချို့ကိုခေါ်ကာ၊ ထိုစားသောက်ဆိုင်ကို တိုက်ရိုက်လာလိမ့်မည်။

သူရောက်သွားတော့ လူစုံနေသည်။ သူ့ကို "ပျော်ရွှင်စရာမွေးနေ့ဖြစ်ပါစေ"ဆုတောင်းပေးကာ၊ လက်ခုပ်တီး၍ ကြိုဆိုကြသည်။ ဆိုင်က မွေးနေ့တစ်ခုနှင့်တူအောင် ရောင်စုံပူဖောင်းကလေးတွေ ချိတ်ဆွဲထားသည်။ မွေးနေ့ကိတ်ပေါ်မှ ဖယောင်းတိုင်(၂၂)တိုင်ငြိမှတ်ကာ ကိတ်မုန့်ကိုလှီး၍ ကိုမင်းခြိမ့်ကို အရင်ကျွေးရ၏။ ရောက်ရှိနေသူအားလုံးမှာ ဆုနှင့် တွေ့ဖူး သိဖူးသူများဖြစ်သဖြင့် အနေရခက်ပြီမနေပါ။ ပေါ့ပေါ့ပါးပါး ... လွတ်လွတ်လပ်လပ်နေနိုင်သည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သို့သော် ... ဆုရင်ထဲတွင် သူ့အသည်းနှလုံးကို တစ်စုံတစ်ယောက်က ဆုပ်ကိုင်ဆွဲညှစ်ထားသလို တင်းတင်းကျပ်ကျပ် ဝေဒနာတစ်ခုကို ခံစားနေရ၏။ မွေးနေ့မှာ ဒီလိုစိတ်မျိုးဝင်နေဖို့ မသင့်တော်။ သို့သော် ထိုအာရုံကိုလည်း ခေါင်းထဲဖျောက်ဖျက်မရ။

ကိုမင်းခြိမ့်နှင့် လုပ်ဖော်ကိုင်ဖက်ဖြစ်သော တိုနီချမ်းက ဖဲထုပ်တစ်ထုပ်ကို ထုတ်ကာ ...

"ကဲ ... ဒီက ဆုကို ကျွန်တော် ဖဲဗေဒင်ဟောပေးမယ် ... ဒီဖဲထုပ်ထဲက ဖဲတစ်ချပ်ကို ဆွဲယူလိုက် ... "

ဟုပြောရင်း စားပွဲပေါ်ကို ဖဲချပ်များ မှောက်လျက်ဖြန့်ချထားလိုက်၏။ သူက ဖဲဗေဒင်ကို ဝါသနာအရ လိုက်စားနေသော်လည်း ဟောချင်မှဟောသည်။ အခုမှ ဘာစိတ်ကူးပေါက်သည်မသိ။ ဆုက စိတ်မပါလှသော်လည်း အားလုံးက၊ စိတ်ဝင်တစား ဝိုင်းကြည့်နေသဖြင့် ဖဲတစ်ချပ်ကိုဆွဲယူလိုက်၏။ ထိုဖဲချပ်ကို တိုနီချမ်းက လှန်လိုက်သောအခါ (Queen) ကွင်းဖဲတစ်ချပ်ဖြစ်နေလေသည်။ အားလုံးသိသည့်အတိုင်းပင် ဘုရင်မအရုပ်မှာ အထက်အောက်နှစ်ခုတွဲဆက်စပ်နေသည်။

ဆုက ထိုပုံကိုကြည့်၍ ကွက်ခနဲ မျက်နှာပျက်သွား၏။ သေား





မှ မင်းခြိမ့်က ဆုလက်တစ်ဘက်ကို အားပေးသလို ဆုပ်ကိုင်ဖျစ်ညှစ်လိုက်၏။ တိုနီချမ်းက ... စတင်ပြောသည်။

"ဒီဖဲချပ်ရတဲ့သူတွေဟာ အင်မတန်လျှို့လျှို့ဝှက်ဝှက်နိုင်တဲ့သူတွေပဲ ... "

ထိုစကားကို အားလုံးက ခေါင်းညိတ်ထောက်ခံ၏။ ဆုဒီကိုရောက်လာတာ တစ်နှစ်လောက်ရှိပြီ။ ဆုအကြောင်းကို သူတို့ ... ကောင်းကောင်းမသိကြ။ သူ့ကိုယ်ရေးကိုယ်တာကို ပြောပြလေ့မရှိ။ ကိုမင်းခြိမ့်ကလည်း မပြော။ တိုနီချမ်းက ...

"နင်ဆုံးရှုံးထားတာတွေကို မကြာခင် ပြန်ရလိမ့်မယ် ... နင်ဆုံးရှုံးထားတာများရှိသလား ... "

"ဟင့်အင်း ... "

ဆုက ခေါင်းခါကာ ငြင်းလိုက်သည်။

"နင် ကတိပြုထားတာများရှိလား ... အဲဒီကတိကိုဖျက်ခဲ့တယ်မဟုတ်လား ... အခု ပြန်ပေးဆပ်ရတော့မယ် ... "

ထိုစကားကြောင့် ဆုမျက်နှာက ရုတ်ချည်းဖြူလျော်သွား၏။ မင်းခြိမ့်က ...

"တော်ပြီ တိုနီ ... "



www.burmeseclassic.com

www.burmeseclassic.com



ဟုဟန့်တားလိုက်၏။ ဘေးမှ ဦးကျော်သာက ...

"သူပြောတာတွေကို မယုံနဲ့ဆု ... ငါ့ကို ... စက်ဘာပူရောက် ကတည်း နောက်မိန်းမတစ်ယောက်ရလိမ့်မယ်လို့ ဟောထားတာ၊ အခုထိမရသေးဘူး ..."

ဟု အရွှန်းဝင်ဖောက်၏။ ဦးကျော်သာက မင်းခြိမ့်တို့ ကုမ္ပဏီ ကပင်ဖြစ်ကာ၊ သူတို့ကို မိဘလိုစောင့်ရှောက်နေသူဖြစ်၏။ အခု လည်း ဆု ... စိတ်ထိခိုက်သွားမှန်းသိသဖြင့် စကားရောဖောရော လုပ်ကာ ဝင်ကူခြင်းဖြစ်၏။ သို့သော် ... တိုနီ၏ စကားတစ်ခွန်းက ဆုရင်ကို စူးဝင်နေလေပြီ။ အတူတူထိုင်ကာ ထမင်းဝိုင်းဖွဲ့စားနေ သော်လည်း သူ့စိတ်တွေက ပျံ့လွင့်နေသည်။ အပြန်တွင် မင်းခြိမ့်က ကားဖြင့် ပြန်ပို့၏။ ကားမောင်းလာရင်း ...

"တိုနီ့စကားတွေကို အမှတ်ထားမနေနဲ့ ဆု ... မင်းဘာတွေ တွေးနေတယ်ဆိုတာသိတယ် ... အားလုံးကို မေ့ထားလိုက် ..."

ဟု သတိပေး၏။ ပြီးတော့ အလုပ်ရှိရာပြန်သွားရသည်။

အိမ်တွင်တစ်ကိုယ်တည်း ကျန်ခဲ့သောအခါ ဆု၏ စိတ်တွေ က ပို၍ဆောက်တည်ရာမရဖြစ်နေသည်။ သူတို့ နေထိုင်ရအခန်းမှ အဆောက်အဦး၏ (၁၃)ထပ်တွင်ရှိ၏။ ထိုအခန်း ပြတင်းပေါက်မှ





လှမ်းကြည့်လိုက်လျှင် စင်္ကာပူ၏ ရှုခင်းအတော်များများကို လှမ်းမြင် နေရ၏။ မိုးမျှော်တိုက်တွေ အစီအရီဖြင့် စင်္ကာပူက ၂၁ရာစု၏ မြို့ တော်စစ်စစ်ဖြစ်သည်။

ထိုမိုးမျှော်တိုက်များ၏ တစ်ဘက်တွင် မှိုင်းပျသော ကောင်း ကင်။ မြန်မာပြည်သည် ဘယ်ဘက်တွင်ရှိလေမည်နည်း။ သူမှန်းဆ မရ။ ထိုနေရာတွင် သူ့အမှတ်ရစရာတွေ အများကြီးကျန်ခဲ့သည်။ ထိုအမှတ်ရဖွယ်များမှာ လွမ်းဆွေးကြေကွဲဖွယ်ရာတွေနှင့် ထွေးရော ယှက်တင်ရှိနေသည်။ ဒါကြောင့် သူမေ့လျော့ထားချင်သည်။ သို့သော် မေ့လျော့ရနိုင်သော အရာများကား မဟုတ်။ ပြတင်းပေါက်မှခွာကာ သူ့အိပ်ခန်းထဲဝင်လာခဲ့၏။

ခုတင်ဘေးမှ မှန်တင်ခုံတွင်ထိုင်ကာ သူ့ကိုယ်သူ ပြန်ငေး ကြည့်၏။ ဘယ်လိုပင်ပြောပြော မိန်းမချောတစ်ယောက်ပင် ... ။ အသားအရေက အဖြူထက်အဝါဘက်ကို ကူးလုနေသည်။ ပန်းချီ ကျော်တစ်ယောက်ရေးထားသကဲ့သို့ ထင်ရှားသော မျက်လုံး၊ နှာတံ၊ နှုတ်ခမ်းတို့က သူ့တို့ချင်း အလှပြိုင်နေသလိုရှိ၏။ အလှဆုံးကတော့ ဆေးမဆိုးထားပါဘဲ နီစွေးနေသည့် နှုတ်ခမ်းတွန့်ကွေးကွေးကလေး များဖြစ်သည်။ ပြီးတော့ သူ့မျက်ခုံးတွေက မှင်နက်ဖြင့် ရေးထား



www.burmeseclassic.com

www.burmeseclassic.com



သကဲ့သို့ မျက်နှာတွင် ထင်းထင်းကြီးပေါ်နေ၏။ သူ့မျက်နှာတွင် သူသဘောမကျသောအရာက တစ်ခုပဲရှိသည်။ ဒီဂရီမျက်မှန်ပင် ဖြစ်သည်။ ထိုဒီဂရီမျက်မှန်က သူ့မျက်လုံးတွေ၏အလှကို တစ်စိတ် တစ်ဒေသ ဖုံးကွယ်ထားသကဲ့သို့ ရှိ၏။ ထိုမျှန်မှန်ကို ချွတ်ကာ မှန်တင်ခုံပေါ်တင်ပြီး၊ သူအိမ်ရာထဲဝင်လှဲလိုက်၏။ ဒီမျက်မှန်ကို သူမကျေနပ်သော်လည်း မတပ်၍မဖြစ်။ အဘယ်ကြောင့်ဆိုသော် ဆုနှင့်ဆူးကို ခြားထားသောအရာမှာ ဤမျက်မှန်တစ်ခုတည်းရှိသောကြောင့် ဖြစ်လေသည်။

သူအိပ်ရာပေါ်လှဲရင်း ... ခဏမျှ မှေးခနဲ ပျော်သွားပုံရ၏။ သို့သော် အိပ်ခန်းထဲကို မင်းခြိမ့်ဝင်လာတော့ အအိပ်ဆတ်သူပီပီ သူနိုးလာသည်။ အခန်းထဲတွင် မှောင်စပြုနေပြီ၊ မင်းခြိမ့်က အခန်းမီးဖွင့်ကာ ...

"ဘာဖြစ်လို့ မီးမဖွင့်ရတာလဲ ..."

"ခဏလောက် မှေးခနဲပျော်သွားတယ် ..."

သူခုတင်ပေါ်လာထိုင်ကာ နဖူးကို စမ်းကြည့်ရင်း ...

"နေလို့ကောင်းရဲ့လား ဆု ..."

ဆုက ခေါင်းညိတ်ပြ၏။





"နေ့ခင်းက စကားတွေကို မေ့ပစ်လိုက်ပါလို့ ကိုယ်ပြောသားပဲ ..."

"ရှင်လည်း သိသားပဲ ကိုခြိမ့် ... ဒီကိစ္စတွေဟာ လွယ်လွယ်နဲ့ မေ့လို့မရနိုင်ဘူးဆိုတာ ..."

မင်းခြိမ့်က သက်ပြင်းချသည်။

"တကယ်တော့ ... ငါ မင်းမွေးနေ့ကိုလုပ်ပေးဖို့ မကောင်းဘူး ဆု ... မင်းနဲ့သူနဲ့က တစ်နေ့တည်းမွေးခဲ့တဲ့ အမြွှာတွေ ... ဒီတော့ မင်းမွေးနေ့ကိုလုပ်ရင် သူ့ကို သတိရနေလိမ့်မယ်ဆိုတာ စဉ်းစားမိဖို့ ကောင်းတယ် ..."

သူ့ကိုယ်သူ မင်းခြိမ့်က အပြစ်ပြောလိုက်၏။ ဆုနဲ့ဆူးသည် အမြွှာညီအစ်မဖြစ်သည်။ ယခုတော့ လူ့လောကတွင်ဆူးတစ်ယောက် မရှိတော့။ ဆုက ဆူးကို အမြဲအမှတ်ရနေတာ။ အပြစ်ဆိုစရာမရှိ။ ဆုက ညှိုးငယ်သော မျက်နှာဖြင့် ...

"ဆုကသာ ခွဲစိတ်ဖို့မလုပ်ဖူးဆိုရင် ဆူးလည်း သေစရာ အကြောင်းရှိမှာမဟုတ်ဘူး ကိုခြိမ့် ..."

ဆုနှင့်ဆူးသည် သာမန်အမြွှာမဟုတ်။ ရင်းချင်းဆက်အမြွှာ တွေဖြစ်သည်။ ဆေးရုံတက်ကာ ခွဲစိတ်ရာမှ ဆူးသည် ကွယ်လွန်ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ မင်းခြိမ့်က ...

"အဲဒါကို မင်းအပြစ်လို့ မယူဆနေနဲ့လေ ... မင်းတစ်ကိုယ်တည်းသီးသန့်နေချင်တယ်ဆိုတာ သဘာဝကျပါတယ် ... ဒီအထဲက သူကွယ်လွန်သွားတာကတော့ သူကံကြမ္မာလို့ ပြောရတော့မှာပေါ့"

အတတ်နိုင်ဆုံး နှစ်သိမ့်စကားကိုပြောလိုက်မိသည်။ မွေးနေ့ပွဲတွင် ဖဲဗေဒင်ဟောစဉ်က တိုနီချမ်းက ...

"မင်းဆုံးရှုံးထားတာရှိလား ... မင်းဆုံးရှုံးထားတာ ပြန်ရလိမ့်မယ် ..."

သူဆုံးရှုံးခဲ့တာက သူ့ကိုယ်တစ်ခြမ်းဖြစ်သည်။ သို့မဟုတ် ဆူးကိုဖြစ်သည်။ တိုနီချမ်းက ဆက်ကာဟောသည်။

"မင်း ... တစ်ယောက်ယောက်ကို ကတိတစ်ခုခုပေးခဲ့တာများရှိလား ... အဲဒီကတိကို တည်အောင် ပြန်ပေးဆပ်ရလိမ့်မယ်"တဲ့။

သူနှင့်ဆူးတို့ ဘယ်တော့မှ မခွဲဘူးဟု ကတိပေးခဲ့ကြ၏။ ထိုကတိကို စတင်ဖောက်ဖျက်သူက သူဖြစ်သည်။ ဖောက်ဖျက်ရသည့် အကြောင်းကလည်းရှိသည်။ ထိုအကြောင်းက ...

"မင်းကို ငါပြောစရာစကားတစ်ခုရှိတယ် ဆု ..."

ကိုမင်းခြိမ့်မျက်နှာက တည်တည်ကြည်ကြည်ဖြစ်နေသဖြင့်





ဆုရင်ထဲတွင် စိုးရိမ်စိတ်ဝင်လာသည်။ ထို့ကြောင့် အလောတကြီး မေးလိုက်မိ၏။

"ဘာ ... ဘာလဲဟင် ကိုခြိမ့် ..."

"အင်း ... မင်းခုလိုဖြစ်နေတဲ့ အချိန်မှာ မပြောသင့်ဘူး၊ မပြောဘဲနေလို့လည်းမရတဲ့ စကားမို့ပါ ... ရန်ကုန်က ဖုန်းလာတယ် ..."

"မေမေ ဆက်တာလား ..."

ရန်ကုန်က ဖုန်းလာတယ်ဆိုရင် သူ့အမေဆက်တာပဲ ဖြစ်ရမည်။ လောကမှာ ခင်တွယ်စရာဆို၍ ဒီသားအမိနှစ်ယောက်တည်း ရှိတော့တာမဟုတ်လား။ သို့သော် ကိုမင်းခြိမ့်က ...

"ဒေါ်စိမ်းမြ ဆက်တာ ..."

ဒေါ်စိမ်းမြဆိုတာက၊ သူ့အမေအဖော်ခေါ်ထားသော မိန်းမကြီးဖြစ်၏။ ကုမ္ပဏီကဖုန်းကို ဆက်ပုံရပါသည်။

"မင်းအမေ လှေကားပေါ်က လိမ့်ကျလို့တဲ့ ..."

"ဟင် ..."

ဆု အထိတ်တလန့်ဖြစ်သွား၏။ သူတို့အိမ်အပေါ်ထပ်က မြင့်သဖြင့်၊ လှေကားကလည်း တော်တော်မြင့်၏။ ထိုလှေကားပေါ်



www.burmeseclassic.com

www.burmeseclassic.com



က လိမ့်ကျလျှင် အသက်ရှင်နိုင်စရာမရှိ။

"အမေ ... မေမေ ..."

"စိတ်အေးအေးထားပါ ... အခု အန်တီ့ကို ဆေးရုံတင်ထားတယ်တဲ့ ... အခြေအနေက ဆိုးပုံမရဘူး ... ကိုယ်တို့ ရန်ကုန်လိုက်သွားကြရအောင် ..."

ဆုက ခေါင်းညိတ်လိုက်၏။ တကယ်တော့ သူ မြန်မာပြည်ကို မပြန်ချင်။ သို့သော် အမေတစ်ယောက်လုံး ဒီလိုဖြစ်နေမှတော့ မကြည့်ဘဲ မျက်နှာလွှဲနေ၍လည်းမဖြစ်။

"ကိုခြိမ့်အလုပ်တွေကရော ..."

"ရပါတယ် ... ဒီဇင်ဘာမှာ အားရက်တော်တော်ရပါတယ်၊ ခရစ္စမတ်ပိတ်ရက်မှာ မြန်မာပြည်ပြန်တာပေါ့ ..."

နောက်တော့ ကိုမင်းခြိမ့်က လေယာဉ်ရုံးပြေးကာ လက်မှတ်ယူသည်။ သူက သိမ်းဆည်းစရာပစ္စည်းတချို့ကို သိမ်းဆည်း၏။ နောက်တစ်နေ့လေယာဉ်ဖြင့် စင်္ကာပူကထွက်ခွာလာသောအခါ ...

လေယာဉ်ပေါ်တွင် မင်းခြိမ့်၏ပခုံးကို ခေါင်းမှီကာ ယှဉ်တွဲထိုင်ရင်း သူ့စိတ်တွေ လေးလံ၍နေသည်။ မကြာခင် ရန်ကုန်ရောက်သည်နှင့် ...





သူသည် ထိတ်လန့်ချောက်ချားသွေးပျက်ဖွယ်ရာ ကြေကွဲဆို့နစ်ဖွယ်ရာအဖြစ်များနှင့် ကြုံဆုံရလိမ့်မည်ဟု ကြိုတင်သိရှိပါက ...

✂-----✂



www.burmeseclassic.com

www.burmeseclassic.com



* ရေချိုးပြီးသောအခါ ရေချိုးခန်းထဲက မှန်ရှေ့တွင်ရပ်ကာ ကြည့်လိုက်သည်။ ဆု ထိတ်လန့်သွားသည်။ သူမစွာကိုယ်နှင့် တွဲလျက် ဆူးစွာကိုယ်ပါ တွေ့လိုက်ရသောကြောင့်ဖြစ်၏။

## (၂) လျှောက်သွားနေသောအခါ

နေဝိုးဆောင်း တဝယ

www.burmeseclassic.com

www.burmeseclassic.com









## (၂) ချောက်ချားနေသောအိမ်

ရန်ကုန်မြို့။

ကန်ဘဲ့ဒေသသည် ယခင်က ဆင်းရဲသူ ဆင်းရဲသားများ၊ ယာမြေ ခြံမြေလုပ်ကာ အသက်မွေးနေထိုင်ရာဒေသဖြစ်သော်လည်း ယခုအခါ တိုက်တာအိမ်ခြေများတိုးပွားလာကာ၊ ပိုက်ဆံရှိသူများ နေထိုင်ရာ၊ လူချမ်းသာရပ်ကွက်အသွင် ပြောင်းလဲလာခဲ့လေသည်။

ဆုတို့၏ခြံကြီးသည် ကျိုက္ကဆံဘုရားလမ်းမကြီးဘက်မှဝင်လျှင်၊ အစွန်ဆုံးဟုဆိုနိုင်ကာ ရန်ကုန်မြို့ပတ်ရထားလမ်း၏အနီးတွင် တည်ရှိ၏။ သူ့မိဘများငယ်စဉ်က ရှေးဆန်ဆန်နှစ်ထပ်အိမ်ကြီးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း၊ သူ့မိဘများက ခေတ်မီနှစ်ထပ်တိုက်တစ်လုံးအဖြစ် အသစ်ပြင်ဆင် ဆောက်လုပ်ခဲ့သည်။ ဆုဇာ၏အဘိုးအဘွားသည် မိုးကုတ်မှပြောင်းရွှေ့ကာ ရန်ကုန်တွင် ကျောက်မျက်ရတနာဆိုင်ဖွင့်ခဲ့သည့် ချမ်းသာသော ကုန်သည်များဖြစ်၏။ ကွယ်လွန်သောအခါ သူ့တို့အမွေကို တစ်ဦးတည်းသောသမီး ခင်ခင်ကြီးက ဆက်ခံခဲ့ရလေသည်။

ခင်ခင်ကြီး၏ခင်ပွန်း ဦးမြတ်လှိုင်မှာ အစိုးရဌာနမှ အငယ်တန်းအရာရှိတစ်ဦးဖြစ်ကာ၊ ဆုနဲ့ဆုးကို ကိုယ်ဝန်ရှိစဉ်မှာပင်၊ နယ်မှာ ခရီးသွားရင်း ထူးထူးခြားခြား ညအိပ်နေစဉ် မြွေကိုက်ခံရကာ ကွယ်လွန်ခဲ့သည်။ သူ စစ်ဆေးရေးထွက်ရသော နယ်မြေကား မြွေဆိုးပေါသည်ဟု နာမည်ကြီးသော နယ်ပင်ဖြစ်သည်။ ခင်ခင်ကြီးသည် နေ့စေ့လစေ့ဖြင့် မွေးဖွားသောအခါ ထူးထူးခြားခြားပင် ရင်ချင်းဆက်အမြွှာညီအစ်မကို မွေးဖွားခဲ့လေသည်။ မွေးဖွားရ ခက်ခဲသဖြင့် မိုက်ခွဲကာမွေးဖွားခဲ့ရ၏။ ယခင်ကပင် ကိုယ်ချင်းဆက်နေသော အမြွှာများ မြန်မာပြည်တွင် မွေးဖွားခဲ့ကြ၏။ မြန်မာပြည်တစ်ပြည်လုံး ဟိုးလေးတကျော်နာမည်ကြီးခဲ့သည်မှာ မနန်းစိုးနှင့်မနန်းစံ။

သူတို့နှစ်ယောက် ယခုကဲ့သို့ ကိုယ်ချင်းဆက်အမြွှာအဖြစ်





မမွေးဖွားမီ၊ သူ့အမေသည် ထူးခြားသည်ဟုဆိုနိုင်သော အိပ်မက်တစ်ခုကို မြင်မက်ခဲ့သည်ဆို၏။ တောက်ပသော အဝတ်အစားများ ဝတ်ဆင်ထားသည့် အရွယ်ကောင်း မိန်းကလေးတစ်ဦးနှင့် ယောကျာ်းလေးတစ်ဦးသည် သူ့ထံသို့ရောက်လာကာ နေထိုင်ခွင့်တောင်းသည်ဟုဆိုသည်။ သူတို့နှစ်ယောက်လုံးမှာ ချောမော်လှပသော်လည်း ညှိုးငယ်သောမျက်နှာထားများရှိကြသည်ဟုဆိုလေသည်။

ပြီးတော့ ဝတ်စားထားသော သူတို့အဝတ်အစား တောက်တောက်ပြောင်ပြောင်တွေကြောင့်၊ သူကြားဖူးသော နတ်စိမ်းတွေလား၊ ဥစ္စာစောင့်တွေလားဟုလည်း အတွေးပွားခဲ့သေးသည်။ ယခင်က ဤနေရာတစ်ဝိုက်မှာ ကြီးမားသောသစ်ပင် တောအုပ်များ မှိုင်းမှိုင်းညို့ညို့ဖြင့် လူနေကျဲပါးလှ၏။

ဤအိပ်မက်မက်ပြီးကာစက စိတ်ထဲတွင် အနည်းငယ် စနိုးစနောင့်ဖြစ်ခဲ့သော်လည်း ကာလအနည်းငယ်ကြာသောအခါ ... ဒေါ်ခင်ခင်ကြီးသည် ဤကိစ္စကို မေ့ပျောက်၍သွားသည်။ သို့သော် နေ့လစေ့၍ ကိုယ်ချင်းဆက်နေသည့် အမြွှာညီအစ်မကိုမွေးဖွားသောအခါ ဤကိစ္စကို ပြန်လည်သတိရလာပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



လေဆိပ်မှ သူတို့နှစ်ဦးကို တင်ဆောင်လာသည့် အငှားကားက ခြံကျယ်ကြီးထဲသို့ ချိုးကွေ့ဝင်လာကာ နှစ်ထပ်တိုက်ရှေ့တွင်ရပ်လိုက်တော့မှ၊ ဆု ခေါင်းထဲက အတွေးစတွေက ပြတ်တောက်သွား၏။ ကားတံခါးဖွင့်ကာ ဆင်းနေစဉ်မှာပင် အိမ်ထဲက ဒေါ်စိမ်းမြထွက်လာသည်။ ဒေါ်စိမ်းမြသည် သူတို့ရှိစဉ်ကပင် ဤအိမ်ကြီး၌ အဖော်အဖြစ် နေထိုင်ခဲ့သူဖြစ်သည်။ သူ အဝေးရောက်နေသောအခါ အမေ့ကို အနီးကပ်ပြုစုစောင့်ရှောက်နေသူဖြစ်၏။

ဆင်းရဲသောကြောင့် အသက်နှင့်မမျှအောင် ရုပ်ရည်ကရင့်ရော်နေသော်လည်း လူငယ်တစ်ယောက်လို အလုပ်ကို သွက်သွက်လက်လက် လုပ်ကိုင်နိုင်လောက်အောင် ကျန်းမာရေးက ကောင်းမွန်၏။ သူ့အသက် (၅၀)နီးပါးခန့်ရှိတော့မည်။ မျက်နှာညှိုးညှိုးငယ်ငယ်နှင့်ပင် သူတို့ပစ္စည်းတွေကို အိမ်ထဲရောက်အောင် ကူသယ်ပေးသည်။ အိမ်ထဲဝင်မိသည်နှင့် မမြင်ရသော အငွေ့အသက်တစ်ခုက လျှို့ဝှက်စွာ ကြိုဆီးနေသလို ဆုခံစားရသည်။ ငယ်ဘဝ၏ အမှတ်ရဖွယ်ရာ ရုပ်ပုံလွှာများသည် ဤအိမ်ကြီး၏လေထုထဲတွင် ထုပိန်းစွဲထင်နေဟန်တူသည်။

သူတို့ အိမ်ပေါ်ထပ်သို့ တက်ခဲ့၏။ သူတို့နှစ်ယောက်နေထိုင်





ဖို့ အိပ်ခန်းလွတ်တစ်ခုကို ဒေါ်စိမ်းမြက ကြိုတင်ပြင်ဆင်ထား၏။ ထိုအခန်း၏ကပ်လျက်ညာဘက်အခန်းမှာ ဆုရှိစဉ်က သူတို့ညီအစ်မနှစ်ယောက်နေထိုင်ခဲ့သော အခန်းဖြစ်သည်။ ဘယ်ဘက်ကအခန်းမှာမူ သူ့အမေ၏အခန်းပင်ဖြစ်၏။ ဆုက ဒေါ်စိမ်းမြကိုမေးလိုက်သည်။

"အမေ့အခြေအနေက ဘယ်လိုလဲ ..."

"အခုအချိန်အထိ သတိလစ်နေတုန်းပဲ ..."

"သူ ဘယ်လိုဖြစ်တာလဲဟင် ..."

"လှေကားပေါ်က ချော်ကျတာပဲ ... သိပ်မမြင့်တဲ့လှေကားအလယ်ထစ်လောက်က လိမ့်ကျတာမို့ တော်သေးတယ်ပြောရမယ်၊ ဒါပေမဲ့ သူ ခေါင်းကိုပြင်းပြင်းထန်ထန်ထိခိုက်သွားတယ် ... အခုအချိန်အထိ စကားမပြောနိုင်သေးဘူး ..."

အမေ့၏အသက်ကို ကြီးလှပြီဟု မဆိုသာသေး။ (၅၀)ကျော်ရုံမျှသာရှိသေးသော်လည်း၊ ငယ်စဉ်ကတည်းက စွဲကပ်လာသည့် ပန်းနာရင်ကြပ်ရောဂါကြောင့် အမြဲပင် နာတာရှည်လူမမာတစ်ယောက်ပုံသဏ္ဍာန်ပေါက်နေသည်။ ရင်ကြပ်ရောဂါထလာလျှင်ကားဆိုးဝါးလွန်းသည်။ တုန်တုန်ယင်ယင်နှင့် ခြေမကိုင်မိလက်မကိုင်မိဖြစ်ကာ အချိန်မီ မကုသပါက အသက်ဆုံးရပေမည်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com

အမေသည် ရင်ကြပ်ပန်းနာသည်များ အရေးပေါ်သုံးရသည့် ရှူဆေးဘူးကို ဆောင်၍ထားရသည်။

ဒေါ်စိမ်းမြက သူတို့အတွက် ညစာချက်ပြုတ်ပြင်ဆင်နေ၏။ မင်းခြိမ့်ကတော့ ခရီးပန်းလာသဖြင့် အိပ်ရာထဲတွင်လှဲကာ အနားယူနေသည်။ ဆုကတော့ ခွဲခွာနေရတာကြာပြီဖြစ်သော အိမ်ကြီးကို လှည့်ပတ်ကြည့်၏။ မနေ့တစ်နေ့ကမှ ခွဲခွာခဲ့ရသလို အရာအားလုံးက အမှတ်ရဖွယ်ပူနွေး၍နေသည်။ ဧည့်ခန်းထဲမှမဟောဂနီရောင်စန္ဒရားကြီး။ အရင်ကတော့ ညီအစ်မနှစ်ယောက် အတူတူထိုင်ကာ သီချင်းတစ်ပုဒ်တည်းကို ပြိုင်တူတီးခတ်ခဲ့ကြသည်။ ထိုကာလများကို သူတို့ကိုယ်ချင်းသာမက စိတ်ချင်းပါ တွဲစပ်ထိတွေ့နေသော ကာလများဟု ဆိုနိုင်လေသည်။ ဆုး ကွယ်လွန်ပြီးကတည်းက ဤစန္ဒရားကို ပိတ်ထားလိုက်၏။ သူတစ်ယောက်တည်းတော့ တီးခတ်ချင်စိတ်မရှိ။

အပေါ်ထပ်ပြန်ရောက်လာတော့ အခန်းထဲတွင် သူ့ခင်ပွန်း မင်းခြိမ့်က သီချင်းစီဒီဓာတ်ပြားတစ်ချပ် ဖွင့်ထားတာကြားရ၏။ ဆလိုင်းဒီယွန်၏သီချင်းပင်။ တိုက်တန်းနစ်ဇာတ်ကား၏ကြေကွဲဖွယ်ဇာတ်ဝင်တေးလည်းဖြစ်၏။

"ဒီသီချင်းဟာ ဆုးအကြိုက်ဆုံးသီချင်းပဲ ကိုခြိမ့် ... "





ဆုက ပြောလိုက်တော့ ... မင်းခြိမ့်က ကက်ဆက်ခလုတ်ကို ပိတ်လိုက်သည်။ ကြေကွဲစရာအတိတ်ကို ဆု သတိရစေနိုင်မည့် မည်သည့်အပြုအမူမျိုးကိုမှ သူက ပြုလိုဟန်မရှိ။ နောက်တော့ ...

ညစာကို သူတို့ တို့ကနန်း ဆိတ်ကနန်းစားကြသည်။ ဆာလောင်နေကြသော်လည်း နှစ်ယောက်လုံးပင် စားသောက်ဖို့ စိတ်မပါ။ စားသောက်ပြီးသောအခါ ဆေးရုံကိုထွက်ခဲ့ကြသည်။ အမေ့ကို တင်ထားသည်က နာမည်ကျော်ပုဂ္ဂလိက ဆေးရုံကြီးတစ်ခုတွင်ဖြစ်သည်။ ဆေးရုံက စရိတ်စက ကြီးမားသော်လည်း ဝန်ဆောင်မှုကောင်း၏။ သန့်ရှင်းသပ်ရပ်၏။ အမေ့အခန်းမှာ သီးသီးသန့်သန့် တစ်ခုဖြစ်၍ အခန်းထဲတွင်ပင် စားပွဲ ကုလားထိုင်တစ်စုံရှိသည်။ ရုပ်မြင်သံကြား ဗွီဒီယိုစက်ရှိသည်။ တယ်လီဖုန်းရှိသည်။ ရေခဲသေတ္တာရှိသည်။ ဟိုတယ်မှာတည်းခိုနေရတာနှင့် သိပ်မထူးခြား။

အမေ့ကို စောင့်ကြပ်ပြုစုရန်၊ နေ့နှင့်ည တာဝန်ယူရမည့် သူနာပြုဆရာမနှစ်ဦးလည်း ထားပေးသည်။ အမေ့ကို ဆေးရုံတင်ခဲ့သည့် ဒေါ်စိမ်းမြက လိုတာမှန်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးရန် တောင်းပန်သဖြင့် ဆေးရုံက ဆောင်ရွက်ပေးထားခြင်းဖြစ်၏။ အမေသည် အိပ်ရာပေါ်တွင် ပက်လက်ငြိမ်သက်နေသည်။ မျက်လုံးတွေ



www.burmeseclassic.com

www.burmeseclassic.com



က မဖွင့်။ ခန္ဓာကိုယ်တွင် လိုအပ်သည့်အာဟာရနှင့် ဆေးရည်များ သွင်းပေးရန် တပ်ဆင်ထားသည့်ပိုက်တွေက၊ ရှုပ်ထွေးစွာ သွယ်တန်း လျက်ရှိနေ၏။ ပြီးတော့ နှာခေါင်းတွင်လည်း ပိုက်တပ်ဆင်ထား၏။ လူနာ၏နှလုံးခုန်မှုကို တိုင်းတာဖော်ပြနေသည့်စက်တစ်ခုလည်း ဘေးတွင်ရှိနေ၏။ တကယ့်အရေးပေါ် အခြေအနေပင်ဖြစ်သည်။

ဆရာဝန်ကြီးရုံးခန်းကိုသွားကာ စုံစမ်းမေးမြန်းကြည့်၏။

"အခြေအနေက ရောက်ခါစကထက်တော့ တိုးတက်လာပါ တယ် ... ဒါပေမဲ့ ပြန်ကောင်းလာနိုင် မကောင်းနိုင်ဆိုတာတော့ တစ်ဝက်စီပဲ၊ (၅၀)ရာခိုင်နှုန်းစီပေါ့ ..."

ဆရာကြီးစကားက ပြတ်သားသည်။ ကျန်တာကိုတော့ သူတို့ ကံတရားအပေါ်တွင်သာ ပုံချထားရပေတော့မည်။ အမေဖြစ်သူကို သူ ဒီလိုအိပ်ရာပေါ်တွင် မလှုပ်မယှက် တုံးလုံးပက်လက်မြင်ရပြန် တော့ စိတ်မချမ်းသာ။ သူတို့နှစ်ဦးလုံး ခုတင်ဘေးတွင် အတန်ကြာ အောင်ကြည့်နေကြသည်။ ဒီလိုထိုင်ကြည့်နေ၍ မည်သို့မှ ထူးခြား မည်မဟုတ်မှန်း ကိုမင်းခြိမ့်ကသိသော်လည်း၊ ဆုကို ပြန်ကြရအောင် ဟုမူ နှုတ်ကပြောမထွက်။ ဆရာဝန်ကြီးက ရောက်လာပြန်ကာ၊ သူတို့ကိုမြင်တော့ ...





"မင်းတို့ မပြန်ကြသေးဘူးလား ... မင်းတို့ ဒီမှာရှိနေလို့လည်း ဘာမှ ထူးခြားလာမှာမဟုတ်ဘူး ... ဒီတော့ အိမ်ပြန်နားကြတာပို ကောင်းမယ်ထင်တယ် ... ဒီမှာစောင့်ကြည့်ပေးမယ့်သူနာပြုလည်း ရှိနေတာပဲ ... အရေးကြီးရင် သူက မင်းတို့ဆီ ဖုန်းဆက်လိမ့်မယ်"

ဆရာဝန်ကြီး၏စကားက ပို၍ ဆီလျော်သည်ဟု ဆုကထင် သည်။ သူလည်း အမေ့အတွက် ဘာမှလုပ်ပေးနိုင်တာမှ မဟုတ်ဘဲ။ ဒီလိုနှင့် အိမ်ပြန်လာခဲ့ကြသည်။ မှောင်စပျိုးပြီ၊ လမ်းမီးတွေပင် လင်း နေလေပြီ။ ရန်ကုန်မှာတော့ သူတို့သည် အငှားကားကိုသာ အားကိုး ရတော့မည်။ စင်္ကာပူတွင်တော့ သူတို့ကားတစ်စီးဝယ်ထားခဲ့သည်။ ဟိုမှာက ကိုယ်ပိုင်ကားမရှိလျှင် အလုပ်မတွင်ကျယ်။

ယခင်ကတော့ ဒီအိမ်တွင် ကားတစ်စီးရှိနေခဲ့၏။ အမေက လည်း အပြင်မထွက်။ သူတို့ညီအစ်မကလည်း သာမန်ထက်ထူးခြား သော ပုံသဏ္ဍာန်ကြောင့် လူထူထူထဲ သွားလာလေ့မရှိ။ သို့သော် တစ်ခါတစ်ရံ သူတို့ညီအစ်မသည် ဆေးရုံဆေးခန်းပြရလေ့ရှိသဖြင့် ကိုယ်ပိုင်ကားကို အသုံးပြုရတာတသည်။ ထို့ကြောင့် ကားတစ်စီးဝယ် ကာ ဒရိုင်ဘာတစ်ယောက်ငှားထားခဲ့၏။ သူတို့ညီအစ်မ ခွဲစိတ်အပြီး၊ ဆုံးမမျှော်လင့်ဘဲ ကွယ်လွန်အပြီး၊ ဆုကလည်း ရုတ်တရက် မင်းခြိမ့်



www.burmeseclassic.com

www.burmeseclassic.com



နှင့်လက်ထပ်ကာ စက်ဘီးပူကိုထွက်ခွာသွားသောအခါ၊ အိမ်တွင် ထိုကားမှာ အပိုဖြစ်နေသဖြင့် ရောင်းပစ်လိုက်လေသည်။ မင်းခြိမ့်က ...

"ကိုယ်တို့ ကားတစ်စီးဝယ်လိုက်ရင် ကောင်းမယ်ထင်တယ်"

ဟု အကြံပြု၏။

သို့သော် ဆုက လက်မခံ။

"ဒီမှာ အမြဲနေမှာလည်း မဟုတ်ဘူး ... ဝယ်မနေနဲ့ ... သွားချင်တဲ့အခါ အငှားကားတွေသုံးလို့ အဆင်ပြေနေတာပဲ ..."

ဟုတ်တော့ ဟုတ်သည်။ ရန်ကုန်က ယခင်ကထက်စာလျှင် အငှားကားတွေ တစ်ပုံတပင်ပေါလာ၏။ အိမ်ထဲဝင်လာတော့၊ အမွေးပွ ခွေးဖြူကလေးတစ်ကောင်က ဆုကို နှုတ်ဆက်သည့် အနေဖြင့် ...

တဝုတ်ဝုတ် ...

ထိုးဟောင်ကာ ဆုဆီ ပြေးလာသည်။ ဆုက ထိုင်ကာ ထိုခွေးကလေးကို အမြတ်တနိုးကောက်ယူပွေ့ချီလိုက်၏။ ဟုတ်ပါရဲ့။ ကိုယ့်အပူနှင့်ကိုယ်မို့ ဘော်ဘီဆိုတဲ့ ဒီခွေးကလေးကို သူ မေ့နေခဲ့သည်။ သူတို့ မွေးထားသော ခွေးကလေးဖြစ်ကာ၊ သူ စက်ဘီးပူသွား





တော့ အိမ်မှာထားခဲ့ရသည်။ ဒေါ်စိမ်းမြအား ...

"ကျွန်မ ပြန်လာတုန်းက မတွေ့မိဘူး ... ဘော်ဘီက ဘယ်ရောက်နေတာလဲ ..."

"တစ်အိမ်လုံးအနံ့လျှောက်ပြေးပြီး ဟိုဟောင်ဒီဟောင်နေတာနဲ့ အဒေါ်အခန်းထဲထည့် သော့ခတ်ထားလိုက်တာ ..."

"သူ လွတ်လွတ်လပ်လပ်နေပါစေ အဒေါ် ... လွှတ်ပေးထားလိုက်ပါ ..."

ဒီခွေးကလေးကိုတော့ ကိုမင်းခြိမ့်ကလည်း ချစ်သည်။ စက်ဘီးပူကိုခေါ်သွားဖို့တောင် ကြိုးစားသေးသည်။ ခေါ်ရန်ခက်သဖြင့် ထားခဲ့ရခြင်းဖြစ်၏။ သူကလည်း ခွေးကလေးကို ဆုလက်မှလှမ်းယူကာ ပွေ့ချီဆော့ကစားနေသည်။

ဆုက အခန်းထဲပြန်ရောက်သောအခါ ရေချိုးရန်ပြင်ဆင်သည်။ ခရီးပန်းလာသဖြင့် တစ်ကိုယ်လုံး နွမ်းနယ်နေလေရာ၊ ရေချိုးလိုက်မှ လန်းဆန်းသွားလိမ့်မယ်ထင်သည်။

သူက ရေပန်းအောက်တွင်ဝင်ရပ်ကာ အားရပါးရချိုးလိုက်သည်။ အရင်ကတော့ သူသည် ရေချိုးလျှင် ဆုနှင့်အတူတူချိုးရလေ့ရှိတာ အမှတ်ရလာ၏။ ဒီတော့ ရင်ထဲတွင် လွမ်းချင်သလိုလို၊ ဆွေး

www.burmeseclassic.com

www.burmeseclassic.com



ချင်သလိုလို။

ရေချိုးပြီးသောအခါ ရေချိုးခန်းထဲက မှန်ရှေ့တွင်ရပ်ကာ ကြည့်လိုက်မိ၏။ ဆုထိတ်လန့်သွားသည်။ သူ့ခန္ဓာကိုယ်နှင့်တွဲလျက် ဆုး၏ခန္ဓာကိုယ်ကိုပါ တွေ့လိုက်ရသောကြောင့်ဖြစ်သည်။ မှန်ပေါ်တွင် ရေစက်ရေမှုန်များကပ်ငြိကာ မှန်က ဝေဝါးနေ၏။ ဆုက မှန်မျက်နှာပြင်ကို လက်ဝါးဖြင့်ပွတ်ကာ ရေစက်ရေမှုန်တွေကို ဖယ်ရှားလိုက်၏။ မှန်က၊ ကြည်လင်၍သွားသည်။ ကြည်လင်သော မှန်ထဲတွင် မြင်နေရတာက သူတစ်ယောက်တည်းသာဖြစ်သည်။ သူ့အာရုံတွေက မှောက်မှောက်မှားမှားဖောက်ပြားနေတာပဲဖြစ်မည်။

သူ အိပ်ခန်းထဲပြန်ရောက်သောအခါ ခုတင်ပေါ်တွင် ကိုမင်းခြိမ့်သည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေလေသည်။ ကိုမင်းခြိမ့်ကို ကြည့်ရသည်မှာ ခရီးဝေးလာခဲ့သဖြင့် မောပန်းနွမ်းနယ်နေပုံရ၏။ သူလည်း ညဝတ်အင်္ကျီကိုလဲလှယ်ဝတ်ဆင်ကာ ခုတင်ပေါ်ရှိ ကိုမင်းခြိမ့်ဘေးတွင် ဝင်လှဲလိုက်၏။ မကြာမီမှာပင် သူ မှေးခနဲ အိပ်ပျော်သွားသည်။ တစ်ရက်နှစ်ရက်အတွင်း စိတ်ပန်းလူပန်းဖြစ်နေသဖြင့် အာရုံအကြောတွေ ဖြေလိုက်သည်နှင့် စိတ်လွတ်ကိုယ်လွတ် ငိုက်မြည်းသွားပုံရ၏။





ခဏလောက်ကြာတော့ သူ့မျက်လုံးမဖွင့်နိုင်သေးဘဲ၊ အာရုံတွေက နိုးကြားလာသည်။ သူသည် တစ်စုံတစ်ယောက်ကိုဖက်ကာ အိပ်နေ၏။ သူဖက်ထားတာ ဘယ်သူလဲ။ သူ အိပ်စဉ်ကတော့ မင်းခြိမ့်ဘေးတွင်ဝင်ကာ ကျောပေးလှဲရင်း အိပ်ခဲ့ခြင်းဖြစ်၏။ ယခုလည်း သူ့ကျောဘက်တွင် တစ်စုံတစ်ယောက်က လှဲနေတာသိသာသည်။ သူနှင့်ကျောခြင်း အသားခြင်းထိနေတာ သတိထားမိ၏။ ဒါဆို သူ့ရှေ့က သူလက်တင်ကာ ဖက်အိပ်နေတာက ဘယ်သူလဲ။

အရင် ဆုးရှိစဉ်ကတော့ သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက်ဖက်ကာ အိပ်ခဲ့ကြ၏။ အခု ဆုးမရှိတော့။ လေးလံနေသော မျက်ခွံများကို အားယူပင့်တင်ကာ၊ ရှေ့ကအရာကို မျက်လုံးဖွင့်ကြည့်လိုက်၏။ သူနှင့်အိပ်ရာပေါ်တွင် မျက်နှာချင်းဆိုင်လဲလျောင်းနေသူကား တခြားသူမဟုတ်ဘဲ ဆုးဖြစ်၍နေလေသည်။ ဆုး၏မျက်နှာနှင့် သူ့မျက်နှာမှာ နီးကပ်လွန်း၍နေလေရာ၊ တစ်ယောက်၏အသက်ရှူသံကိုပင် တစ်ယောက်က ကြားရလုမတတ်ဖြစ်နေလေသည်။ ဖြူဖတ်ဖြူရော်နှင့် မျက်တွင်းဟောက်ပက် ဆုး၏မျက်နှာမှာ အသက်ရှင်စဉ်ကနှင့်မတူဘဲ ထိတ်လန့်စရာကောင်းလှလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆုသည် ဆူးကိုယ်ကိုဖက်ထားသောလက်ကို ရုပ်လိုက်ကာ ကြောက်လန့်တကြား အော်ဟစ်လိုက်မိ၏။

"ဆု ... ဆု ... ဘာဖြစ်တာလဲ ... "

သူ့ဘေးမှ မင်းခြိမ့်ကလန့်နိုးလာကာ မေးသည်။ ဆုက ထိတ်ထိတ်ငေါ့ငေါ့ဖြင့် ...

"ဆု ... ဆုရဲ့ဘေးမှာ ဆူးလာအိပ်နေတယ် ... "

"ဘယ်မှာရှိလို့လဲဆုရဲ့ ... ဘာမှ မရှိပါဘူး ... "

ဟုတ်သည်။ မင်းခြိမ့်ပြောလို့ကြည့်လိုက်တော့ ထိုနေရာတွင် ဖက်ခေါင်းအုံးကြီးတစ်လုံးသာတွေ့ရ၏။ သူက ဖက်ခေါင်းအုံးကို အိပ်ချင်မူးတူး စွဲလမ်းစိတ်အနေဖြင့် သူ့အမြွှာဆူးဟု မြင်ခဲ့ခြင်းသာ ဖြစ်သည်။

ခုတင်ပေါ်မှဆင်းသွားကာ မင်းခြိမ့်ကရေတစ်ခွက်ခပ်လာပြီး ဆုကိုတိုက်၏။ ရေအေးအေးတစ်ခွက် သောက်လိုက်ရသောအခါ တဒိတ်ဒိတ်ခုန်နေသောရင်က အတော်အတန် ပြန်လည်ငြိမ်သက်သွား၏။

"ဒီမှာ ဘာမှမရှိပါဘူး ဆုရယ်၊ မင်းစိတ်က စွဲလမ်းနေလို့ ဒီလိုထင်မြင်နေရတာပါ ... "





သူ့ကိုပြန်ချော့ကာ သိပ်သည်။

မင်းခြိမ့်ရင်ခွင်ထဲတွင် သူ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်၍သွား၏။ မင်းခြိမ့်ကတော့ တော်တော်နှင့်အိပ်မပျော်။ ဤဆုနှင့်ဆူးဟူသော ရင်ချင်းဆက်အမြွှာညီအစ်မနှင့် ထူးခြားစွာ ဆုံစည်းခဲ့ရပုံကိုသာ တွေးရင်း သက်ပြင်းအခါခါချနေမိလေတော့သည်။

✂······✂



www.burmeseclassic.com

www.burmeseclassic.com



နံနက်လင်းသောအခါ ညကကြုံခဲ့ရသည့်အဖြစ်တွေကို ဆုကိုယ်တိုင် မေ့ပျောက်ပစ်လိုက်၏။ လူက အတော်ပင်လန်းလန်းဆန်းဆန်းဖြစ်၍နေသည်။ ကပ်လျက် ယခင်က သူတို့ညီအစ်မ နေထိုင်ခဲ့ရာ အခန်းထဲသို့လည်း ဝင်ကြည့်ခဲ့သည်။ ထိုအခန်းက ယခုထက်တိုင်လူနေထိုင်နေသကဲ့သို့ သန့်ရှင်းသပ်ရပ်နေ၏။ သူ့အမေနှင့် ဒေါ်စိမ်းမြတို့က အမြဲစောင့်ကြပ်ကြည့်ရှုကာ လုံကျင်းပေးထားသောကြောင့်ဖြစ်မည်။

စားပွဲတွင်ထိုင်ကာ၊ အံဆွဲထဲက ဓာတ်ပုံအယ်လ်ဘမ်ကလေးကိုထုတ်ယူကာ၊ တစ်ရွက်ချင်းလှန်ကြည့်နေမိ၏။ ငယ်ငယ်ကတည်း



www.burmeseclassic.com

www.burmeseclassic.com



ကပင်၊ သူတို့နှစ်ယောက်နှင့်ပတ်သက်၍ သူ့အမေက မှတ်တမ်းတင် ဓာတ်ပုံကလေးတွေရိုက်ထား၏။ ဒီတော့ အသက်အရွယ်အလိုက် သူတို့နှစ်ယောက် အဆင့်ဆင့်ကြီးပြင်းခဲ့ပုံကို ရုပ်ရှင်ဇာတ်ကားတစ်ပုဒ်နှယ် အဆက်မပြတ် တွေ့မြင်နိုင်လေသည်။

အခန်းထဲကထွက်လာခဲ့ကာ မီးဖိုချောင်ထဲတွင် ချက်ပြုတ်နေသည့် ဒေါ်စိမ်းမြထံရောက်သွားပြီး ...

“ဒေါ်စိမ်းမြ မေမေက ဘယ်လိုဖြစ်တာလဲ ... ”

ဟုမေးလိုက်၏။ ဒေါ်စိမ်းမြက ...

“အခုတလော ထူးခြားသလိုပဲ ... အပြင်လည်းမထွက်ဘူး၊ အခန်းထဲမှာတစ်ယောက်တည်း အနေများတယ် ... တစ်ခါတလေ ဆုတို့နှစ်ယောက်နေသွားတဲ့အခန်းထဲ အကြာကြီးဝင်ကြည့်နေတတ်တယ် ... ”

အမေ၏ခံစားမှုကို သူ နားလည်နိုင်ပါသည်။ ခင်ပွန်းသည်က ကွယ်လွန်သွားကာ မုဆိုးမဘဝဖြင့် ကာလကြာရှည်စွာနေထိုင်ခဲ့ရသည်။ သားသမီးရတော့လည်း အများနှင့်မတူသည့် အခြေအနေကြောင့် တစ်နည်းတစ်ဖုံ စိတ်ဒုက္ခခံစားခဲ့ရမှာ သေချာသည်။ ဤကြားထဲ အရွယ်ရောက်ပြီးကာမှ သမီးတစ်ယောက်က သေဆုံးကာ၊





သမီးတစ်ယောက်က အိမ်ထောင်ပြုပြီး သူ့ကိုစွန့်ခွာသွားကြလေသောအခါ ...

ဒေါ်စိမ်းမြက ဆက်ပြောပြန်သည်။

“တစ်ခါတလေ အခန်းထဲမှာ သူ ငိုချင်ငိုနေတတ်တယ် ... ပြီးတော့ သူကြည့်ရတာ တစ်ခုခုကို ဖုံးကွယ်ထားရသလို၊ တစ်ခုခုကို ကြောက်ရွံ့နေရသလို ခန့်မှန်းရခက်တဲ့အနေအထားပဲ ... ”

တစ်ရက်မှာတော့ အမေသည် လှေကားပေါ်မှလိမ့်ကျခဲ့၏။ သူတို့လှေကားက နှစ်ဆစ်ချိုးဖြစ်၏။ ပထမအဆင့် တစ်ဆစ်ချိုးပေါ်က ကျခဲ့သည့်အတွက် ချက်ချင်းအသက်မသေဘဲ ရှိနေခဲ့ခြင်းဖြစ်သည်။ ဆုက ...

“ရှင်ရော ... ဘယ်လိုထူးခြားမှုတွေ သတိထားမိလဲ ... ”

ဒေါ်စိမ်းမြက အမေးကို ချက်ချင်းပြန်မဖြေ။ တစ်စုံတစ်ခုကို စဉ်းစားချင့်ချိန်နေဟန်ဖြင့် အတန်ကြာအောင် တွေဝေနေသဖြင့် ...

“ပြောသာပြောပါ ဒေါ်စိမ်းမြ ... ဘာမှစိုးရိမ်မနေပါနဲ့ ... ”

ဟု တိုက်တွန်းတော့မှ ...

“ဒီလိုပါ မိန်းကလေး ... သေသေချာချာတော့ ပြောနိုင်တာမဟုတ်ပါဘူး ... ဒီအိမ်မှာ မမြင်ရတဲ့တစ်စုံတစ်ရာရှိနေသလိုပဲ ...



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ မသိုးမသန့်ဖြစ်နေတာကြာပြီ … အိမ်ကြီးက အကျယ်ကြီး နှစ်ယောက်ထဲနေကြရတော့ စိတ်ချောက်ချားတာလည်းဖြစ်နိုင်ပါတယ် … နေ့ခင်းကြောင်တောင်လည်း ဟိုနေရာကအသံကြားရ … ဒီနေရာကအသံကြားရနဲ့ … ညဘက်ဆို ပိုဆိုးတယ် … ကိုယ်ကလည်း ထမကြည့်ဝံ့တော့ စောင်ကိုခေါင်းမြှုပ်ပြီး အိပ်လိုက်ရတာပဲ”

ဒေါ်စိမ်းမြ စကားတွေက ယုံရခက်သည်မှန်သော်လည်း ဒီမိန်းမကြီး လိမ်လည်ပြောနေတာတော့ မဖြစ်နိုင်။

“အဒေါ်အနေနဲ့ အလုပ်ကထွက်ဖို့တောင် စဉ်းစားပါတယ်၊ ဒါပေမဲ့ ဒေါ်ခင်ခင်ကြီးတစ်ယောက်တည်း အဖော်မရှိဘဲ ထားခဲ့ရမှာ သနားတာနဲ့ …”

“ကျေးဇူးတင်ပါတယ် အဒေါ် … ကျွန်မကလည်း ရေခြားမြေခြားမှာဖြစ်နေတော့ အဒေါ်မှမစောင့်ရှောက်ဘူးဆိုရင် အမေ့ကို တစ်ယောက်တည်းထားဖို့ တော်တော်ခက်လိမ့်မယ် …”

တကယ်ပင် ဒေါ်စိမ်းမြမရှိလျှင် မဖြစ်။ ဒါကြောင့် ရင်ထဲမှ အမှန်ပင် ကျေးဇူးတင်မိသည်။

သူက မီးဖိုထဲမှာ ကော်ဖီနှစ်ခွက်ဖျော်ကာ ဆင်းဒဝစ်နှစ်ခုပါ ယူ၍ အိပ်ခန်းထဲကို ဗန်းတစ်ချပ်ဖြင့် သယ်လာသည်။ ကိုမင်းခြိမ့်မှာ





အိပ်၍ကောင်းတုန်း။ ယခင်ကတော့ ဤကဲ့သို့ နေမြင့်အောင်အိပ်ဘတ်သူမဟုတ်။ ခရီးပန်းလာသောကြောင့် အိပ်နေခြင်းဖြစ်သည်။

ကော်ဖီတစ်ခွက်ကိုကောက်ယူလိုက်သည်။ ရေနွေးပူပူဖြင့် ဖျော်ထားသဖြင့် ကော်ဖီခွက်က အငွေ့တထောင်းထောင်းထကာ မွှေးပျံ့နေ၏။ အလောတကြီးသောက်လိုက်မိသဖြင့် ကော်ဖီကဖိတ်စင်ကာ၊ ကော်ဖီတချို့ အင်္ကျီရင်ဘတ်ပေါ် ကျသွား၏။ သူကပျာကသီငုံ့ကြည့်လိုက်သည်။ သူ့အင်္ကျီရင်ဘတ်ပေါ်တွင် ကော်ဖီတွေပေဗွန်းနေ၏။ သူ ကိုင်ကြည့်လိုက်တော့ ဆေးကပ်ကပ်ကော်ဖီရေတွေက သူ့လက်ကို ပေလူးကုန်သည်။ သူ တစ်စုံတစ်ခုကို သတိရကာ ရင်ထိတ်သွား၏။ ထိုနေရာကား ဆုနှင့်ဆူးဟူသော သူတို့ကိုယ်နှစ်ခု ပူးဆက်နေခဲ့သောနေရာ။ သူတို့နှစ်ယောက်ကို သီးခြားစီဖြစ်စေရန် အတွက် ထိုနေရာကိုခွဲစိတ်ခဲ့ရာ၊ ယခုတိုင်အောင် ထိုနေရာတွင် သေရပါအမာရွတ်ဒဏ်ရာကြီးရှိနေသေး၏။



www.burmeseclassic.com

www.burmeseclassic.com



* ဦးသိုက်ထွန်းက အခန်းထဲက မှန်တစ်ချပ်ကိုထုတ်ယူကာ ဆုကို
ထောင်ပြရင်း မေးလိုက်၏။
မှန်ထဲမှာ မြင်နေရတာ ဘယ်သူလဲ ဆု ...
ကျွန်မ မြင်နေရတာက ဆူးပဲ ဆရာ ...


## [၃] ဆု နှင်းဆူး



www.burmeseclassic.com

www.burmeseclassic.com









## (၃) ဆု နှင့် ဆူး

"ဆု ... ဆု ဘာဖြစ်နေတာလဲ"

သူ့အော်ဟစ်သံကြောင့် လန့်နိုးလာသည့် မင်းခြိမ့်က အိပ်ရာ ဘဲမှထကာ ဆုပခုံးကိုကိုင်၍ လှုပ်ယမ်းမေးလိုက်၏။ ဆုက

"သွေးတွေ ... သွေးတွေ"

"ဘယ်မှာလဲဆုရဲ့ ... သွေးမဟုတ်ပါဘူး ... ကော်ဖီတွေပါ"

ဒီတော့မှ သူ မရဲတရဲငုံ့ကြည့်လိုက်မိ၏။ မှန်ပါသည်။ သူ ပထမမြင်ခဲ့ရသလိုပင် အင်္ကျီတွင် ဖိတ်ပေသွားသော ကော်ဖီတွေ၏ ငှန်းကွက်နေခြင်းသာရှိ၏။ ဘယ်သွေးမှမရှိ။ သူ့ရင်ဘတ်မှဓားရာ



www.burmeseclassic.com

www.burmeseclassic.com



ဟောင်းကလည်း ဘာသွေးမှ ထွက်မနေ။ သူ့စိတ်တွေ ချောက်ချားကာ ထင်မိထင်ရာမြင်မိခြင်းသာဖြစ်မည်။

"မင်း စိတ်တွေ ချောက်ချားနေတာပါ ... အိပ်ရာပေါ်မှာ ခဏလှဲနေလိုက် ... "

သူ့ကို ဖေးဖေးမမကိုင်ကာ အိပ်ရာပေါ် လှဲသိပ်လိုက်သည်။ သူ့ရင်တွေက တဒိန်းဒိန်းခုန်လှုပ်နေဆဲဖြစ်၏။

"မင်း ဆရာဝန်တစ်ယောက်ယောက်နဲ့ပြကြည့်မှ ဖြစ်မယ် ထင်တယ် ... "

"ရပါတယ် ... ခဏလောက်လှဲနေလိုက်ရင် ကောင်းသွားမှာပါ ... "

"မဟုတ်ဘူးလေ ... မင်းစိတ်ထဲမှာက ဒီအိမ်ကြီးမှာ ဆူးရှိနေတယ်လို့ ထင်နေတယ်မဟုတ်လား ... မင်းက တစ်နေ့က မြင်တောင်မြင်ခဲ့သေးတယ်လို့ ငါ့ကိုပြောတယ် ... "

"ရှင်မယုံဘူး မဟုတ်လား ... ကျွန်မ စိတ်ကယောင်ချောက်ချားဖြစ်နေတာလို့ပဲ ယူဆထားလိုက်ပါ ... "

ဤစကားကို ဆုက စိတ်တိုတိုနှင့် ပြောလိုက်ခြင်းဖြစ်သည်။ မင်းခြိမ့်က သဘောပေါက်သွားပုံရ၏။ ဆက်တိုက်တွန်းမနေတော့။





"ကိုယ် အပြင်ခဏသွားလိုက်ဦးမယ် ... "

"ဘယ်ကိုလဲ ... "

"ငါ့မိတ်ဆွေ ကိုညီညီဆီကို ... သူ့ဆီမှာ ကားနှစ်စီးရှိတယ်၊ တစ်စီးပိုနေတယ် ... ရန်ကုန်မှာနေတုန်း ယူသုံးချင်ယူသုံးလို့ပြောထားလို့ ... "

ကိုညီညီက တိုးဂိုက်ကုမ္ပဏီထောင်ထားသူ ဖြစ်သည်။ ကောင်းသားပဲဟုတွေးမိသည်။ ရန်ကုန်တွင် ကားမရှိလျှင် အဆင်မပြေ။ အငှားကားကလည်း နေရာတကာ အသုံးတည့်သည်မဟုတ်။

"ကိုယ်ပြန်လာမှ ထမင်းစားတာပေါ့ ... ပြီးရင် ဆေးရုံမှာ အမေ့ကိုသွားကြည့်ကြမယ် ... "

သူ့ကိုနှုတ်ဆက်ကာ မင်းခြိမ့်ထွက်သွား၏။

သူလည်း အိပ်ရာထဲတွင် ကြာရှည်လှဲမနေနိုင်။ အိပ်ရာထဲမှ ထကာ ဆေးရုံကိုဖုန်းဆက်ကြည့်၏။ အမေ့အတွက် ငှားထားသော သူနာပြုဆရာမကလေးက အမေ့အခြေအနေက ဘာမှမထူးခြားပါဟုဆိုသည်။ သတိလစ်ကာ မေ့မြောနေဆဲ။ သူက ဒီအိမ်မှာတစ်စက်ကလေးမှ မနေချင်။ စက်ာပူကိုပြန်ချင်လှပြီ။ အမေက ကျန်းမာရေး မကောင်းသေးဘဲနှင့်လည်း ပြန်၍မဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



သူက မီးဖိုခန်းထဲဝင်ကာ ဒေါ်စိမ်းမြ ချက်ပြုတ်ရာမှာ စိတ်ပြေလက်ပျောက်ဖြစ်အောင် ကူညီနေလိုက်သည်။ ဒေါ်စိမ်းမြက စကားပြောရမှာ စိုးရွံ့သည့်အလား၊ အလုပ်တွေသာ ခေါင်းငုံ့လုပ်နေ၏။

ခဏနေတော့ ကိုမင်းခြိမ့်ပြန်လာသည်။ မီးဖိုထဲဝင်လာကာ

"ဆုရေ ... ကိုညီညီဆီက ကားဆွဲလာခဲ့ပြီ ... ကြိုက်သလောက်သုံးတဲ့ ... ဒါနဲ့ ဧည့်ခန်းထဲကို ခဏလိုက်ခဲ့ပါဦး ... ဧည့်သည်တစ်ယောက်ပါလာတယ် ... မင်းနဲ့ မိတ်ဆက်ပေးချင်လို့"

ဟုခေါ်သဖြင့် ဧည့်ခန်းထဲ ထွက်ခဲ့ရသည်။ ဧည့်ခန်းထဲတွင် ထိုင်နေသော ရုပ်ရည်သန့်ပြန့်သည့် အသားဖြူဖြူ အသက်လေးဆယ်ခန့်ရှိမည့်လူတစ်ယောက်ကိုတွေ့ရ၏။ ထိုသူ၏မျက်လုံးတွေက နူးညံ့သိမ်မွေ့ဟန်ရှိသော်လည်း မြွေတစ်ကောင်မျက်လုံးတွေလို စူးရှတောက်ပြောင်နေ၏။

"ဒါက ဦးသိုက်ထွန်းတဲ့ ... ကိုယ်တို့နဲ့ ရပ်ဆွေရပ်မျိုးတွေပေါ့၊ သူက ဒဂုံတက္ကသိုလ်က ကထိကတစ်ယောက်ပါ ..."

"ဟုတ်လား ... ဘာမေဂျာလဲ ..."

တကယ်စိတ်ပါဝင်စားစွာ ဆုက မေးလိုက်၏။





ဦးသိုက်ထွန်းက ...

"စိတ်ပညာဌာနကပါ ..."

အခြေအနေကို ဆု ချက်ချင်းရိပ်စားမိသွား၏။ သူ့ကိုပြကြည့်ရန် စိတ်ပညာရှင်တစ်ယောက်ကို မင်းခြိမ့်က မလိမ့်တပတ်ခေါ်လာခြင်းသာဖြစ်သည်။ ဆုက စိတ်ဆိုးမာန်ဆိုး ထိုင်ရာမှထလိုက်ကာ...

"ရှင်က ကျွန်မကို ရူးနေတယ်လို့ ထင်နေတယ်ပေါ့လေ ... ဟုတ်လား ..."

"မဟုတ်ပါဘူး ဆု ... ကိုယ်ရှင်းပြမယ် ..."

မင်းခြိမ့်ရှင်းပြနေတာ လက်မခံ။ ဆုက အခန်းထဲကပြေးထွက်ခဲ့သည်။

"ဆု ... ဆု ... နေပါဦး ..."

နောက်က မင်းခြိမ့်ကပြေးလိုက်လာသည်။

ဆုကလှည့်မကြည့်။ အိမ်ဝတွင်ရပ်ထားသော ကားကိုတွေ့သောအခါ ကားတံခါးဖွင့်တက်ကာ၊ အရှိန်ဖြင့်မောင်းထွက်လိုက်၏။ ခြံထဲက အပြင်မရောက်မီမှာပင် သူ့ကားတစ်စုံတစ်ခုကိုတက်ကြိတ်လိုက်မိတာ သတိထားလိုက်မိ၏။ နာကျင်စွာ အော်ဟစ်လိုက်သော ခွေးတစ်ကောင်အသံကိုကြားလိုက်ရ၏။ ဘော်ဘီပဲဖြစ်ရသည်။ သူက



www.burmeseclassic.com

www.burmeseclassic.com



ဘရိတ်အုပ်ကာ ကားပေါ်ကဆင်းလိုက်၏။ ပြေးလာသော မင်းခြိမ့်ကလည်း သူ့အနားရောက်လာသည်။

သူကြည့်လိုက်တော့ ...

ကားဘီးအောက်သွေးအိုင်ထဲတွင် အသက်ပျောက်နေသော ဘော်ဘီကိုတွေ့လိုက်ရတော့သည်။

✂------✂





နောက်တစ်နေ့မှာတော့ သူ့ဘာက်က လက်လျှော့လိုက်သည်။ မင်းခြိမ့်နှင့်အတူ ပါရမီတွင်ရှိသော ဦးသိုက်ထွန်း၏တစ်ထပ်တိုက်ကလေးသို့ လင်မယားနှစ်ယောက်ရောက်ရှိသွားကြ၏။

ညက သူ အိပ်မက်ဆိုးတွေမက်ကာ မကြာခဏ လန့်နိုးနေခဲ့သည်။ သူတို့အခန်းထဲတွင် မမြင်ရသောတစ်စုံတစ်ရာက ရောက်ရှိနေသလိုလို၊ မလုံမလဲဖြစ်၍နေ၏။

"ဦးသိုက်ထွန်းနဲ့တွေ့ပြီး စကားပြောကြည့်ရင် မမှားနိုင်ပါဘူးဆို ..."



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ ဆုက အကြောက်အကန် ပြောမနေတော့။ မင်းခြိမ့်စကားကိုပင် လက်သင့်ခံလိုက်သည်။

ဦးသိုက်ထွန်းက သူ၏သီးသန့်ခန်းတွင် ဆုနှင့်နှစ်ယောက်ချင်း တွေ့ဆုံသည်။ သူက ခေါက်ထားသော စက္ကူတစ်ခုကို ဖြန့်ပြ၏။

“ဒါ ဘာပုံလဲဟင် ... ”

ဆိုက်ကိုတက်စ်ခေါ် စိတ်နှင့်ပတ်သက်သော စမ်းသပ်မှုတစ်ခုဖြစ်ကြောင်း၊ ဆုက ကောင်းကောင်းသိ၏။ ပုံက မှင်အနက်များဖြင့် မပီမသရေးဆွဲထားသော်လည်း လိပ်ပြာတစ်ကောင်၏ ပုံမှန်းတော့ သိသာထင်ရှားပါသည်။ ဆုက တမင်ပင် အရွဲ့တိုက်ကာ ...

“လင်းနို့လူသားပုံပါ ... ”

ဟုဖြေလိုက်၏။ ပြီးမှ ...

“ကျွန်မက ဒီလိုဖြေလိုက်ရင် ရှင်တို့က စိတ်ထားမှုမမှန်ဘူးလို့ ယူဆမယ်မဟုတ်လား ... ”

ဟု ဆက်ပြောလိုက်သည်။ ဆုနှင့်ဆူးသည် ထူးခြားသော ခန္ဓာကိုယ်တည်ဆောက်မှုကြောင့် အများနည်းတူ ကျောင်းသွားမတက်ကြရသော်လည်း သူ့မိဘများက အိမ်တွင် ဆရာများခေါ်ကာ စာသင်ပေးခဲ့သဖြင့်၊ အင်္ဂလိပ်လိုရော မြန်မာလိုပါ ရေးတတ်ဖတ်





တတ်ကြသည်။ ပြီးတော့ သူတို့ဖတ်ဖို့ စာအုပ်အတော်များများကို ဝယ်ပေးခဲ့သဖြင့်၊ ဉာဏ်ရည်ရော ဗဟုသုတပါ နိမ့်ကျသူများ မဟုတ်ချေ။

ဦးသိုက်ထွန်းက ပြုံးကာ ...

“မင်းစိတ်တွေက မှုမှန်အတိုင်းပဲရှိပါတယ် မိန်းကလေး ... ဒါပေမဲ့ မင်းစိတ်ထဲမှာ အစွဲအလမ်းတစ်ခုတော့ ရှိနေတာအမှန်ပဲ၊ မင်းနဲ့ မင်းရဲ့အမြွှာညီအစ်မရဲ့ အရင်က အကြောင်းကလေးတွေကို ပြန်ပြောပြနိုင်မလား ... ”

ဆုက ခေတ္တမျှတွေဝေနေသည်။ ဦးသိုက်ထွန်းက ...

“ဒီလိုပြောလိုက်ရလို့ ... မင်းမှာ အကျိုးယုတ်စရာမရှိဘူးလို့ ထင်ပါတယ် ... အနည်းဆုံး ရင်ဖွင့်လိုက်ရတဲ့အတွက်တော့ စိတ်သက်သာရာ ရနိုင်သလောက်ရသွားလိမ့်မယ် ... ”

နောက်ဆုံးတော့ ဆုက ပြန်ပြောပြဖို့ ဆုံးဖြတ်လိုက်လေသည်။

✂······✂



www.burmeseclassic.com

www.burmeseclassic.com



လူဆိုတာ တစ်ဦးခြင်း မွေးဖွားတတ်သော သတ္တဝါသာဖြစ်သည်။ အမြွှာမွေးသည့်တိုင်အောင်ပင် တစ်ဦးစီသာခွဲကာ မွေးတတ်ကြ၏။ ယခုတော့ သူတို့က ကိုယ်ချင်းဆက်ကာ မွေးဖွားလာကြသည် ဖြစ်တောင့်ဖြစ်ခဲအခြေအနေဟု ဆေးပညာရှုထောင့်ကဆုံးဖြတ်ကြ၏။ ဗုဒ္ဓဘာသာဝင်အနေနဲ့မူ ဆိုးဝါးလှသော ဝဋ်ကြွေးကြမ္မာဟုပင် ဂိုးမယ်ဖွဲ့ရလေမလားမသိ။

သူ့အမေကတော့ သူတို့ကို မမွေးမီ အိပ်မက်တစ်ခုမက်ခဲ့သည်။ ဤအိမ်ကြီးနေရာဟောင်းတွင် နေထိုင်ခဲ့သည့် ချစ်သူတစ်ဦးက

www.burmeseclassic.com

www.burmeseclassic.com



သူ့ထံတွင် နေခွင့်လာတောင်းခဲ့ဖူးသည့်အကြောင်း။ အရင်ဘဝက သူတို့သည် ချစ်သူရည်းစားတွေဆိုတာ မှန်ကောင်းမှန်နိုင်၏။ အဘယ်ကြောင့်ဆိုသော် သူတို့နှစ်ယောက်သည် ယခုဘဝတွင်လည်း တစ်ဦးကိုတစ်ဦး အင်မတန်ချစ်ကြသောကြောင့်ပင် ဖြစ်သည်။ သာမန်မောင်နှမများထက် အမြွှာမောင်နှမများက အချစ်ပိုသည်ဟု ဆိုကြသည်။ ဤသို့ဆိုလျှင် ကိုယ်ချင်းဆက်အမြွှာများက ရိုးရိုးအမြွှာများထက် အချစ်ပိုကောင်း ပိုနိုင်ပေသည်။

အမေက သူတို့နှစ်ယောက်ကို ဆုနှင့်ဆူးဟု ခပ်ဆင်ဆင် အမည်ပေးခဲ့၏။ သူတို့နှစ်ယောက်၏ ရုပ်ကလည်း ခွဲမရအောင် တူလှသည်။ သို့သော် ဆယ်နှစ်ခန့်ရှိသောအခါ ဆုသည် မျက်စိမကောင်းသဖြင့် မျက်မှန်တပ်ခဲ့ရသည်။ ဒီတော့မှ ဆုနှင့်ဆူးကို မြင်သူတွေက အလွယ်တကူခွဲခြားသိရှိနိုင်တော့သည်။ မျက်မှန်ပါတာက ဆု မျက်မှန်မပါတာကဆူး။

တကယ်တော့ သူတို့သည် နှစ်ယောက်တစ်ဘဝအဖြစ် နေထိုင်ခဲ့ကြရခြင်းသာဖြစ်သည်။ အိပ်လည်းအတူတူ၊ စားလည်းအတူတူ။ ဝတ်တော့လည်းတွဲချုပ်ထားသော ဂါဝန်ကလေးတွေကို ဆင်တူဝတ်ဆင်ကြရသည်။ ကလေးဘဝကတော့ သူများနှင့်မတူ





ထူးခြားသောအဖြစ်ကို ကြီးကြီးကျယ်ကျယ် စိတ်အနှောင့်အယှက်ဖြစ်စရာဟု မယူဆခဲ့ကြ။

မိဘများကလည်း ဒုက္ခိတကလေးတွေအဖြစ် အချစ်ထက် သနားခြင်းပါပိုကာ အလိုလိုက်ခဲ့သည်။ ဒီတော့ ခပ်ပျော်ပျော်ပင် နေခဲ့ကြ၏။

ဒါန်း အတူတူစီးကြသည်။

စန္ဒရားအတူတူတီးကြသည်။

စာအုပ်ကိုအတူတူဖတ်ကြသည်။

မွေးနေ့ကိုအတူတူကျင်းပကြသည်။

နှစ်ယောက်သား တစ်သက်လုံး ဘယ်တော့မှ မခွဲဘဲနေကြမည်ဟု သဘောတူဆုံးဖြတ်ကာ ကတိတွေထားခဲ့ကြသည်။

သူတို့နှစ်ယောက်က ရုပ်ချင်းသာခွဲမရအောင်တူသော်လည်း စိတ်သဘောထားချင်းကမတူလှ။ ဥပမာ ဆုက အချိုကြိုက်သည်။ ဆူးက အချဉ်ကြိုက်သည်။ စာဖတ်တော့လည်း ဆုက အချစ်ဝတ္ထုတွေဖတ်သည်။ ဆူးကတော့ လျှို့ဝှက်သည်းဖို စုံထောက်ဝတ္ထုတွေ အဖတ်များသည်။ ပြီးတော့ ဆုက စိတ်ထားနူးညံ့၏။ ဆူးကတော့ ဆုထက်ပို၍ ခက်ထန်မာကျော၏။



www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ်က ဆုနှင့်ဆူးတို့ အိမ်ရှေ့က ပန်းခြံထဲဆင်းဆော့ကစားနေခိုက် လမ်းပေါ်မှကလေးတချို့ကလာကြည့်ကာ သူတို့ကိုလှောင်ပြောင်သည်။ ဆုက ငိုသည်။ ဆူးကတော့ ခဲနှင့်ပေါက်လိုက်ရာ၊ ကလေးတစ်ယောက် ခေါင်းပေါက်ကာသွား၏။ နှင်းဆီပန်းလေးအတွက် ဆူးတွေဟာ သူ့အကာအကွယ်ဟုဆိုပါလျှင် ဆူးကတော့ဆုအတွက် အကာအကွယ်ဟု ဆိုပေလိမ့်မည်။

သူတို့ညီအစ်မမှာ တစ်ဦးနှင့်တစ်ဦးလည်း အပြန်အလှန်အကူအညီပေးတတ်ကြသည်။ ဥပမာ ဆုက မျက်စိမှုန်ကာ မျက်မှန်တပ်ရသဖြင့်၊ စာကို ကြာရှည်မဖတ်နိုင်။ ထိုအခါမျိုးတွင် ဆူးကဆုအတွက် စာဖတ်ပြ၏။ တစ်ခါက ဆူး နေမကောင်းဖြစ်၏။ အမေက ဆေးတိုက်ဖို့လာတော့ ဆူးက အိပ်ပျော်နေသည်။ အမေက ဆူးကိုနှိုးကာ ဆေးတိုက်မည်ပြုတော့ ဆုက ...

"ဆူးအိပ်နေတာမနှိုးပါနဲ့မေမေ ... သူ့ကိုယ်စား ဆုပဲသောက်ပါ့မယ် ... "

ဟုဆိုကာ ဆူးကိုတိုက်မည့်ဆေးကိုသောက်ခဲ့သည်။ သူတို့ခန္ဓာကိုယ်တွေက ဆက်စပ်နေကာ အတူတူသွေးလှည့်ပတ်နေတော့ဘယ်သူသောက်သောက်ဖြစ်သည်။ သို့သော် ဆေးက တော်တော်ခါး၏။ ဆေးသောက်ပြီးတော့မှ ဆူးကထလာကာ ...





"နင်တော်တော်အ,တယ် ... ဆေးကခါးလို့ ငါက တမင်အိပ်ချင်ယောင်ဆောင်နေတာ ... "

ဟုရယ်မောကာပြော၏။ ဆုက စိတ်မဆိုး။

"တစ်ယောက်နဲ့တစ်ယောက် ဒီလောက်ချစ်ရဲ့သားနဲ့ ဘာကြောင့် ခွဲဖို့ ဆုံးဖြတ်ခဲ့ရတာလဲ ... "

ဦးသိုက်ထွန်းက မေးလိုက်သည်။ ရုတ်တရက် ထိုမေးခွန်းကိုဆုပြန်မဖြေနိုင်။ ရင်ထဲတွင်ဆို့နင့်၍နေသည်။ ဦးသိုက်ထွန်းက ...

"ကိုယ်ချင်းဆက်အမြွှာတွေဟာ စိတ်ချင်းလည်းဆက်စပ်နေတတ်တဲ့သဘောရှိပါတယ် ... "

"အခု သူမရှိတော့ဘူးဆရာ ... ဒါပေမဲ့ ကျွန်မ ဘာကြောင့်သူ့ကိုတွေ့နေရတာလဲ ... မှန်ကြည့်လိုက်ရင်လည်း ကျွန်မ မှန်ထဲမှာမြင်ရတာက ဆူးဖြစ်နေတယ် ... "

ဦးသိုက်ထွန်းက သူ့အံဆွဲထဲက မှန်တစ်ချပ်ကိုယူကာ ဆုကိုထောင်ပြရင်းမေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဒီမှန်ကိုကြည့်စမ်း ... မှန်ထဲမှာမြင်နေရတာဘယ်သူလဲ ..."

"ကျွန်မ မြင်နေရတာဆူးပဲဆရာ ..."

✂······✂





* ထိုစဉ် ပန်းခြံထဲကို လေကြမ်းတစ်ချက်က ဝှေ့ရမ်းတိုက်ခတ်လာ၏။ ဘီးတပ်ကုလားထိုင်တွင် ထိုင်ကာ ပုံဆွဲနေသော လူငယ်၏ ပေါင်ပေါ်မှ စာရွက်များမှာ လေတိုက်ခတ်မှုကြောင့် လွင့်ပါထွက်သွားကာ။

## (၄) ကြေကွဲစရာ ချစ်ပုံပြင်



www.burmeseclassic.com

www.burmeseclassic.com









## (၄) ကြေကွဲစရာချစ်ပုံပြင်

ကောင်းကင်က တိမ်ထူထပ်ကာ မှိုင်းပျပျရှိနေ၏။ ပင်လယ်ပြင်လည်း ကြည်ကြည်လင်လင် မဟုတ်။ ကျယ်ပြောလှသည့် ကမ်းခြေသောင်ပြင်ကို လှိုင်းခေါင်းဖြူတို့က စည်းချက်ကျကျ ပုတ်ခတ်နေ၏။ ဆုက တစ်ကိုယ်တည်း သောင်ပြင်ပေါ်တွင် လမ်းလျှောက်နေသည်။ နေရောင်မထွက်သေးသောကြောင့်လားမသိ။ ကမ်းခြေတွင် သူကလွဲ၍ တစ်စုံတစ်ယောက်မှမရှိ။ လူသူကင်းရှင်း တိတ်ဆိတ်နေ၏။ တိတ်ဆိတ်ပုံက ခြောက်ကပ်ကပ်နိုင်လှရာ၊ လှိုင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



တည်စတွင် တစ်ကိုယ်တည်း လူလာဖြစ်ရသကဲ့သို့ အထီးကျန်မှုကို ဆု ခံစားနေရလေသည်။

ငယ်ငယ်တုန်းက သူ ဒီပင်လယ်ကမ်းခြေကို ရောက်ခဲ့ဖူး၏။ အိမ်ထဲမှာသာ အမြဲတမ်းနေထိုင်နေသည့် သူတို့ညီအစ်မကို သူ့အမေက တစ်ကြိမ်အလည်လိုက်ပို့ခဲ့ခြင်းဖြစ်သည်။ ပင်လယ်ကမ်းခြေကို လူတွေ အလည်အပတ်မရောက်လာသော မိုးရာသီရက်များမှာဖြစ်၏။ ဒါဆို သူတို့ကို ဂရုတစိုက်ကြည့်မည့် သူတွေလည်းမရှိ။ ထိုနေ့ရက်များမှာ ဒီနေ့မနက်လိုပင် အုံ့ဆိုင်းမှိုင်းပျနေသည်။ သို့သော် သူတို့ညီအစ်မ မပျော်စဖူး ပျော်ခဲ့ကြသည်။ ကမ်းခြေရေစပ်တွင် ပြေးလွှားဆော့ကစား၍ မဝနိုင်အောင်ရှိခဲ့ကြသည်။

အခုတော့ သူတစ်ယောက်တည်းက ...

လမ်းလျှောက်လာရင်း ဆုသည် ထူးခြားသော ခံစားမှုတစ်ခုကို ခံစားလာရသည်။ သူနှင့်အတူ ယှဉ်တွဲကာ ဆူးသည် အတူပါလာနေသည်ဆိုသော ခံစားမှုမျိုးဖြစ်၏။ ထိုမလုံမလဲစိတ်က ပို၍ ကြီးထွားလာ၏။ သူ ဤသောင်ပြင်ပေါ်တွင် လျှောက်လာခဲ့သမျှ သူ့ဘေးမှကပ်ကာ သူ့ကိုယ်ခွဲကပါလာသည်။ ဆုက သောင်ပြင် သူလျှောက်လာခဲ့ရာ နောက်ကြောင်းကို ပြန်စောင်းငဲ့ကြည့်လိုက်၏။





သူ့ထိတ်လန့်၍ သွားသည်။ သူလျှောက်ခဲ့ရာ လမ်းတစ်လျှောက်၌ သောင်ပြင်စိုစိုတွင် သူ့ခြေရာတွေက ထင်ထင်ရှားရှားထင်၍နေသည်။ သို့သော် ... ခြေရာက နှစ်ခုမဟုတ်။ နှစ်ခုဖြစ်ရမည့်အစား လေးခုဖြစ်၍နေလေသည်။ ထိုနေရာက ဆု ကြောက်လန့်တကြား ပြေးလာခဲ့သည်။ ပြေးလာရင်း နှုတ်ဖျားမှ ...

"ကိုခြိမ့် ... ကိုခြိမ့် ... "

တကြော်ကြော်အော်၍လည်း လာသည်။ သူအိမ်ထဲပြေးဝင်လာသည်။ ဧည့်ခန်းထဲတွင် ယောက်ျားကို မတွေ့ရ။ မီးဖိုချောင်ထဲဝင်လာခဲ့သည်။ မီးဖိုချောင်ထဲက ထမင်းစားပွဲတွင် သူ့ယောက်ျားမင်းခြိမ့်သည် မိန်းမတစ်ယောက်နှင့်အတူထိုင်ကာ စားသောက်နေသည်။ သူ့ယောက်ျားစားသောက်နေပုံက ကြည်ကြည်နူးနူး ရယ်ရယ်မောမော။ သူတစ်ယောက်လုံးရှိနေပါလျက် ဘယ်မိန်းမက ဤနေရာရောက်ရှိနေသနည်း။ ဆုက ဒေါသထွက်ကာ ...

"ကိုခြိမ့် ... "

ဟု ခေါ်လိုက်သည်။ ဒီတော့မှ ကျောပေးထားသော မိန်းမသူ့ဘက်ကို လှည့်ကြည့်လိုက်သည်။ သူမြင်လိုက်ရတာက ဆူးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေလေသည်။

"ဆု ... ဘာဖြစ်တာလဲ ... အိပ်မက်ဆိုးတွေ မက်နေပြန်ပြီလား ... "

သူ့ကို မင်းခြိမ့်က လှုပ်နှိုးရင်း ပြောလိုက်တော့မှ ဆု လန့်နိုးလာသည်။ တကယ်ပင် သူသည် နှလုံးတုန်စရာကောင်းသည့် အိပ်မက်တစ်ခုကို မြင်မက်နေခြင်းဖြစ်သည်။

"ဘာလဲ.ဆူးနဲ့ တွေ့နေပြန်ပြီလား ... "

မေးတော့ သူခေါင်းညိတ်ပြလိုက်မိ၏။ မင်းခြိမ့်က အိပ်ရာထဲမှ ထကာ မီးဖွင့်သည်။ ဆုကို ရေတစ်ခွက်ခပ်တိုက်သည်။

ဆုက ...

"ကိုခြိမ့် ဆုတို့ စကြာပူကို ပြန်ကြရအောင်နော်"

"မင်းအမေကို ဒီလိုအခြေအနေနဲ့ ထားခဲ့လို့ ဘယ်ဖြစ်မလဲ ဆု ... "

"အမေ့ကိုပါ စကြာပူကိုခေါ်သွားပြီး ကုကြတာပေါ့ ... "

မင်းခြိမ့်က ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီလေ ... စကြာပူက ဆေးရုံတွေ ဖုန်းဆက်ပြီး ငါ





စီစဉ်လိုက်မယ် ... အဲဒီကိစ္စက ဒီလောက်မခက်ဘူး ... မင်း အမေရဲ့ အခြေအနေက စကြာပူကိုခေါ်သွားနိုင်လောက်အောင် တိုးတက်မှုရှိမှ ဖြစ်မယ် ... ဒီက ဆရာဝန်ကြီးတွေနဲ့ သဘောတူညီမှုရဖို့က ပိုအရေးကြီးတယ် ... "

မင်းခြိမ့်စကားမှာ အမှန်ပင်ဖြစ်သည်။ ယခုကာလ အခြေအနေဖြင့် ခေါ်သွားဖို့ကို ခွင့်မပြု။ လေယာဉ်ပေါ်တွင်ပင် အသက်ဆုံးသွားနိုင်သည်ဟု ဆိုသည်။

"အခြေအနေတိုးတက်လာအောင် ခဏစောင့်ကြည့်ပါ"

ဆရာဝန်ကြီးတွေစကားကို ဖယ်ရှား၍မရ။

စိတ်ပျက်လက်ပျက်ဖြင့် ဆုက ဆရာဦးသိုက်ထွန်းဆီ ရောက်သွားပြန်သည်။ သူ့ စိတ်ဒုက္ခတွေကို ဖြေသိမ့်ပေးနိုင်လို ပေးနိုင်ငြားပေါ့ ... ။

"မင်းကို ငါမေးထားတဲ့ မေးခွန်းတစ်ခုကို မင်းမဖြေသေးဘူး"

"ဘာများလဲ ... ဆရာ ... "

"မင်းတို့ နှစ်ယောက် ဘာကြောင့် ခန္ဓာကိုယ်ကို ခွဲစိတ်ခဲ့ရသလဲဆိုတဲ့ မေးခွန်းလေ ... "



www.burmeseclassic.com

www.burmeseclassic.com



ဆုက အတော်ကြာအောင် ငြိမ်သက်သွားၡ၏။ ပြီးမှ ...

"ဘယ်တော့မှ မခွဲဘူးဆိုတဲ့ ကတိကို စ,ဖျက်တဲ့သူက ကျွန်မပါဆရာ ... ဒီလိုကတိဖျက်ဖို့အကြောင်းဖန်လာရတာက ... "





ရေစိမ်ချိုးတတ်သော ဆူးကြောင့် နှစ်ယောက်လုံး အအေးမိကာ၊ အဆုတ်ပွဖျားနာနေသဖြင့် သူတို့ညီအစ်မ ဆေးရုံတက်ခဲ့ရခြင်းမှာ ကံကြမ္မာအလှည့်အပြောင်းတစ်ခု ဖြစ်ခဲ့ရလေသည်။

ထိုဆေးရုံတွင် မင်းခြိမ့်လည်း ရောက်ရှိနေ၏။ မင်းခြိမ့်သည် မန္တလေးမှ ပိုးထည်တိုက်ပိုင်ရှင် သူဌေးများ၏ သားဖြစ်ကာ၊ အင်ဂျင်နီယာဘွဲ့ရ လူငယ်တစ်ဦးဖြစ်သည်။ ရန်ကုန်ကိစ္စတစ်ခုဖြင့် အလည်ရောက်လာခိုက် ကားတိုက်မှုဖြစ်ကာ၊ ခြေထောက်တစ်ဖက် ကျိုးသွားသဖြင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေရသည်။ သူသည်



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံဝန်းအတွင်း ဘီးတပ်ကုလားထိုင်နှင့် တစ်ကိုယ်တည်းသွား လာနေတတ်သည်။ အထူးသဖြင့် ဆေးရုံဝန်းထဲရှိ ပန်းခြံတွင် တစ်ကိုယ်တည်း ပုံဆွဲစာအုပ်ဖြင့် ခဲပန်းချီများ ရေးနေတတ်၏။ သူသည် အပျော်တမ်း ပန်းချီဝါသနာရှင်တစ်ဦးဖြစ်၏။

တစ်ရက်တွင် ပန်းခြံထဲရှိ ပိတောက်ပင်ရိပ် မြက်ခင်းပြင်ပေါ်၌ ဘီးတပ်ကုလားထိုင်တွင် ထိုင်ရင်း ငေးမောနေခဲ့သည်။ သူတက် ရောက်နေသော ဆေးရုံမှာ အခကြေးငွေပေးရသည့် အဆင့်မြင့် ပုဂ္ဂလိကပိုင်ဆေးရုံတစ်ရုံဖြစ်လေရာ၊ ဆေးရုံရှေ့မှ ပန်းခြံကိုလည်း ကျယ်ကျယ်ဝန်းဝန်း သာသာယာယာဖြင့် လူနာများ အပန်းဖြေနိုင် ရန် စီမံထားလေသည်။ ဆေးဖြူသုတ်ထားသော ခုံတန်းလေးများ၊ ပွင့်ဝေနေသော ရောင်စုံပန်းများဖြင့် လှပနေ၏။

သူသည် အမှတ်မထင် လျှောက်ငေးရင်း သူနှင့်နီးစပ်သော ပထမထပ်မှ ပြတင်းပေါက်ဆီ မျက်စိရောက်သွားသည်။ ပြတင်းမှာ မှန်တံခါးများပိတ်ထားကာ၊ ကန့်လန့်ကာအစိမ်းက တစ်ဝက်ဖုံးအုပ် နေ၏။ ထိုကန့်လန့်ကာ အစိမ်းကိုကိုင်ကာ အသက်(၂၀)ခန့်အရွယ် မိန်းကလေးတစ်ဦးက သနားစဖွယ် အပြင်ကိုငေးမောကြည့်နေ၏။





တ်တွင်ဝဲနေသော ဆံပင်နက်မှောင်မှောင်ကြောင့် ဆွတ်ဆွတ်ဖြူ သော အသားအရေမှာ ပို၍ ပေါ်လွင်နေသလိုဖြစ်နေ၏။ ဖြောင့်စင်း သော နှာတံ့လှလှပေါ်တွင် မျက်မှန်ကိုင်းလေးတွေက လိပ်ပြာလေး တစ်ကောင် တောင်ပံဖြန့်ကာ နားနေသလိုရှိ၏။ ညှိုးငယ်သော မျက်နှာလေးက မြင်ရသူရင်ကို ကရုဏာသက်စိတ်တွေ ယိုဖိတ်လာ အောင် စွမ်းဆောင်နေ၏။

မင်းခြိမ့်က တစိမ့်စိမ့်စိုက်ကြည့်နေသည့်ကို ကာယကံရှင် ကလည်းရိပ်စားမိသွားဟန်တူသည်။ ပြတင်းပေါက်ကကောင်မလေး ၏ အကြည့်များက အဝေးကိုငေးကြည့်နေရာမှ မင်းခြိမ့်ထံ ရွေ့ ပြောင်းလာ၏။ သူတို့နှစ်ယောက် အကြည့်ချင်းဆုံမိကြသည်။ ထို အခိုက်မှာပင် သူတို့ရင်ထဲမှ နှလုံးသားတံခါးများ တစ်ပြိုင်နက်တည်း ပွင့်သွားဟန်တူ၏။ အချစ်ဆိုတာ ဒီကစခဲ့လေသလား။

ထိုအခိုက်မှာပင် ကောင်မလေးဘေးမှ ကန့်လန့်ကာ တစ် ခြမ်းကို တစ်စုံတစ်ယောက်က ဆွဲယူဖယ်ရှားလိုက်သလို ပွင့်၍သွား ၏။ ပထမကောင်မလေးဘေးတွင် ရပ်နေသည့်သူမှာ မျက်မှန်ပါသည် နှင့် မပါတာဘဲ ကွဲလွဲကာ တူညီလှသည်။ ပြီးတော့ သူတို့နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



နေတာကလည်း နီးကပ်ထိစပ်လွန်းလှသည်ဟု ထင်မိ၏။ သေသေချာချာကြည့်လိုက်တော့ သူတို့ အကျီတွေက တွဲစပ်နေတာ သတိထားမိသည်။ ဒီတော့မှ အဖြစ်မှန်ကို မင်းခြိမ့်သဘောပေါက်၍ သွားသည်။ ဒီဆေးရုံတွင် ကိုယ်ခြင်းဆက် အမြွာညီအစ်မနှစ်ယောက်လည်း တက်ရောက်နေကြောင်း သတင်းတွေကို သူကြားခဲ့ရပြီးဖြစ်သည်။ ယခု သူကြုံရတာက ဒီမိန်းကလေးနှစ်ယောက်ဖြစ်နေ၏။

ဘေးမှ ရပ်နေသော ဆူးက ကန့်လန့်ကာကို ဆွဲပိတ်လိုက်သဖြင့်၊ ဘီးတပ်ကုလားထိုင်နှင့် ပန်းခြံထဲက လူငယ်မှာ သူ့မြင်ကွင်းမှာ ပျောက်ကွယ်၍ သွားတော့သည်။ ဆုက သက်ပြင်းချလိုက်၏။ ယောကျ်ားတွေနှင့် ပတ်သက်၍ ရင်မခုန်စဖူး၊ သူ့ဘဝတွင် ပထမဆုံး ရန်ခုန်မိခြင်းဖြစ်သည်။ ဆူးက ...

"နင် စိတ်ကူးယဉ်မနေနဲ့ ဆု ... တို့ဘဝက တစ်ယောက်ယောက်နဲ့လက်ထပ်လို့ ဖြစ်နိုင်တဲ့ဘဝမဟုတ်ဘူး ... ပြီးတော့ နင်နဲ့ ငါ ကတိထားခဲ့တာလည်း မမေ့နဲ့ဦး ... တို့နှစ်ယောက် ဘယ်တော့မှ မခွဲဘူးဆိုတာလေ ..."

"မမေ့ပါဘူး ဆူးရယ် ... နင်က ဘာတွေပူပန်နေတာလဲ ...





ငါက ဘာဖြစ်နေလို့လဲ ..."

"အေးလေ ... ဘာမှမဖြစ်ရင် ပြီးတာပဲ"

ဆူးက ပြီးတာပဲဟု ပြောသော်လည်း တကယ်တမ်းမပြီးနိုင်သူက ဆုဖြစ်သည်။ သူ့ရင်ထဲတွင် ပန်းခြံထဲမှ လှမ်းမြင်လိုက်ရသည့် လူငယ့်ရုပ်ပုံလွှာက သံမှိုဖြင့် စွဲထားသလို ခိုင်မြဲစွာတွယ်ရှိနေသည်။ သန့်ပြန့်ရည်မွန်ကာ ချောမောသော လူတစ်ယောက်က ဘာကြောင့် ဘီးတပ်ကုလားထိုင်ပေါ် ရောက်နေရသနည်း။ ဒုက္ခိတတစ်ယောက်ပေလား။ ဤကဲ့သို့ နာမည်ကြီးဆေးရုံတွင် တက်သူဖြစ်ရာ ဆင်းရဲနွမ်းပါးသူတော့ မဖြစ်တန်ရာ။ ပြီးတော့ သူ့ပုံစံက ပညာတတ်တစ်ယောက်ပုံစံ။ သူ့စိတ်ကူးထဲက မောင်းထုတ်ဖို့ကြိုးစားရသည်။ သူ့လိုဘဝကို၊ ထိုလူငယ်ကရော စိတ်ဝင်စားပါ့မလား။ သူတို့ဇာတ်လမ်းက ရှေ့ဆက်ရန်မရှိသောဇာတ်လမ်းဟုသာ ထင်ခဲ့သည်။ သို့သော် ...

နောက်တစ်နေ့ သူတို့နှစ်ယောက် နေစာလှုံရန် ပန်းခြံထဲတွင် ထိုင်နေစဉ်၊ ပန်းခြံထဲကို ဘီးတပ်ကုလားထိုင်နှင့် လူငယ်က ဝင်ရောက်လာ၏။ သူက ဆုတို့အနီးသို့ရောက်လာအောင်မလာ။ သူ့ကုလားထိုင်ရပ်နားနေကျ ပိတောက်ပင်ရင်းတွင် ထိုင်ရင်း ပုံဆွဲစာ



www.burmeseclassic.com

www.burmeseclassic.com



အုပ်ကို ပေါင်ပေါ်တင်ပြီး တစ်စုံတစ်ခုကို ရေးခြစ်နေ၏။ ဘာပုံဆွဲနေသလဲ။ ဆုက စိတ်ဝင်စားမိ၏။ ဆူးကတော့ သူတို့နှစ်ယောက် မွေးထားသော ဟမ်းစတားကြွက်ဖြူကလေးကို လက်ပေါ်တင်ကာ စိတ်ပါလက်ပါ ဆော့ကစားနေ၏။

ထိုစဉ် ပန်းခြံထဲသို့ လေကြမ်းကြမ်းကြီးတစ်ချက်က ဝှေ့ရမ်းတိုက်ခတ်လာ၏။ ဘီးတပ်ကုလားထိုင်နှင့် ပုံထိုင်ဆွဲနေသော လူငယ် ပေါင်ပေါ်မှ စာရွက်မှာ လေဝှေ့ရမ်းတိုက်ခတ်မှုကြောင့် လွင့်ပါထွက်သွားကာ ... ။

ခပ်လှမ်းလှမ်းတွင် ထိုင်နေသော ဆုနှင့် ဆူးတို့ဆီရောက်လာ၏။ ဘီးတပ်ကုလားထိုင်ပေါ်မှ လူငယ်မှာ ပုံဆွဲစာရွက်လွင့်ပါသွားသော်လည်း၊ ထိုင်ရာမှ ထ,ကာ လိုက်လံဖမ်းယူနိုင်ခြင်းမရှိသဖြင့် အခက်တွေ့နေသည်။ သူဆွဲနေသည့် ပုံက ခပ်လှမ်းလှမ်းတွင်ထိုင်နေသည့် ကိုယ်ချင်းဆက် အမြွှာညီအစ်မပုံဖြစ်၏။ မိန်းကလေးတွေထံမှ ခွင့်ပြုချက်မယူဘဲ ကူးဆွဲနေမိသည့်အတွက် သူ့တွင် အပြစ်ရှိနေသည်ဟု ခံစားနေရသည်။ တကယ်တော့ ခွင့်တောင်းလျှင် ခွင့်မပြုမည်စိုးသဖြင့် သူတို့မသိအောင် ခိုးကူးဆွဲနေခြင်းဖြစ်သည်။ အခုတော့ ...





လေတိုက်ရာလွင့်ပါလာသော ပုံဆွဲစာရွက်က သူတို့ဆီ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာသဖြင့် လေထဲမှ စာရွက်ကို ဆုက ဖမ်းဆွဲ ဘားလိုက်သည်။ တကယ်တော့ စက္ကူလွင့်ပါရာ အမီမလိုက်နိုင်သော ဘီးကပ်ကုလားထိုင်ပေါ်မှ လူငယ်ကို အကူအညီပေးလိုသဖြင့် ဖြစ်သည်။ သို့သော် လက်ထဲရောက်လာသည့် ပုံဆွဲစက္ကူပေါ်မှ ပုံကို အမှတ်မထင် ကြည့်လိုက်မိသောအခါ အံ့အားသင့်၍သွားသည်။ သူတို့ညီအစ်မ၏ ပုံဖြစ်နေသောကြောင့်ပင်။ လက်ရာမှာ အတော် င် ပြောင်မြောက်သည်ကို တွေ့ရလေသည်။

"ဟယ် ... ဒါ တို့ပုံကိုဆွဲထားတာပဲ ..."

ဆူးက ကြည့်ကာ မှတ်ချက်ချနေစဉ် လူရွယ်က ဘီးတပ် ုလားထိုင်၏ ဘီးများကို ကိုယ်တိုင်လက်နှင့်တွန်းကာ သူတို့အနား ောက်လာ၏။

"ခင်ဗျားတို့ ခွင့်မပြုဘဲ ကူးမိတာ တောင်းပန်ပါတယ် ..."

ဟု ရည်မွန်စွာ ပြောလာသည်။ ဆုက ပုံဆွဲစက္ကူကို ပြန်ပေး င်း ...

"ရပါတယ် ... ကိစ္စမရှိပါဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



ဟု ဆိုလိုက်သည်။ လူရွယ်က ပုံဆွဲစက္ကူကို လှမ်းယူလိုက်ကာ ...

"ကျွန်တော့်နာမည် မင်းခြိမ့်ပါ ..."

ဟု ကိုယ့်ကိုယ်ကို မိတ်ဆက်ပေး၏။ ဆုက ...

"ကျွန်မနာမည်က ဆုပါ ... သူ့နာမည်က ဆူး ... တွေ့ရတာ ဝမ်းသာပါတယ်ရှင် ..."

"ခင်ဗျားတို့သတင်းကို ကျွန်တော်ကြားပါတယ် ... ခင်ဗျားတို့ ကထူးခြားတဲ့ သူတွေပဲ ..."

"လူတွေက ဒီလိုပဲပြောကြတယ် ... အမှန်တော့ ... ကျွန်မတို့ လည်း တခြားသာမန်လူတွေလိုပဲ ... ရှင်တို့လိုနေရတဲ့ ဘဝကို ပိုပြီး တောင့်တမိတယ် ..."

သူတို့နှစ်ယောက် အတူတူယှဉ်လျက်ရှိနေပါလျက်၊ ဆုက ဦးစားပေးကာ၊ ဦးတည်စကားပြောနေသော မင်းခြိမ့်ကို ဆူး မကျေနပ်သလို မျက်စောင်းထိုးကြည့်ကာ၊ ဘေးမှ ဆုကိုပြောလိုက် သည်။

"ဆု ... ငါအထဲဝင်ချင်ပြီ ... အပြင်မှာအေးတယ်"





တကယ်တော့ အပြင်မှာ အေးမနေ။ ဆူး၏ အကြောင်းကို ဆုက ကောင်းကောင်းသိ၏။ သူနှင့် မင်းခြိမ့်စကားပြောနေတာကို မကြည်ဖြူသောကြောင့်၊ ကဖျက်ယဖျက်လုပ်ခြင်းဖြစ်၏။ သို့သော် ဆုက ဆူးရဲ့အလိုကို အမြဲလိုက်လျှောနေကျသူပီပီ ထိုင်ရာက လိုက် ထလိုက်သည်။ သူတို့က တစ်ကိုယ်နှစ်စိတ်ဖြစ်နေသူတွေ။ တစ် ယောက်ဆန္ဒကို တစ်ယောက်က လိုက်လျှောမှသာ၊ အဆင်ပြေစွာ နေထိုင်ပေမည်။ သူတို့နှစ်ယောက် ထွက်ခွာသွားတာကို မင်းခြိမ့်က ဘီးတပ်ကုလားထိုင်ပေါ်မှ ထိုင်ငေးကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

✂-----✂



www.burmeseclassic.com

www.burmeseclassic.com



နောက်ရက်တွေမှာတော့ မင်းခြိမ့်အဖို့ ပို၍ အဆင်ပြေသွား၏။ သူ့အနေဖြင့် အရင်ကလို နိုးကြောင်နိုးဝှက်ပုံဆွဲနေစရာမလိုတော့။ သူတို့အနီးသို့ သွားကာ ဆွဲရုံပင်။ ကြည်ကြည်ဖြူဖြူပင် သူတို့က ခွင့်ပြု၏။ သူတို့က ဆိုတာထက် ဆုကဆိုတာ ပိုမှန်လိမ့်မည်။ သူ့ဘေးက ဆူးကတော့ မကျေနပ်သလို အမြဲပင် နှုတ်ခမ်းတဆူဆူရှိနေတတ်၏။ သို့သော် မင်းခြိမ့်က သူ့ကို ဂရုမစိုက်။ သူစိတ်ဝင်စားတာကလည်း ဆုတစ်ယောက်တည်းသာဖြစ်သည်။

အလှချင်းတူ၊ ရုပ်ချင်းတူသည်ထင်ရသော်လည်း ဆုက… နူးညံ့ပျော့ပျောင်းသည်။ ဆူးကတော့ ဆူးဆိုသော နာမည်နှင့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



အောင် ခက်ထန်ဟန်ရှိ၏။ တစ်ရက်တွင် မင်းခြိမ့်က ပန်းခြံထဲမှ နှင်းဆီပန်းဖြူဖြူကလေးတစ်ပွင့်ခူးကာ ဆုကို လက်ဆောင်ပေးခဲ့သည်။ ဆုက သိပ်ပျော်သွားသည်။ တစ်နေ့လုံးပင် ဤပန်းကလေးကို လက်ကမချတဲ့ ကိုင်ထား၏။ ညအိပ်ရာဝင်တော့လည်း ဤပန်းကလေးကို ကိုင်ရင်း ရင်ဘတ်ပေါ်တင်ထားကာ အိပ်၏။ အဲဒါကို ကြည့်မရဖြစ်နေတာက ဆူးဖြစ်သည်။ ဆူးက ဆုအိပ်နေစဉ် ... ဆုရင်ဘတ်ပေါ်တင်ထားသော ပန်းကလေးကိုယူကာ လွှင့်ပစ်လိုက်လေသည်။

တစ်ရက်တွင် မင်းခြိမ့် ပုံရေးရင်း ခဲတံကိုသွားသဖြင့် မင်းခြိမ့်၏ ခဲတံကိုယူကာ ဆုက ဓားဖြင့်ချွန်ပေး၏။ ထိုသို့ ချွန်ပေးရင်း ဆု ဓားရှသွားသည်။ ဘယ်ဘက်လက်ညှိုးဖျားတွင် ဖြစ်သည်။ ဆု ဓားရှတာမြင်တော့ မင်းခြိမ့်သည် ပျာပျာသလဲ ဖြစ်၍သွားသည်။ တယုတယပင် ဆုလက်က ဒဏ်ရာကို သွေးတိတ်အောင်လုပ်ကာ သူ့လက်ကိုင်ပဝါဖြူဖြူကလေးဖြင့် ပတ်တီးစည်းသလို စည်းနှောင်ပေး၏။

ဆုနှင့် မင်းခြိမ့်တို့နှစ်ယောက် သူ့ကို ဘေးတွင်ထားကာ၊ ဒီလိုဖြစ်နေတာကို ဆူးက ကြည့်မရ။ ထိုအခါ သူ့ဒေါသတွေက သူ့လက်ထဲတွင် ကိုင်ထားသော ကြွက်ဖြူကလေးဆီရောက်သွား၏။ သူက





သူ့ဘက်လက်ကို တင်းသထက်တင်းအောင် ဆုပ်ကိုင်လိုက်သည်။ သူ့လက်ထဲမှ ကြွက်ဖြူလေးမှာ သူ၏ ဆုပ်အားကြောင့် တကြွီကြွီမြည်ကာ သေဆုံးသွားလေတော့သည်။ ဆုက တအံ့တသြကြည့်ကာ ရှေ့ထွက်လိုက်မိ၏။

"ဆူး ... ကြွက်ကလေးသေနေပြီ ... နင်ဘာပဲလိုလုပ်လိုက်တာလဲ ..."

"ဘာဖြစ်သွားသလဲ ... ငါလည်းမသိတော့ဘူး ..."

အခန်းထဲပြန်ရောက်သောအခါ သူတို့နှစ်ယောက် ပထမဆုံးအကြိမ်အဖြစ် အတိအလင်း သဘောထားကွဲလွဲတော့သည်။

"နင်ပေးထားတဲ့ကတိကို ဖျက်ချင်နေပြီပေါ့ ဟုတ်လား ဆု"

သူတို့နှစ်ယောက်သေသည်အထိ မခွဲမခွာ အတူတူနေကြမည်ဟု ကတိထားခဲ့ကြသည်။ အခုတော့ ...

"ငါက ဘာပြောလို့လဲ ..."

"နင် ... ဟိုလူကို ချစ်နေပြီမဟုတ်လား ..."

ထိုစကားမှာ ငြင်းဆန်ရန် ခက်ခဲသောစကားသာ ဖြစ်သည်။

"သူနဲ့တွေ့ရင် ... ငါစိတ်လှုပ်ရှားမိတာတော့ မှန်တယ် ... ဒါပေမဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းကျတော့ ဆုကိုယ်တိုင်ပင် ဆူးကိုပစ်ကာ၊ တစ်ကိုယ်တည်းခွဲထွက်သွားဖို့ကိစ္စကို မတွေးရက်နိုင်လောက်အောင်ရှိသည်။ ဆုဆိုတာ ဆူးဖြစ်သလို ဆူးဆိုတာကလည်း ဆုပင်ဖြစ်လေသည်။ ပြီးတော့၊ နှစ်ယောက်ပေါင်းမှ ဝိညာဉ်တစ်ခုဖြစ်သကဲ့သို့ပင်။

နောက်ဆုံးတော့ သူတို့နှစ်ယောက်ဖက်ကာ ငိုကြသည်။

"သူဟာ ငါတို့နှစ်ယောက်ရဲ့ကြားမှာ သွေးခွဲဖို့ ပေါ်လာတဲ့ သူပဲ ..."

ဆူးက ဆုကို အပြစ်မတင်ဘဲ၊ မင်းခြိမ့်ကိုပဲ အပြစ်တင်စကား ပြောသည်ပဲ။

"သူ့ကို အပြစ်မတင်ပါနဲ့ဟယ် ... ငါ ... သူ့ကို မချစ်ပဲနေပါ့မယ် ..."

သို့သော် ရင်ထဲတွင် ဖြစ်ပေါ်လာသည့် အချစ်ဆိုသော ... အရာက တားဆီးပိတ်ပင်၍ ရကောင်းသောအရာမဟုတ်။ မြစ်များ၊ချောင်းများကို ပိတ်ပင်ကာ၊ ဆည်းမြောင်းဆောက်လုပ်ကြသည်ကို တွေ့ဖူးပါ၏။ သို့သော် အချစ်ကိုတော့ မစီးဆင်းပါနဲ့ဟု ကန့်သတ်၍ မရ။ သို့သော် ...

တမင်ပင် ဆုကရှောင်နေခဲ့သည်။ သူပျော်ရွှင်နေခိုက် ဆူးက





အလိုမကျဖြစ်ကာ ကြေကွဲနေမှာကို သူမလိုလား။ သူတို့ ပန်းခြံထဲ ထွက်ထိုင်နေကျ အချိန်လည်းမထွက်။ အခန်းထဲမှာသာ တံခါးပိတ်နေသည်။ ဘီးတပ်ကုလားထိုင်နှင့် သွားလာနေရသော မင်းခြိမ့်က အောက်ထပ်မှနေ၍ သူတို့ရှိရာ ပထမထပ်သို့ တက်လာဖို့ရန်မဖြစ်နိုင်။

ဆူးက ခပ်မှိုင်မှိုင်ဖြစ်နေသော ဆုအား ...

"နင် စိတ်မကောင်းဖြစ်နေသလား ..."

ဟုမေး၏။

"ဟင့်အင်း ... ငါဘာမှမဖြစ်ဘူး ..."

ဟု ဆုက ဟန်ဆောင်ကာ ဖြေသည်။ သို့သော် ...

မင်းခြိမ့် ပြန်ရမည့်နေ့ရောက်လာသောအခါ ဆုကြေကွဲရတော့သည်။

မင်းခြိမ့် ခြေထောက်က လုံးဝမပျောက်သေး။ သူ့အိမ်က ခေါ်သဖြင့် မန္တလေးပြန်တော့မည်ဟု သူက ချိုင်းထောက်နှင့်။ လာခေါ်သော ကားရောက်နေ၏။ သူက အပေါ်ထပ် ဆုတို့အခန်းသို့ မျှော်ကြည့်ကာ၊ ကားဘေးမှ လှမ်းခေါ်သည်။ ဆု ... ဆု ...

ဆုရေ ...



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ဘာကြောင့်မှန်းမသိ ဆု ရှောင်နေခဲ့သည်။ အခု သူ မပြန်ခင်အချိန်ကလေးမှာ ဆု မျက်နှာကလေးကို ခဏဖြစ်ဖြစ် မြင်သွားချင်သည်။ ဝရံတာလေးမှာ ... လာရပ်ပြရင်ပဲ သူကျေနပ်ပြီ။ သို့သော် ...

အောက်ထပ်က တကြော်ကြော် မင်းခြိမ့်ခေါ်သံကို ကြားရသည်။ ဆုက ခုတင်ပေါ်က ထ,ရန်ကြိုးစား၏။ သို့သော် ဆူးက မထဘဲ ပေထိုင်နေသည်။ ဆုက တောင်းပန်သော်လည်းမရ။

"ငါ ... ခဏလေးပဲဖြစ်ဖြစ် တွေ့ပါရစေ ... ဆူးရယ်"

သို့သော် ဆူးက မျက်နှာထား တင်းတင်းမာမာဖြင့် ခေါင်းခါ၍သာနေသည်။ နောက်ဆုံး ရှင်နာကာ ဆု မျက်ရည်တွေကျလာ၏။ ကုတင်ပေါ်တွင်သာ အားရပါးရ ငိုကြွေးလိုက်ရသည်။

မင်းခြိမ့်ကတော့ တကြော်ကြော်ခေါ်သော်လည်း ထွက်လာတာမတွေ့ရသဖြင့် ... လက်လျှော့လိုက်သည်။ အနားက သူနာပြု ဆရာမလေး တစ်ဦးကိုသာ ...

"ဆု ... ဆီကို ဒါလေးပို့ပေးပါ ... "

ဟုမှာကာ စာအိတ်တစ်အိတ်နှင့် စက္ကူလိပ်တစ်လိပ်ကို ပေးခဲ့ရတော့၏။





ခဏနေသောအခါ ဆုတို့အခန်းသို့ ထိုဆရာမလေးလာကာ

"အောက်ထပ်က လူနာ ကိုမင်းခြိမ့်က ဒါလေး ဆုကို ပေးခိုင်းလိုက်တယ် ... "

"သူရော ... ဆရာမ ... "

"အခုလေးပဲ ပြန်သွားပြီ ... မန္တလေးပြန်မယ်လို့ ပြောတယ် သူ့အိမ်က လာခေါ်သွားတာ ... "

စက္ကူလိပ်ကို ဖြန့်လိုက်တော့ မင်းခြိမ့်ရေးထားသည့် သူ့ပုံတူကိုတွေ့ရ၏။ ဒီတစ်ခါတော့ နှစ်ယောက်တွဲမဟုတ်။ ဆု တစ်ယောက်တည်းကိုသာ ရေးထားခြင်းဖြစ်၏။ ဆု ... တစ်ကိုယ်တည်းနေသည်ကို မြင်ချင်သည့်သဘော။

စာအိတ်ကလေးကို ဖွင့်လိုက်တော့ အထဲက ရွှေဆွဲကြိုးလေး တစ်ကုံးထွက်ကျလာသည်။ ဆွဲသီးမှာ အသည်းပုံကလေးကို မြှားလေးတစ်စင်းက ထုတ်ခြင်းခတ်ဖောက်ကာ စိုက်ဝင်နေသောပုံဖြစ်၏။ သူ့အသည်းကို အချစ်မြှားဆူးသည့်အကြောင်းပြောချင်တာလား။ စာကလေးကို ဖွင့်ဖတ်လိုက်တော့ ...



www.burmeseclassic.com

www.burmeseclassic.com



ဆု ...

ဒီရက်တွေအတွင်း မင်း ဘာကြောင့် ကိုယ့်ကို ရှောင်နေတာလဲ။ ကိုယ်ပြန်ရတော့မယ်။ မင်းနဲ့ဘယ်တော့ပြန်ဆုံမယ်လို့ ပြောလို့မရဘူး။ မန္တလေးပြန် ခဏနားပြီးတာနဲ့ စက်ဘူကို သွားရတော့မယ်။ ဟိုက ကိုယ်လျှောက်ထားတဲ့ အလုပ်ခေါ်တဲ့စာက ရောက်လာပြီ။

မင်း စာရေးနိုင်အောင် ကိုယ့်လိပ်စာပေးခဲ့တယ်။ ကိုယ်လည်း မင်းဆီ ရောက်တဲ့နေရာက စာရေးမယ်။

ဒီဆွဲကြိုးကလေးကို ကိုယ်တိုင်ဆွဲပေးချင်ပေမဲ့၊ အခွင့်မသာလို့ လှူကြုံပါးလိုက်ရတာ ခွင့်လွှတ်ပါ။

မျှော်လင့်ခြင်းများစွာဖြင့်
မင်းမြို့

✂------✂





သူ့ဘယ်ဘက်လက်ညှိုးပေါ်တွင် ရှိနေသည့် ဓားရှသည့် ဒဏ်ရာ အနာရွတ်ကလေးကို ဆုက သူ့လက်ဖြင့် ပွတ်ကာ တွေဝေနေ၏။ အတိတ်က အဖြစ်တွေက ပြန်ပြောပြချင်စရာ မကောင်းလောက်အောင် ကြေကွဲစရာတွေဖြင့် ထူပိန်းနေ၏။

“ဒါကြောင့် ခွဲစိတ်ဖို့ ဆုံးဖြတ်ခဲ့တာပါ ဟုတ်လား ... ”

သူ့ရှေ့တွင် ထိုင်နေသည် ဆရာဦးသိုက်ထွန်းက မေးလိုက်သည်။

“ဒီထက် ဆိုးဝါးတဲ့ကိစ္စတွေ ကြုံခဲ့ရပါသေးတယ် ဆရာ ... သူဟာ တစ်နေ့တခြား ဆိုးသထက်ဆိုးလာတယ် ... ဒါကြောင့် ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



မဆုံးဖြတ်ချင်ဘဲ ခွဲဖို့ဆုံးဖြတ်လိုက်ရတာပဲ ... အမေကလည်း ဒီလို ခွဲစိတ်ဖို့ ထောက်ခံခဲ့တယ် ... ”

ဒီစကားကတော့ ဦးသိုက်ထွန်းကို အတော်အတန် အံ့အား သင့်သွားစေသည်။

“မင်းတို့ အမေကပါ ခွဲစိတ်ဖို့ သဘောတူတယ် ဟုတ်လား”

“ဟုတ်တယ် ဆရာ ... ဘာဖြစ်လို့လဲဆိုတော့ ဆူးက ကျွန်မ မသိအောင် အိပ်ဆေးတွေ အများကြီး သောက်ပြီး သေကြောင်းကြံ ဖို့ ကြိုးစားခဲ့လို့ပါပဲ”

✂---✂





မင်းခြိမ့်က မန္တလေးမှနေ၍ စက်ာပူထွက်သွားကာ၊ အလုပ် ဝင်လိုက်သည်။ စက်ာပူမှနေ၍ ဆုထံ စာမှန်မှန်ရေးသည်။ ဆုက လည်း မင်းခြိမ့်ထံ စာမှန်မှန်ရေးသည်။ မင်းခြိမ့်ပေးသော ဆွဲကြိုး ကလေးကို သူ လည်ပင်းတွင် အမြဲဆွဲထားလိုက်သည်။ ဒီဆွဲကြိုး ကလေးကို သူ သေမှသာချွတ်တော့မည်ဟု ဆုံးဖြတ်ထား၏။

ဆူးကတော့ ဆုနှင့် မင်းခြိမ့် အဆင်ပြေနေသည်ကို လုံးဝ ကြည့်မရဘဲရှိသည်။ ဆုကို နောက်ဆုံး မင်းခြိမ့် ရေးပေးခဲ့သော သူ တစ်ကိုယ်တည်းပုံတူ ပန်းချီကားလေးကို ဆုသည် မင်းခြိမ့်ကိုသာ ရတိုင်း အမြဲထုတ်ကြည့်တတ်၏။ တစ်ကြိမ်တွင် ဆူးက အိတ်ကပ်ထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ထိုပန်းချီကားလေးကို လှယူကာ အစိတ်စိတ်အမြွာမြွာ ဖြစ်ပစ်လိုက်သည်။ ထိုကိစ္စနှင့် ပတ်သက်၍ သူတို့ညီအစ်မ အကြီးအကျယ်စကားများ၏။

သူ့အမေက သူတို့ကို ပုံတစ်ပုံပြောပြကာ ဆုံးမသည်။

"သမီးတို့ဟာ ကိုယ်က တစ်ကိုယ်တည်းလို ဖြစ်နေပေမဲ့ စိတ်နှစ်စိတ်ဆိုတာ အမေလည်း သဘောပေါက်ပါတယ်။ အမြဲတမ်းတော့ ဘယ်တည့်နိုင်ပါ့မလဲ။ ဒါပေမဲ့ သမီးတို့နှစ်ယောက်ဟာ တခြားညီအစ်မတွေထက်ပိုပြီး တည့်ဖို့လိုတယ် ... ဒီလို စိတ်သဘောကွဲနေကြတယ်ဆိုရင် နှစ်ယောက်လုံး တစ်နေ့ ဒုက္ခတွေ့လိမ့်မယ် ... အမေ ပုံတစ်ပုံ ပြောပြမယ် ... "

တစ်ခါက ခေါင်းနှစ်လုံးနှင့် ငှက်တစ်ကောင် ရှိသည်။ ခေါင်းကသာ နှစ်လုံး ဖြစ်နေသော်လည်း ကိုယ်က တစ်ခုတည်းဖြစ်၏။ တစ်ခါသော် မြေပြင်တွင် တွေ့ရသော အစာကို လုကောက်ရင်း သူတို့ ခိုက်ရန်ဖြစ်ပွားကြသည်။ ခေါင်းနှစ်ခေါင်း မတည့်တော့။ သို့သော် ခွဲခွာနေ၍လည်းမရ။ ကြာသော် သူတို့နှစ်ဦးကြားထဲမှ မုန်းတီးမှုနှင့် ရန်ငြိုးက ကြီးမားသည်ထက် ကြီးမားလာ၏။ တစ်ရက်တွင် လမ်းပေါ်၌ တွေ့ရသည့်အဆိပ်ခဲတစ်ခဲကို ခေါင်းတစ်ခေါင်းက ကောက်





ယူကာ စားလိုက်၏။ သူ့အသက်ကိုပင် အသေခံကာ ရန်ငြိုးဖွဲ့ခြင်းဖြစ်သည်။ သူ့ကြောင့် တခြားခေါင်းပိုင်ရှင်ပါ အတူတူ သေပွဲဝင်သွားရလေသည်။

အမေက ဆုံးမစကား ပြောဖို့ ရည်ရွယ်သော်လည်း ဆူးကတော့ ထိုပုံပြင်ကိုကြားကာ အတုယူဖို့ အကြံရသွားသည်။ တစ်ညတွင် ဆု အိပ်ပျော်နေပြီအထင်နှင့် ဆူးက အိပ်ဆေးတွေ အများကြီးသောက်ဖို့ ကြံစည်သည်။ ဆုက နိုးလာကာ အတင်းတားမြစ်သည်။ အမေ့ကို အော်ခေါ်ကာ အကူအညီတောင်းရ၏။ အမေ ရောက်လာကာ ဆူးလက်ထဲ အိပ်ဆေးပုလင်းကို လုယူရ၏။

ဆုက အင်မတန် ထိတ်လန့်သွားသည်။

"ဆု ... ဒီအတိုင်း မနေရဲတော့ဘူး အမေ ... "

"အမေလည်း သဘောပေါက်တယ် ... သမီးတို့နှစ်ယောက် တစ်ယောက်စီဖြစ်အောင် ခွဲစိတ်မှပဲ ဖြစ်တော့မယ် ... "

ဒီတစ်ခါတော့ အမေကိုယ်တိုင် ပါလာသဖြင့် ဆူး မငြင်းသာတော့။ သူ့အပြစ်ကလည်း ရှိနေပြီမဟုတ်လား။

သို့ဖြင့် အမေသည် အစစအရာရာ ကြိုတင်ပြင်ဆင်ပြီး၊ ဘန်ကောက်သို့ ထွက်ခဲ့သည်။ ဘန်ကောက်ရှိ နာမည်ကျော် ဆေးရုံ



www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်ရုံတွင် ခွဲစိတ်ကုသ၏။ ဆူး ကံဆိုးသည်။ ခွဲစိတ်ကုသမှုပြု ရာတွင် ဆူးသည် မအောင်မြင်ဖြစ်ကာ ကွယ်လွန်ခဲ့ရလေသည်။

✂·····✂





"ဒီအတွက် မင်း တော်တော် စိတ်ထိခိုက် ကြေကွဲခဲ့ရလိမ့်မယ် ... အဲဒီအစွဲအလမ်းက ခုချိန်မှာ မင်းကို ဒုက္ခပေးနေတာပဲဆု ... တကယ်တော့ ဒီလိုဆိုးဖြစ်တာ မင်းအမှား လုံးဝမရှိပါဘူး ... လူတိုင်းဟာ ကိုယ်ပိုင်လွတ်လပ်တဲ့ဘဝကို လိုချင်ကြတာပဲ ... အဲဒါ အပြစ်မှ မဟုတ်ဘဲ ... "

သူ့စကားတွေကို သေသေချာချာ အစအဆုံး နားထောင်ပြီး ဦးသိုက်ထွန်းက အားပေးစကား ပြော၏။ ဆုက ...

"ဆူးက နောက်ဆုံးအချိန်အထိ ခွဲစိတ်ဖို့ကို သဘောမတူခဲ့ဘူး ဆရာ ... ခွဲစိတ်မှာကြောက်ပြီး တငိုငို တရယ်ရယ် ဖြစ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုကြည့်ပြီး ကျွန်မတောင် ပြန်သနားစိတ် ဝင်လာတယ်။ ခွဲစိတ်မယ့် ဆရာဝန်ကြီးတွေကလည်း ပြောပြတယ်။ အထဲမှာ နှလုံးချင်းကလည်း ပူးနေတော့ ခွဲစိတ်မှု အောင်မြင်မယ် မအောင်မြင်ဘူးဆိုတာ ငါးဆယ်ရာခိုင်နှုန်းစီပဲ ရှိမယ်တဲ့ ... "

"ကံကြမ္မာပေါ့ကွာ ... ကံကောင်းတဲ့ ငါးဆယ်ရာခိုင်နှုန်းက မင်းဖြစ်ခဲ့ပြီး ကံဆိုးတဲ့ ငါးဆယ်ရာခိုင်နှုန်းကတော့ သူဖြစ်ခဲ့တယ်လို့ပဲ ဆိုရတော့မှာပေါ့ ... "

ဘန်ကောက်တွင် ကွယ်လွန်ခဲ့သော ဆူးကို မီးသင်္ဂြိုဟ်ကာ အရိုးပြာကို သူတို့သားအမိ ရန်ကုန်ပြန်ယူလာခဲ့ကြသည်။ ပြီးတော့ ရေဝေးသုသာန်တွင် ဂူသွင်းမြှုပ်နှံခဲ့ကြ၏။

ကထိက ဦးသိုက်ထွန်းထံမှ ထွက်လာသောအခါ ဆုသည် အငှားကားတစ်စီးဖြင့် ရေဝေးသုသာန်သို့ လာခဲ့သည်။ ပြီးတော့ အုတ်ဂူလေးတစ်ဂူပေါ်တွင် ပန်းခြင်းလေးတစ်ခြင်း တင်ကာ၊ အတန်ကြာအောင် ထိုင်၍ ငိုကြွေးနေမိလေတော့သည်။

✂-----✂



BURMESE CLASSIC .com



* ထိုအခိုက် သူခြေထောက်ကို တစ်စုံတစ်ယောက်က ဆွဲယူလိုက်သလို၊ သူ့ခန္ဓာကိုယ်သည် ခြေရင်းဘက်သို့ လျှောတိုက်ပါသွားကာ၊ သူ့ခေါင်းသည် ရေထဲသို့ နစ်မြုပ်သွားလေသည်။


(၅) အာစွဲမိဋ္ဌာဂ



www.burmeseclassic.com

www.burmeseclassic.com









## (၅) အစွဲစိတ္တဇ

ကထိကဦးသိုက်ထွန်းထံ မင်းငြိမ်မှ ရောက်လာသောအခါ ဆု မရှိတော့။

"မင်းမိန်းမ ခုနပဲ အငှားကားတစ်စီးနဲ့ ထွက်သွားတယ် ... လာပါဦး ... မင်းနဲ့ငါ စကားပြောစရာရှိတယ် ..."

"ကျွန်တော်ကလည်း မေးချင်နေတာနဲ့ အတော်ပဲ အစ်ကို ... ဆု အခြေအနေက ဘယ်လိုလဲ ..."

"မင်းမိန်းမရဲ့ စိတ်အခြေအနေက ကောင်းပါတယ် ... သူ့မှာ စိတ်ရောဂါရှိတယ်လို့ ဖွပ်ဖွဲ့နိုင်လောက်တဲ့ လက္ခဏာအသေးအဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



လေးတောင် မရှိပါဘူး ...”

ဒီစကားကြားရသဖြင့်၊ မင်းခြိမ့် အတော်ပင် စိတ်သက်သာရာရသွား၏။

“ဒါပေမဲ့ သူ့စိတ်က ကွယ်လွန်သွားတဲ့ သူ့အမြွာအပေါ် အမြဲရောက်နေတယ်။ ဒါလည်း ပြောရခက်တယ်။ သူတို့က ရိုးရိုးအမြွာတွေ မဟုတ်ဘဲ ကိုယ်ချင်းဆက် အမြွာတွေ ဖြစ်နေတာကိုး ...”

“ကျွန်တော့်ဇနီးရဲ့ဘဝက အစ်ကိုလည်း တစ်စွန်းတစ်စ သိပြီးပြီဆိုတော့ အင်မတန် သနားစရာကောင်းတာ သိမှာပေါ့ ...”

“အင်းလေ ... သူ့ကို ဂရုစိုက်ပါ ... ကြင်နာပါကွာ ... မင်းရဲ့ ဖူးစာကလည်း ဆန်းတယ် ... ဘယ်လိုလုပ် သူနဲ့လက်ထပ်ဖြစ်ခဲ့တာလဲ ...”

မင်းခြိမ်းက အဝေးသို့ လှမ်းကြည့်လိုက်သည်။ ပြီးမှ လေးကန်စွာ ...

“အစ်ကို ပြောသလိုပဲ ... ကျွန်တော့်ဖူးစာက အတော်ဆန်းကြယ်တယ် အစ်ကို ...”

ရုပ်ချောပညာတတ် ချမ်းသာကြွယ်ဝသော မိဘများမှ ပေါက်ဖွားလာသည့် မင်းခြိမ့်ကို သဘောကျသည့် မိန်းကလေးတွေ အများ





ကြီး။ သူ့မိဘများမှတစ်ဆင့် သမီးရှင် အတော်များများကလည်း သားသမက်တော်ချင်သဖြင့် စေ့စပ်လာကြသည်။ သို့သော် ဘယ်သူ့ကိုမှ မင်းခြိမ့် စိတ်မဝင်စားခဲ့။ ရန်ကုန်ရောက်ခိုက် ကားမတော်တဆမှုဖြစ်ကာ ဆေးရုံတက်ရခိုက် ...

မထင်မှတ်ဘဲ ဆုကို မြင်လိုက်ရသည့် အချိန်ကစပြီး အိပ်မောကျနေသည့် သူ့အသည်းနှလုံးသည် လန့်နိုး၍လာသည်။ ခဏလေး သူချစ်ခဲ့မိသောဆုသည် ဆူးဆိုသော မိန်းကလေးနှင့် ကိုယ်ချင်းဆက် အမြွာတွေ ဖြစ်နေခြင်းပင်။

သူ ဆေးရုံက စွန့်ခွာလာခဲ့ရသည်။ စက်ာပူကိုရောက်ကာ အလုပ်ခွင်ဝင်နေရသည်။ ထိုအာရုံအပြောင်းအလဲတွေက သူ့အသည်းနှလုံးကိုတော့ ပြောင်းလဲအောင် မတတ်နိုင်။ သူနှင့်ဆု စာပေးစာယူ မပျက်။ စာအပြန်အလှန် ရေးခြင်းဖြင့် ချစ်သူတွေဘဝရောက်ခဲ့ကြသည်။ သို့သော် ထိုအဆင့်က တစ်ဆင့်တက်ဖို့ဆိုတာ မလွယ်။ ဆုကို လက်ထပ်ယူဖို့ဆိုတာက မဖြစ်နိုင်သော အရာတွေဖြစ်၍နေသည်။ ဆုကို လက်ထပ်ယူရလျှင် ဆူးကိုပါ လက်ထပ်ယူရသကဲ့သို့ ဖြစ်၍နေပေမည်။ သို့သော် ...

တစ်ရက်တွင် ဆုထံမှ စာလာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ညီအစ်မ ဘန်ကောက်သို့သွားကာ၊ ခန္ဓာကိုယ် သီးခြားစီဖြစ်အောင် ခွဲစိတ်မှု ပြုလုပ်ခဲ့သည်။ ကံဆိုးစွာပင် ဆူး ကွယ်လွန်ခဲ့ရ၏။ ဆုက သူနှင့်လက်ထပ်လိုလျှင် ရန်ကုန်သို့ အမြန်ပြန်လာဟု စာရေးအကြောင်းကြားခြင်း ဖြစ်သည်။ ဆူးကို သူ မနှစ်မြို့လှသော်လည်း၊ ယခုလို ကွယ်လွန်သွားသည်ဟု သတင်းကြားရတော့လည်း စိတ်မကောင်းဖြစ်မိသည်။ တစ်ဘက်ကလည်း ကျေနပ်ဝမ်းမြောက်စိတ်ဖြစ်မိကြောင်း ဝန်ခံရပေမည်။ ဤအတိုင်းဆို ဆုကို သူ လက်ထပ်နိုင်ပြီ။

ရန်ကုန်ပြန်လာကာ ဆုနှင့် အကျဉ်းချုံး လက်ထပ်ခဲ့၏။ ရုံးမှာ လက်မှတ်ထိုး လက်ထပ်ခြင်းဖြစ်သည်။ ဆုကိုယ်တိုင်ကလည်း အကျယ်မချဲ့ချင်။ အမြွှာကိုယ်ပွား ဆုံးပြီးစ၊ ယောက်ျားယူရသလားဟု အများကဲ့ရဲ့မှာ စိုးနေသည်။ ပြီးတော့ မင်းခြိမ့်မှာလည်း အချိန်မရ။ လက်ထပ်ပြီးသည်နှင့် ဆုကိုခေါ်ကာ အလုပ်ရှိရာ စက်ရုံသို့ ပြန်လာခဲ့ရလေတော့သည်။

"ဟိုမှာ အဆင်ပြေပါတယ် ... သူကလည်း ပျော်နေပါတယ် အစ်ကို ... သူ့အမေ ရုတ်တရက် နေမကောင်းလို့ ရန်ကုန်ပြန်လာပြီးကတည်းက သူ့အခြေအနေက မူမမှန်သလို ဖြစ်နေတာပဲ ..."





မင်းခြိမ့်စကားကို ဦးသိုက်ထွန်းက နားထောင်ကာ ...

"ဒီနေရာက သူ့အတွက် အမှတ်ရစရာ စိတ်မကောင်းဖြစ်စရာတွေ များတဲ့နေရာလေကွာ ... ဒီတော့ အစွဲအလမ်းစိတ်နဲ့ အမြင်မှား အထင်မှားတွေ ဖြစ်နေတာပါ ... မင်းမိန်းမက စိတ်ရောဂါသည် တစ်ယောက် မဟုတ်ပါဘူး ... ငါအကြံပေးချင်တာက အမြန်ဆုံး စက်ရုံကို ပြန်နိုင်ရင် ကောင်းမယ်ထင်တယ် ... ဟိုပြန်ရောက်ရင် သူ နဂိုအတိုင်း ပြန်ဖြစ်သွားပါလိမ့်မယ် ..."

ဦးသိုက်ထွန်း၏ အကြံပြုချက်ကို မင်းခြိမ့်က ကောင်းကောင်း လက်ခံလိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေဝေးသုသသန်မှ အငှားကားဖြင့် အိမ်ပြန်ရောက်သောအခါ၊ ဆုသည် အတော်ပင် ကိုယ်ပန်းစိတ်ပန်း ဖြစ်၍နေလေသည်။ ရေချိုးကန်ထဲသို့ဝင်ကာ ရေကို စိမ်ချိုးနေလိုက်၏။ သူ့ခန္ဓာကိုယ်တွင် အထင်းသား ပေါ်နေသည့် အမာရွတ်ကြီးကို မြင်သောအခါ ဆုးကို သတိရမိပြန်သည်။ ဤဒဏ်ရာအမာရွတ်က သူတို့ကိုယ်နှစ်ခုကို ခွဲဖြတ်ရာမှ ရရှိခဲ့ခြင်းဖြစ်၏။

သူ ရေချိုးကန်ပေါ်တွင် ခေါင်းမှီတင်ရင်း မျက်လုံးတွေ မှိတ်ကာ အနားယူနေမိ၏။ လည်ပင်းအထက် ခေါင်းကလေးသာ ဖော်



www.burmeseclassic.com

www.burmeseclassic.com



ထား၍ သူ့ခန္ဓာကိုယ်တစ်ခုလုံးမှာ အေးမြသော ရေထဲ နစ်မြုပ်နေလေရာ၊ ကြည်မြလန်းဆန်းသော အာရုံကို ရနေ၏။ ထိုအခိုက် သူ့ခြေထောက်ကို တစ်စုံတစ်ယောက်က ဆွဲယူလိုက်သလို၊ သူ့ခန္ဓာကိုယ်သည် ခြေရင်းဘက်သို့ လျှောတိုက်ပါသွားကာ၊ သူ့ခေါင်းသည် ရေထဲသို့ နစ်မြုပ်သွားလေသည်။

ပထမတော့ အိမ်သို့ပြန်လာသော မင်းခြိမ့်က ရေချိုးခန်းထဲဝင်လာကာ၊ မျက်စိမှိတ်ကာ မှိန်းနေသောသူ့ကို နောက်ပြောင်ကျီစယ်နေခြင်းဟု ထင်လိုက်၏။ သို့သော် ...

သူ ပြန်လည်ရုန်းထ၍ မရနိုင်လောက်အောင် သူ့ခြေထောက်ကို တင်းတင်းဆုပ်ကိုင်ထားခြင်း ခံရသောအခါ သူ အထိတ်တလန့်ဖြစ်၍သွားသည်။ ခေါင်းတစ်ခုလုံး နစ်မြုပ်နေတာ ကြာသောအခါ သူ့နှာခေါင်းထဲ ရေဝင်ကာ မွန်း၍လာ၏။ သူကခြေရောလက်ပါ အားပြုကာ ရေချိုးကန်ထဲက ရုန်းထွက်ဖို့ ကြိုးစားသည်။ ထိုအခိုက်မှာပင် တစ်စုံတစ်ယောက်၏ ပွေ့ယူခြင်းခံရကာ သူ ရေပေါ်ပြန်ရောက်လာ၏။ သူ့ကို စိုးရိမ်တကြီး မျက်နှာဖြင့် ငေးကြည့်နေသော မင်းခြိမ့်ကို တွေ့ရ၏။

"ဆု ... ဆု ဘာဖြစ်တာလဲဟင်"





မင်းခြိမ့်အမေးစကားကို သူ ဖြေကြားမနေနိုင်။ မင်းခြိမ့်ကိုသာ အားရပါးရဖက်ကာ ငိုကြွေးနေမိလေသည်။

မင်းခြိမ့်ကတော့ ဤရန်ကုန်မြို့မှ အမြန်ဆုံးထွက်ခွာကာ စက်ဘုပ်ပူကို ပြန်မဖြစ်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။

✂⋯⋯✂



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ အိမ်ကကားကို ဆုက သူကိုယ်တိုင်မောင်းကာ ထွက်လာခဲ့သည်။ အမှန်အတိုင်း ပြောရလျှင် ကားမောင်းရတာကို ဆုအတော်ပင် ကျေနပ်နှစ်သိမ့်နေခဲ့၏။ စင်္ကာပူကိုရောက်မှ သူ့ကို ခင်းခြိမ့်က ကားမောင်းသင်ပေးခဲ့ခြင်း ဖြစ်သည်။ သူ့အတွက် တစ်ကိုယ်တည်း လုပ်နိုင်သော အရာတွေထဲတွင် ကားမောင်းရတာကို အနှစ်ခြိုက်ဆုံး ဖြစ်ခဲ့၏။ စင်္ကာပူတွင် မင်းခြိမ့်က အလုပ်ထဲမှာပင် အချိန်ကုန်နေတတ်၏။ သွားစရာရှိတာတွေကို ဆုက ကိုယ်တိုင်ကားမောင်းကာ သွားလာနေမှသာ အဆင်ပြေနိုင်သည်။ ဆု သွားလေ့



www.burmeseclassic.com

www.burmeseclassic.com



ရှိတာက ပစ္စည်းအစုံရနိုင်သည့် ကုန်တိုက်ကြီးများဆီသာဖြစ်သည်။

ဆေးရုံရှေ့တွင် ကားကိုရပ်ကာ၊ ဓာတ်လှေကားရှိရာ လျှောက်လာခဲ့သည်။ အမှန်ပြောရလျှင် သူ့နှလုံးက မကောင်းလှ။ ခွဲစိတ်စဉ်က နှလုံးအသား အတော်များများကို ဆူးအား ခွဲပေးခဲ့ရ၏။ သူ အမောမခံနိုင်။ အထူးသဖြင့် လှေကားလို မြင့်သောနေရာများ တက်ရပြီဆိုလျှင် အဆမတန် မောပန်းနေတတ်၏။

အမေရှိသော အထပ်က ဆေးရုံအဆောက်အဦးငါးလွှာတွင်ဖြစ်သည်။ ဤဆေးရုံတွင် ဓာတ်လှေကား အတော်များများရှိ၏။ တစ်ခုတော့ ကောင်းသည်။ ဓာတ်လှေကားစီးရန် စောင့်စားနေစရာမလို။ အသင့်ရှိနေသော ဓာတ်လှေကားတစ်စီးထဲဝင်ကာ ကိုယ်တိုင်မောင်းတက်ခဲ့ရ၏။ ကိုယ့်ရှေ့တွင်ရှိသော (ငါး)နံပါတ်ခလုတ်ကလေးကို နှိပ်လိုက်တော့ မီးလင်းလာကာ ဓာတ်လှေကားက တရွေ့ရွေ့တက်လာသည်။

ဓာတ်လှေကားထဲမှာ သူတစ်ယောက်တည်း။ ဓာတ်လှေကား၏ သတ္တုနံရံဘေးဘက်က ကြေးမုံမှန်သားပြင်ကဲ့သို့ ကြည်လင်တောက်ပနေ၏။ ဆုက သူ့ရှေ့တည့်တည့်ရှိ ဓာတ်လှေကား တံခါးထဲ





ကို အမှတ်မထင်ကြည့်မိ၏။ ပထမတော့ သူ့ပုံရိပ်ကို ထင်ထင်ရှားရှား ပင်မြင်ရသည်။ ဆက်ကြည့်လိုက်သောအခါ သူ့နောက်တွင် ရပ်နေသော ဝိုးတဝါးပုံရိပ်ကို ထပ်မံမြင်လိုက်ရသည်။ သူတစ်ယောက်တည်း။ အခုဘာကြောင့် တခြားတစ်ယောက်က ရောက်ရှိနေရသနည်း။

ရုတ်တရက် သူ့နောက်တွင် ရောက်နေသောအရာကို ပြန်လှည့်မကြည့်ရဲ။ ကြောက်စိတ်တွေသာ တိုးပွားလာနေ၏။ ရှေ့က မြင်နေရသည့် ပုံရိပ်ကို ကြည့်လိုက်မိသည့်အခါ ...

နောက်ကအရာက သူ့အနားကို တစ်စထက်တစ်စ တိုးကပ်လာ၏။ အခုတော့ ထိုအရာကိုပို၍ သေသေချာချာမြင်လာ၏။ ထိုအရာက သူနှင့်တူသော မိန်းကလေးတစ်ယောက်ဖြစ်နေလေသည်။ ဘယ်လောက်တူသလဲဆိုသော် နှစ်ကိုယ်တွဲနေရာမှ ခွဲထုတ်လိုက်ရသကဲ့သို့ တူညီ၍နေသည်။ ထိုမိန်းကလေးက နောက်မှ သူ့ခါးကိုသိုင်းဖက်ကာ သူ့ပခုံးတစ်ဖက်ပေါ် ခေါင်းမှီတင်လိုက်သောအခါ

ဆုက ကြောက်လန့်တကြားအော်လိုက်၏။

လှေကားရပ်သွားကာ တံခါးပွင့်၍ သွားသည်။ သူရောက်လို



www.burmeseclassic.com

www.burmeseclassic.com



ရာ(၅)ထပ်သို့ ရောက်နေလေပြီ။ ပွင့်နေသော တံခါး၏ လှေကား တံခါးရှေ့တွင် ဓာတ်လှေကားအလာကို ရပ်စောင့်နေဟန်တူသော သက်လတ်အရွယ် လင်မယားနှစ်ယောက်ကို တွေ့ရ၏။ မူပျက်နေသော ဆုကိုကြည့်ကာ မိန်းမလုပ်သူက မေးလိုက်၏။

"ညီမလေး ဘာဖြစ်နေလို့လဲ ... မမတို့ ဘယ်လိုကူညီရမလဲ"

ဓာတ်လှေကားထဲကို ဆု လှည့်ပတ်ကြည့်လိုက်၏။ သူတစ်ယောက်။ ဘယ်သူမှရှိမနေ။

"ရပါတယ်ရှင် ... ကျေးဇူးတင်ပါတယ် ... "

ဟုပြောကာ ဓာတ်လှေကားထဲက ခပ်မြန်မြန်ထွက်လိုက်မိသည်။ လင်မယားနှစ်ယောက် ဓာတ်လှေကားထဲ ဝင်သွားကာ ဓာတ်လှေကား တံခါးက ပိတ်၍သွားသည်။

စင်္ကြံလမ်းပေါ်တွင် သူတစ်ယောက်တည်း။ အထိတ်အလန့်ဖြင့် အမေ့အခန်းရှိရာသို့ ခပ်သွက်သွက်လျှောက်လာခဲ့ပါလေသည်။ အမေကတော့ အခန်းထဲက ခုတင်ပေါ်တွင် မလှုပ်မယှက်ငြိမ်ချက်သားကောင်း၍ နေလေသည်။ သူနာပြုဆရာမကို မေးကြည့်သည်။

"ဘာထူးခြားသေးလဲ ... ဆရာမ"





သူနာပြုဆရာမက ခေါင်းကိုခါရမ်းပြ၏။ သူ့ပုံစံက အားရစရာမရှိ။ မျှော်လင့်ချက်ကင်းမဲ့နေသည့် ပုံစံ။ ဆုက အမေ့၏ ခုတင်ဘေးတွင်ထိုင်ကာ တီးတိုးစကားပြောနေပါသည်။

"ခွင့်လွှတ်ပါအမေ ... သမီးတို့နှစ်ယောက်ကို မွေးဖွားခဲ့ရတဲ့အတွက် ... အမေ ခက်ခဲပင်ပန်းမှုအမျိုးမျိုးကို ကြုံကြွံခံရင်ဆိုင်ခဲ့ရတယ်ဆိုတာ သမီးသိပါတယ် ... သမီးတောင်းပန်ပါတယ် ... အပြစ်ရှိရင် ခွင့်လွှတ်ပါ အမေ"

သူကသာ တီးတိုးပြောနေသည်။ သူ့အမေက ဤစကားတွေကို ကြားနိုင်ပုံမရ။ သူက ဤနေရာတွင် ထိုင်နေ၍ အကျိုးမရှိမှန်းသိသည်။ ဆရာဝန်ကြီးအခန်းသို့ ထွက်လာခဲ့ပြီး အမေ့အခြေအနေကို စုံစမ်းကြည့်၏။

"မှန်တဲ့အတိုင်းပြောရရင်တော့ သိပ်အားရစရာမရှိဘူး ... မိန်းကလေး ... ဆရာတို့လည်း အတတ်နိုင်ဆုံးကြိုးစားနေတာပဲ ... ဒါပေမဲ့ အခြေအနေက ထူးထူးခြားခြားတိုးတက်မလာဘူး ... "

"ဒါကြောင့် ကျွန်မတို့ စက်ဘုရားကိုခေါ်သွားပြီး ကုဖို့စဉ်းစားနေတယ် ... ဒေါက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ခင်ပွန်းကလည်း ပြောပါတယ် ... ဒါပေမဲ့ လူနာ့အခြေအနေက စက်ဘူကိုခေါ်သွားနိုင်လောက်အောင် ကြံ့ခိုင်မှုရှိဖို့လိုတယ် ..."

အဲဒီအတွက်လည်း ဆုံစိုးရိမ်နေသည်။ ပေါ့စေလိုလို့ ကြောင်ရုပ်ထိုး။ ဆေးအတွက်ကြောင့် လေးနေမှာစိုးရိမ်နေ၏။ မတော်တဆ သူခေါ်သွားစဉ် လမ်းခရီး၌ အမေကွယ်လွန်သွားပါက သူ့စေတနာက ဝေဒနာဖြစ်၍ သွားပေမည်။ သူ့အတွက် ရင်နာခံနေရသည့်အထိ ခံစားရမှုတွေက ပို၍ လေးလံဖိစီးလာလိမ့်မည်။

သူ့အိမ်ကို ပြန်လာခိုက် လမ်းတွင် အိမ်မွေးတိရစ္ဆာန်များ ရောင်းသည့် ဆိုင်ရှေ့က ဖြတ်မောင်းသွားပါ၏။ သူက ကားကို ဆိုင်ရှေ့တွင် ထိုးရပ်လိုက်သည်။ သူ့ကြောင့် ကားကြိတ်ခံရကာ သေဆုံးသွားသော ဘော်ဘီကလေးကို အမှတ်ရသော စိတ်ဖြင့် အလွမ်းပြေ ကြည့်ခြင်းဖြစ်သည်။

ထူးခြားစွာပင် လှောင်အိမ်ငယ်လေးတစ်ခုတွင် ဘော်ဘီနှင့် အမျိုးအစားရော အသွေးအရောင်ပါ တစ်ထေရာတည်းတူသည့် ခွေးကလေးတစ်ကောင်ကို တွေ့လိုက်ရ၏။ သူ့ လှောင်အိမ်ရှေ့မှာ ထိုင်



ကြည့်လိုက်တော့ ခွေးကလေးက သူ့နားပြေးလာကာ တအီအီအော်နေသည်။ သူ့ကိုခေါ်သွားရန် ပူဆာနေသည့်ပုံမျိုးပင်။ ဆုက ခွေးကလေးကို ဝယ်သွားရန် ဆုံးဖြတ်လိုက်၏။ မင်းခြိမ့်က ဘော်ဘီကိုချစ်တော့ ဒီခွေးကလေးကို မြင်လျှင်လည်း သဘောကျမည်ထင်ပါသည်။

သို့သော် အိမ်ရောက်တော့ အထင်အမြင်လွဲမှားနေ၏။

"ကိုခြိမ့် ... ဒီမှာကြည့်စမ်း"

ဆိုတော့ ထူးထူးခြားခြား စိတ်ဝင်စားဟန်မပြ။

"မင်း ဝယ်လာတာလား ..."

ဟုသာ ခပ်ပေါ့ပေါ့ပြော၏။ ဆုက ...

"သူက ဘော်ဘီနဲ့ တစ်ထေရာတည်း ခွဲမရအောင်တူတယ်နော် ..."

"ဒါပေမဲ့ ဘော်ဘီမှ မဟုတ်ဘဲကွာ ..."

ဆု စိတ်ပျက်သွားသည်။ ဆုက ဤခွေးကလေးကိုတွေ့ရလျှင် မင်းခြိမ့်လည်း ကျေနပ်သွားမိမည်ထင်မိ၏။ အခုတော့ ...

"ဒီခွေးကလေးကို ဘော်ဘီလို့ပဲ နာမည်ပေးလိုက်မယ်နော်"

ဟု ဆုကပြောတော့။ အရေးမစိုက်သလို။

www.burmeseclassic.com

www.burmeseclassic.com



"မင်းသဘောပဲ ... "

ဟုပြောကာ ထိုင်နေရာမှ ထ,ထွက်သွားပြီး တယ်လီဖုန်း ဆက်နေသည်။

ဆုက နောက်ဖေးဝင်သွားကာ ကော်ဖီဖျော်ပြီး ထွက်လာတော့။

တယ်လီဖုန်းဆက်နေသော မင်းခြိမ့်၏ ဘောင်းဘီအိတ်နားစကို ခွေးကလေးက သွားကလေးများနှင့် လိုက်ဆွဲနေတာတွေ့ရ၏။ ခွေးငယ်ကလေးတို့သဘာဝ ဆော့ကစားနေခြင်းဖြစ်၏။ သို့သော် တယ်လီဖုန်းဆက်နေသော မင်းခြိမ့်က ဒီလိုလာလုပ်နေတာကို စိတ်မရှည်။ ခြေထောက်ဖြင့် တွန်းကန်ကာ လွှတ်ရင်း ...

"ဆုရေ ... ဒီမှာ မင်းခွေးကို လာခေါ်ဦးကွာ ... "

ဟုအော်ပြောနေ၏။ ဆုက ခွေးကလေးကို သူ့ဆီမှ သွားခေါ်လာကာ ဒေါ်စိမ်းမြလက်အပ်လိုက်ပြီး ...

"သူ့ကို တစ်ခုခု ကျွေးလိုက်ပါ ... ဒေါ်စိမ်းမြ ... "

ဟုပြောလိုက်၏။ မင်းခြိမ့်က တယ်လီဖုန်းချပြီး ဆုအား ...

"သတင်းကောင်းပဲ ဆု ... "





"ဘာသတင်းလဲ ... "

"စက်ဘူဆေးရုံက လူနာကိုလက်ခံကုသဖို့ သဘောတူလိုက်ပြီ ... အခုပဲ ဖုန်းရတယ် ... ကိုယ်တစ်နေ့လုံးကြိုးစားနေတာကိုကျော်သာတို့ကလည်း ကူညီပါတယ် ... "

ဒီအချက်နှင့် မင်းခြိမ့်အပေါ် စိတ်ခုနေတာတွေ ပြေသွား၏။ သူက အလကားနေတာမဟုတ်ဘဲ သူ့အမေကို စက်ဘူတွင် ကုသဖို့အတွက် လက်ခံမယ့် ဆေးရုံကို လိုက်ရှာနေတာပဲ။

"မင်း ဒီနေ့ ဆေးရုံရောက်ခဲ့တယ်မဟုတ်လား ... အန်တီ့ အခြေအနေ ဘယ်လိုလဲ ... "

"ကျွန်မကတော့ သိပ်အားမရဘူး ... ဆရာဝန်ကြီးတွေကတော့ ကြိုးစားနေကြတာပဲ ... အခြေအနေက သိပ်တိုးတက်မလာဘူး ... "

"တို့ ကံကြမ္မာကိုပဲ ယုံစားရတော့မှာဘဲ ဆု ... ဒီက အမြန်စက်ဘူကို ပြန်နိုင်မှကောင်းမယ် ... "

"ခွင့်အတွက်တွေ စိတ်ပူနေတာလား ... "

"ငါ့အလုပ်တွေထက် မင်းအတွက် ပြောနေတာဆု ... မင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့က ရေးချိုးခန်းထဲမှ ဖြစ်ခဲ့ပုံမျိုးကို နောက်ထပ်တစ်ကြိမ် ထပ်မမြင်ချင်တော့ဘူး ...”

ဆိုက မင်းခြိမ့်ရင်ခွင်ထဲကို တိုးဝင်ကာ ခေါင်းဖြင့် မှေးမှီထားပါလေတော့သည်။

✂······✂





* ခွေး ကြောင်ကဲ့သို့သော တိရစ္ဆာန်များသည် လူတို့ သာမန် မျက်စိဖြင့် မမြင်နိုင်သော နာမ္မာဘာဝ တစ္ဆေသရဲများကို မြင်ရလေ့ရှိသည်ဆိုသော စကားကို သူကြားဖူး၏။ ထို့ကြောင့် စိတ်ထဲတွင် ရှုံ့တွန့်တွန့်ဖြစ်နေ၏။

## [၆] ဧလျကားပေါ်မှ ဝိညာဉ်



www.burmeseclassic.com

www.burmeseclassic.com









## (၆) လှေကားပေါ်မှ ဗိညာဉ်

ပိတ်ထားသည်မှာ ကြာပြီဖြစ်သောအခန်း။

ယခင်က ဤအခန်းထဲတွင် သူတို့ညီအစ်မ ဆုနှင့်ဆူးနေခဲ့ကြသည်ဟု သူသိထား၏။ သူက ဤအခန်းထဲမရောက်ဖူးခဲ့။ ယခု မင်းမြိမ့်အခန်းရှေ့မှ ဖြတ်သွားခိုက် အခန်းထဲမှ လှုပ်ရှားနေသော လှုသံကိုကြားလိုက်ရ၏။ သူ့စိတ်က ထင်ယောင်ထင်မှား နားကြားများတာလားဟု အခန်းဝက တံခါးတွင် နားအပ်ကာ နားထောင်ကြည့်၏။

အခန်းထဲတွင် လူတစ်ယောက်လှုပ်ရှားသွားလာနေသကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



ခြေသံတရှပ်ရှပ်ကြားနေရတာက အမှန်ပင်ဖြစ်သည်။ အခန်းထဲကို ဒေါ်စိမ်းမြ ဝင်ရောက်ကာ ရှင်းလင်းသိမ်းဆည်းနေလေသလား။ တကယ်တော့ ဤအခန်းက လှဲကျင်းသိမ်းဆည်းရန် မလိုအပ်သော အခန်းဖြစ်သည်။ မင်းခြိမ့်က အခန်းတံခါးကို ရုတ်တရက်တွန်းဖွင့်ကာ ကြည့်လိုက်၏။ အခန်းထဲတွင် မည်သူမှရှိမနေ။ လူသူကင်းရှင်း တိတ်ဆိတ်နေ၏။ စူးစမ်းလိုသော စိတ်ဖြင့် မင်းခြိမ့်က အခန်းထဲ လှမ်းဝင်လာခဲ့သည်။

ပြတင်းပေါက်တံခါးတွေ ပိတ်ထားသည့် နေ့လယ်ခင်းပင်ဖြစ်သော်လည်း အခန်းထဲတွင် ဝိုးတဝါး အလင်းရောင်မှုသာရှိ၏။ သို့သော် အရာဝတ္ထုတွေကိုတော့ ထင်ထင်ရှားရှားမြင်နိုင်သည်။ နှစ်ယောက်အိပ်ခုတင်တစ်လုံး။ အဝတ်ဗီရိုတစ်လုံး ပြီးတော့ မှန်တင်ခုံ။ ပြီးတော့ စားပွဲနှင့် ကုလားထိုင်တစ်လုံး။ အရာအားလုံးပင် ဖုံအနည်းငယ်တင်လျက်ရှိ၏။ စားပွဲပေါ်တွင် … တင်ထားသည့် ကော်ကိုင်းအနက်နှင့် ဒီဂရီမျက်မှန်ကလေးကို တွေ့ရသည်။ ဆု တပ်ခဲ့သော မျက်မှန်ကလေးမှန်း သူမှတ်မိလေသည်။ မှန်တွင် ဖုံတွေကပ်ပေနေသည့် မျက်မှန်ကလေးကို စားပွဲအံဆွဲထဲထည့်ကာ သိမ်းလိုက်၏။





ဆုနဲ့ဆူးဆိုသော ညီအစ်မနှစ်ယောက်မှာ ဆုက မျက်စိမှုန်သဖြင့် ငယ်ငယ်ရွယ်ရွယ်ဖြင့်ပင် မျက်မှန်တပ်ခဲ့ရ၏။ ယခု ဆုတပ်ထားတဲ့ မျက်မှန်ကတော့ မျက်မှန်အသစ်ဖြစ်သည်။

အခန်းထဲတွင် ဘာမှထူးထူးခြားခြားမတွေ့ရ။ နံရံတွင် ချိတ်ဆွဲထားသည့် ညီအစ်မနှစ်ယောက်တွဲလျက်ရှိစဉ်က ရိုက်ထားသော ဓာတ်ပုံတစ်ပုံရှေ့ သူခဏရပ်ကာ ငေးကြည့်ရင်း မှန်ပေါ်တွင် ပေနေသည့် ဖုံများကို လက်ဖြင့်သပ်ကာ ဖယ်ရှားပေးလိုက်သည်။ သူ အခန်းထဲက ပြန်ထွက်တော့မည်ပြုပြီးမှ ခုတင်ခြေရင်းဆီသို့ အမှတ်မထင် မျက်စိရောက်သွားရာ မွေ့ရာအောက်မှ အစွန်းထွက်နေသည့် စက္ကူစလေးကို မြင်လိုက်ရသည်။ မင်းခြိမ့်က မွေ့ရာကိုလှန်ကာ အောက်က စက္ကူလေးကို ဆွဲထုတ်လိုက်သည်။

ထိုစက္ကူက ပုံဆွဲစက္ကူတစ်ရွက်ဖြစ်ကာ သူကိုယ်တိုင်ဆေးရုံက ထွက်ခွာကာနီးတွင် ဆုအား အမှတ်တရပေးခဲ့ခြင်းဖြစ်၏။ အရင်က သူက ပုံတူကူးဆွဲလျှင် ညီအစ်မနှစ်ယောက်ပုံ ဆွဲလေ့ရှိသော်လည်း ဒီပုံမှာတော့ ထူးထူးခြားခြား ဆုတစ်ယောက်တည်း၏ ပုံကို သူရေးဆွဲထားလေသည်။ ထိုပုံကလေးကို သူမြင်ရသည်မှာ အကောင်း



www.burmeseclassic.com

www.burmeseclassic.com



အတိုင်းမဟုတ်တော့။ အစိတ်စိတ်အမြွှာမြွှာ အပိုင်းပိုင်းအပြတ်ပြတ်ဖြစ်နေသည်ကို ပြန်ဆက်ထားသည့်အနေဖြင့် မြင်တွေ့နေခြင်းဖြစ်သည်။ မင်းခြိမ့် ကောင်းကောင်းသဘောပေါက်သည်။ သူနှင့် ဆုအဆင်ပြေသည်ကို ဆူးက ဘယ်တုန်းကမှ ကျေနပ်ဟန်မပြခဲ့။ အမြဲပင် တတ်နိုင်သမျှ ပြုစုပြလေ့ရှိ၏။ အခုလည်း ဤပုံကလေးကို ဆုထံတွင် တွေ့မြင်ရာမှ လုယူကာ မနာလိုစိတ်ဖြင့် ဆုတ်ဖြဲပစ်ခဲ့ပုံရ၏။ ဆုက သူတန်ဖိုးထားသော ပုံကလေးဖြစ်သဖြင့် ပြန်ကာဆက်စပ် ကော်နှင့်ကပ်ထားခြင်းဖြစ်မှာ သေချာလှသည်။

နောက်က ခြေသံကြားသဖြင့် ... လှည့်ကြည့်လိုက်တော့ အခန်းထဲဝင်လာသော ဆုကို တွေ့လိုက်ရသည်။

"ကိုခြိမ့်ပျောက်လို့ လိုက်ရှာနေတာ ... ဒီရောက်နေတာကိုး ဘာလုပ်နေတာလဲဟင် ... "

ဟုဆုက သူ့အနားလျှောက်လာရင်း မေးလိုက်သည်။ သူက သူ့လက်ထဲက ပန်းချီကားချပ်ကို ထိုးပေးရင်း ...

"ဒီပန်းချီကားက ဆုတ်ဖြဲခံထားရတယ် ... ဆူးလက်ချက်ပဲ မဟုတ်လား ... "





ဟုမေးလိုက်၏။ ဆုက ခေါင်းညိတ်ပြကာ ...

"ဟုတ်တယ် ... သူက ဆုနဲ့ကိုခြိမ့် ချစ်နေတာ လုံးဝသဘောမကျတဲ့သူ ... ဆုက ဒီပုံကလေးကို ခိုးကြည့်နေတုန်း အတင်းလက်ထဲကလုပြီး ဖြဲပစ်ခဲ့တာ ... "

မင်းခြိမ့်က သက်ပြင်းချလိုက်၏။

"ငါ့ကြောင့် ... မင်းတို့ညီအစ်မ စိတ်ဝမ်းကွဲခဲ့ရတာ စိတ်မကောင်းပါဘူး ... ပြီးတော့ ဆူးနဲ့ကိုယ်ချင်းခွဲထုတ်ဖို့ မင်းဆုံးဖြတ်လိုက်ရတာလည်း ငါ့ကြောင့်ပဲမဟုတ်လား ... အဲဒါကို မင်းအရင်က ဘာလို့မပြောတာလဲ ... "

"ကျွန်မ ဒီလိုခန္ဓာကိုခွဲမှ ရှင်နဲ့ လက်ထပ်လို့ရမှာမဟုတ်လား ဒီလိုခွဲစိတ်ခဲ့တဲ့အတွက် ကျွန်မရဲ့ကိုယ်ပွား ဆူးက သေဆုံးခဲ့တယ် ကျွန်မသာ ဒီအကြောင်းတွေပြောပြလိုက်ရင် ရှင်က ရှင့်ကိုယ်ရှင် ... အပြစ်တင်နေဦးမယ် ... ဒါကြောင့် ပြောမပြခဲ့တာ ... "

သို့သော် ဤကိစ္စနှင့်ပတ်သက်၍ တစ်စွန်းတစ်စကိုတော့ မင်းခြိမ့်သည် စိတ်ပညာကထိက ဦးသိုက်ထွန်းကတစ်ဆင့် တစ်ခန်းတစ်စ သိရှိခဲ့ပြီးဖြစ်သည်။ ဆုက ...



www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆုံးတော့ မခွဲရင်မဖြစ်တဲ့ အခြေအနေရောက်ခဲ့တယ် ကိုခြိမ့် ... သူက ကြာတော့ ဆိုးသထက်ဆိုးလာတယ် ... အိပ်ဆေးတွေအများကြီးသောက်ပြီးတော့ သူ့ကိုယ်သူ သတ်ပစ်ဖို့ကြိုးစားတယ် ... "

မင်းခြိမ့်အတွက် တကယ်ပင် ထိတ်လန့်တုန်လှုပ်စရာ ဖြစ်သည်။ သူတို့ခန္ဓာကိုယ်က နှစ်ခုတွဲနေသော်လည်း ဝိညာဉ်ကတော့ တစ်ခုတည်းလိုဖြစ်နေသည်။ ဆူးသေလျှင် မလွဲမသေ ဆုလည်း သေရပေမည်။ ဤရည်ရွယ်ချက်ဖြင့် ဆူးက သေကြောင်းကြံစည်ခဲ့ခြင်းဖြစ်၏။

"ဒါကြောင့်လည်း အမေကိုယ်တိုင်က ခွဲစိတ်ဖို့ သဘောတူခဲ့တာပေါ့ ... ဘန်ကောက်က သမားတော်ကြီးတွေက ရာခိုင်နှုန်းပြည့်တော့ မအောင်မြင်နိုင်ဘူး ... စဉ်းစားကြပါဦးလို့ ပြောပေမယ့် ... ကျွန်မတို့မှာ ရွေးစရာလမ်းမရှိခဲ့ဘူး ... "

ဤဆုံးဖြတ်ချက်မှာ ကြီးမားလှသော စွန့်စားခန်းပင် ဖြစ်ကြောင်း မင်းခြိမ့် ကောင်းကောင်း သဘောပေါက်ခဲ့သည်။ သူတို့နှစ်ဦးအနက် တစ်ဦးဦးက ရှင်နိုင်မည်။ အကယ်၍ ဆူးက မသေဆုံးခဲ့ဘဲ ဆုသာ သေဆုံးခဲ့မည်ဆိုလျှင် ...

"သူက ဘာကြောင့် ကိုယ်တို့နှစ်ယောက်ကို သဲသဲမဲမဲ ဂရုနဲ့ ကွက်နေရတာလဲ ဆု ... "

မင်းခြိမ့်၏အမေးကို ဆုက ရုတ်တရက်မဖြေ။ ခဏမျှ စဉ်းစားပြီးမှ ...

"အကြောင်းရှိတယ် ကိုခြိမ့် ... ဘာဖြစ်လို့လဲဆိုတော့ သူကလည်း ကိုခြိမ့်ကို ချစ်နေလို့ပဲ ... "

ထိုစကားကို ကြားလိုက်ရသဖြင့် မင်းခြိမ့် အံ့အားသင့်သွားသည်။ ဒီကိစ္စက သူထင်မှတ်မထားခဲ့သော ကိစ္စသာဖြစ်လေသည်။

"ဆူးကလည်း ကိုယ့်ကိုချစ်နေတယ် ဟုတ်လား ... "

ဆုက သူ့အမေးကို ခေါင်းညိတ်ပြရင်း ...

"ဟုတ်တယ် ... ရှင်ဟာ ကျွန်မတို့ ညီအစ်မနှစ်ယောက်ရဲ့ ဘဝမှာ ပထမဦးဆုံး နီးနီးကပ်ကပ် ဆက်ဆံခဲ့ဖူးတဲ့ တစ်ဦးတည်းသော ယောကျ်ားလေးပဲ ... ဒီတော့ ကျွန်မစိတ်လှုပ်ရှားသလို သူစိတ်လှုပ်ရှားတယ်ဆိုတာ ... ကျွန်မကောင်းကောင်းနားလည်နိုင်ပါတယ် ... "







www.burmeseclassic.com

www.burmeseclassic.com



သူတို့ညီအစ်မ ကံကြမ္မာက ဆန်းကြယ်လှသည်ဆိုရလေမလား။ တစ်ဦးတည်းသော ယောက်ျားကိုမှ နှစ်ယောက်ပြိုင်တူ ချစ်မိပြန်လေသည်။





ထမင်းစားပြီးသောအခါ မင်းခြိမ့်က စက်ဘပုသံရုံးကို ကားဖြင့် ထွက်ခွာသွားသည်။ ဆုအမေကို စက်ဘပုကိုခေါ်သွားဖို့ ဗီဇာကိစ္စ ဆောင်ရွက်ရန်ဖြစ်သည်။

ဆု အိမ်တွင်တစ်ယောက်တည်းကျန်နေခဲ့၏။ အိမ်ဧည့်ခန်းထဲမှ နှစ်ယောက်ထိုင် ဆိုဖာပေါ်တွင်ထိုင်ကာ တစ်ကိုယ်တည်းတွေးနေမိသည်။ အိမ်နောက်ဖေးခန်းထဲမှ ဒေါ်စိမ်းမြက ကော်ဖီတစ်ခွက် ဖျော်လာသည်။ ထမင်းစားပြီးလျှင် အချိုတည်းသည့်အနေဖြင့် ဆုက ကော်ဖီတစ်ခွက်သောက်တတ်၏။ ကော်ဖီခွက်ကိုကိုင်၍ ဆုရှိရာ ဧည့်ခန်းထဲဝင်လာသည့် ဒေါ်စိမ်းမြမှာ ...



www.burmeseclassic.com

www.burmeseclassic.com



ဖည့်ခန်းထဲတွင် သူ့ကိုကျောပေးကာ ဆုနှင့် အတူယှဉ်တွဲထိုင်နေသည့် မိန်းကလေးတစ်ယောက်ကို မြင်လိုက်ရသောအခါ ရုတ်တရက် ခြေလှမ်းတွေ တုံ့ရပ်သွား၏။ သူ့ကို ဧည့်သည်ရောက်နေသည်ဟု ဆုက မပြော။ ဧည့်သည်ရောက်သည့် အသံလည်း မကြားရ။ အဘယ်ကြောင့် ဤမိန်းကလေးက ပူးပူးကပ်ကပ်ထိုင်ရုံမက ဆုပခုံးပေါ်တွင် လက်တစ်ဖက်တင်၍ ထားသေးသနည်း။

ဒေါ်စိမ်းမြက ဆက်လျှောက်လာခဲ့သည်။ ဆု၏ ပခုံးကို ကိုင်ထားသော မိန်းကလေးက ခြေသံကြားသောကြောင့် သူ့ဘက်လှည့်ကြည့်၏။ ထိုမိန်းကလေး၏ မျက်နှာကို မြင်ရသောအခါ ဒေါ်စိမ်းမြကိုင်လာသော ကော်ဖီခွက် လက်ကလွတ်ကျ၍သွားလေတော့သည်။ ထိုမိန်းကလေးက ဆူးဖြစ်နေသောကြောင့်ပင်။ မျက်နှာမှာ ဆုနှင့်တူလှသော်လည်း ကွယ်လွန်ပြီးသူ၏မျက်နှာ ဖြစ်သည့်နှင့်အညီ မြင်ရသည်မှာ ကျက်သရေ ကင်းမဲ့လှလေသည်။

ကော်ဖီခွက် ကျကွဲသံကြောင့် ဆုက နောက်ကိုလှည့်ကြည့်လိုက်ကာ ကြောက်ရွံ့ထိတ်လန့်ဟန်ပေါ်နေသည့် ဒေါ်စိမ်းမြကို မြင်လိုက်သောအခါ ...

"ဒေါ်စိမ်းမြ ... ဘာဖြစ်တာလဲဟင်"





"ဟို ... ဟို ... "

ဒေါ်စိမ်းမြမှာ ပြောရခက်၍သွားသည်။ သူအခုကြည့်လိုက်တော့ နှစ်ယောက်ထိုင် ဆိုဖာပေါ်တွင် ထိုင်နေသူမှာ ဆုတစ်ယောက်သာရှိသည်။ သူပြောပြလျှင် အရူးဖြစ်လိမ့်မည်။ ထို့ကြောင့်

"ဟို ... လက်ထဲက ကော်ဖီပန်းကန်လွတ်ကျသွားလို့ပါ ... ကလေးမ ... "

"ဒါများ ဒေါ်စိမ်းမြရယ် ... ဒီလောက်ကြောက်ရွံ့နေသလားရှင် ... ပုံစံက တစ္ဆေသရဲကို မြင်လိုက်ရတဲ့ အတိုင်းပဲ ... "

"ဒေါ်စိမ်းမြ နောက်တစ်ခွက်သွားဖျော်ပေးမယ်နော်"

ဒေါ်စိမ်းမြကပြောကာ ကြမ်းပြင်ပေါ်တွင် ကျကွဲနေသော ကော်ဖီပန်းကန်ကွဲကို သိမ်းဆည်းကာ နောက်ဖေးပြန်ဝင်သွားလေသည်။

တော်တော်ကြာတော့ ကော်ဖီတစ်ပန်းကန်ဖျော်ကာ ပြန်ရောက်လာ၏။ ကော်ဖီပန်းကန်ကိုချပေးရင်း ဟိုကြည့်သည်ကြည့် မလုံမလဲသလိုကြည့်သည်။ ပြီးတော့ ဤအခန်းထဲတွင် ကြာရှည်မနေရဲသကဲ့သို့ ခပ်သွက်သွက်ပင် အခန်းထဲက ပြန်လည်ထွက်ခွာသွားတော့သည်။ ဒေါ်စိမ်းမြကို ကြည့်ကာ ဆုစိတ်ထဲက ဒီမိန်းမကြီး



www.burmeseclassic.com

www.burmeseclassic.com



မှုပျက်သလိုဖြစ်နေသည်ဟု မြင်၏။ သို့သော် ဘယ်လိုမှုပျက်နေတာတော့ ဆုလည်းတွေးမရ။

ဆုက ကော်ဖီကိုသောက်နေတုန်း ခွေးဟောင်သံကြားရ၏။ အသံက ဘော်ဘီ၏ အသံ။ တလောက သူဝယ်လာသည့် ခွေးကလေး။ သို့သော် မင်းခြိမ့်ကတော့ သေဆုံးသွားသော ဘော်ဘီ၏ ကိုယ်ပွားဆိုတာ လက်မခံ။ ဘော်ဘီနေရာတွင် ဒုတိယ ဘော်ဘီကို အစားထိုးလိုဟန်မရှိ။

ခွေးဟောင်သံကြားရာ သူထ,လာခဲ့သည်။ ခွေးက လှေကားပေါ်တွင် ဟောင်နေခြင်းဖြစ်၏။ လှေကားက တစ်ဆစ်ချိုးလှေကား ဖြစ်သည်။ ဤတစ်ဆစ်ချိုးလှေကားပေါ်တွင် ခွေးကလေးက နံရံကို ခေါင်းမော့ကြည့်ကာ ဟောင်နေ၏။ သူငေးကြည့်ကာ ဟောင်နေသည့် နံရံတွင် ဓာတ်ပုံတစ်ပုံ ချိတ်ဆွဲထား၏။ ထိုဓာတ်ပုံမှာ သူတို့ညီအစ်မနှစ်ဦး၏ ဓာတ်ပုံပင်ဖြစ်သည်။

ဆုက ထိုနေရာရောက်အောင် လှေကားအတိုင်းတက်သွားသည်။

"ဘော်ဘီ ... ဟဲ့ ဘော်ဘီ"

ဟုဟန့်တားနေသော်လည်း ဘော်ဘီဟောင်နေတာ ရပ်တန့်မသွား။ ဓာတ်ပုံကို စိုက်ကြည့်ကာ စူးစူးဝါးဝါးဟောင်နေ၏။ ခွေး ကြောင်ကဲ့သို့သော တိရစ္ဆာန်များသည် လူတို့ သာမန်မျက်စိဖြင့် မမြင်နိုင်သော နာနာဘာဝ တစ္ဆေသရဲများကို မြင်ရလေ့ရှိသည်ဆို သည့် စကားကို သူကြားဖူး၏။ ဒါကြောင့် စိတ်ထဲတွင် တွန့်တွန့်ဖြစ် နေသည်။ ဓာတ်ပုံကို သေသေချာချာစိုက်ကြည့်လိုက်၏။ ဓာတ်ပုံက မဆန်း။ သူတို့ညီအစ်မနှစ်ယောက် တစ်ယောက်ပခုံးတစ်ယောက် ဖက်ကာ ရိုက်ထားသည့် ဓာတ်ပုံ။ ဆုက ဓာတ်ပုံနားရောက်အောင် ရှေ့တိုးကပ်သွားကာ ဓာတ်ပုံကို ငေးစိုက်ကြည့်လိုက်၏။ ဓာတ်ပုံထဲက ဆူးမှာ သူ့ကို စိုက်ကာ ပြန်ကြည့်နေသည်ဟု ထင်မှတ်ရသည်။ ထိုအခိုက်မှာပင် ရုတ်တရက်မျက်တောင်ခတ်လိုက်သည်ဟု စိတ်ထဲ တွင် ထင်မှတ်လိုက်ရရာ ...

ဆုသည် အလန့်တကြားစိတ်ဖြင့် နောက်ဆုတ်လိုက်လေရာ လှေကားထစ်ကို နောက်ပြန်ချော်နင်းမိပြီး အောက်သို့ ဒလိမ့် ကောက်ကွေး ကျသွားလေတော့သည်။

ဆူညံသောအသံကြောင့် နောက်ဖေးမှ ဒေါ်စိမ်းမြ ပြေးထွက် လာ၏။ လှေကားခြေရင်းတွင် မထနိုင်ဖြစ်နေသော ဆုအား တွေ့ရ သည်။ တော်ပါသေးသည်။ အနည်းငယ် ပွန်းပဲ့၍ သွားသည်ကလွဲ၍







www.burmeseclassic.com

www.burmeseclassic.com



ဆိုးဆိုးဝါးဝါးထိခိုက်ဒဏ်ရာရတာမရှိ၊ အမြင့်ကကျသဖြင့် ထိတ်လန့်သွားခြင်းသာရှိ၏။

"ဒေါ်စိမ်းမြ ဘာလုပ်ပေးရမလဲ ... "

"ရတယ် ... ဒေါ်စိမ်းမြ ... ကျွန်မ ဘာမှမဖြစ်ပါဘူး ... ရှင်လုပ်စရာရှိတာသာ ... သွားလုပ်တော့ ... "

ဆုရင်ထဲတွင် မျိုသိပ်ထားသည့် ဒေါသတွေ ပေါက်ကွဲသွားသည်။ သူအိမ်ပေါ် ထပ်တက်လာကာ သူတို့နှစ်ယောက် အရင်ကနေခဲ့သည့် အခန်းထဲ ဝင်လာခဲ့သည်။ ပြီးတော့ ဗီရိုတံခါးကို ဆွဲဖွင့်လိုက်သည်။ သူတို့ညီအစ်မနှစ်ယောက် ငယ်စဉ်ကတည်းက အတူတူဝတ်လာခဲ့သော အဝတ်အစားတွေက ဗီရိုထဲမှာရှိနေသည်။ ထိုအဝတ်အစားတွေက တွဲချုပ်ထားတာတွေဖြစ်၏။ သူက ထိုအဝတ်အစားတွေကို ဆွဲထုတ်ယူလာခဲ့သည်။ ပြီးတော့ ခြံထဲတွင်ပုံကာ မီးရှို့ပစ်သည်။ မီးတောက်တွေက တစ်စထက်တစ်စ ကြီးထွားလာ၏။ ထိုမီးတောက်ထဲကို အဝတ်အစားတွေ တစ်ခုပြီးပစ်ထည့်သည်။ မီးခိုးငွေ့တွေက တလူလူဖြစ်ကာ ကောင်းကင်သို့တလွင့်လွင့်တက်၍ သွား၏။

ဒေါ်စိမ်းမြကတော့ ဒေါသကြီးပြူမူနေသည့် ဆုကို ဘေးမှရပ်





ကာ နားမလည်နိုင်သလို ငေးကြည့်နေသည်။ သူကတော့ ဘာမှတတ်နိုင်သူမဟုတ်။ ခွေးကလေးဘော်ဘီကတော့ ထိုမီးပုံကို ကြည့်ကာ ဆိုးဆိုးဝါးဝါး ထိုးဟောင်နေပြန်ပါလေသည်။

✂---✂



www.burmeseclassic.com

www.burmeseclassic.com



* ငါမသေခင် မင်းကို မင်းသိသင့်တဲ့ လျှို့ဝှက်ချက်လေးတစ်ခု ပြောပြသွားချင်တယ် ... ။ ငါမပြောခဲ့ရင် နောက်ဆို ဒီအကြောင်း မင်းကို ပြောနိုင်တဲ့သူ ရှိမှာမဟုတ်တော့ဘူး။

## [၇] ဆုံမှတ်မဲ့မျဉ်းပြိုင်

www.burmeseclassic.com

www.burmeseclassic.com









## (၇) ဆုံမှတ်မဲ့မျဉ်းပြိုင်

မင်းခြိမ့်က ကားကို ဆေးရုံသို့ မောင်းလာခဲ့သည်။ စက်ဘုပူ ဗီဇာက သိပ်အခက်အခဲမရှိ။ ဆေးကုသမှုခံယူမည့်သူဖြစ်သဖြင့် အလျင်အမြန်ဆောင်ရွက်ပေးကြသည်။ ဒီဘက်က လူနာ စက်ဘုပူသို့ ခေါ်ဆောင်သွားနိုင်လောက်အောင် ကျန်းမာရေးကောင်းနေဖို့လို၏။

ဆေးရုံဝန်းထဲတွင် ကားကိုရပ်ကာ ဆေးရုံပေါ်သို့ တက်ခဲ့တော့ ဆေးရုံတွင် ဆုရောက်ရှိနေလောက်ပြီဟု ထင်သည်။ သူ့အမေ ကလုံးဝသတိလစ်မေ့မျောနေသူဆိုသော်လည်း သူနာပြုဆရာမနည်း လွှတ်ပေးထားဖို့ မသင့်တော်။ သူတို့ တစ်နေ့တစ်ကြိမ်နှစ်ကြိမ်တော့



www.burmeseclassic.com

www.burmeseclassic.com



ခဏာဖြစ်ဖြစ် လာကြသည့်ကြ၏။ ဒေါ်ခင်ကြီး(ဆုအမေ)ကို ကုသသော ဆရာဝန်တွေနှင့် တိုင်ပင်စရာရှိတာ တိုင်ပင်၏။ လိုအပ်တာ ပံ့ပိုးပေးရ၏။

အခုလည်း ဆေးရုံတွင် ဆုရောက်နေပြီထင်သဖြင့် အိမ်ဝင်မခေါ်ဘဲ ဆေးရုံတန်းလာခဲ့၏။ ဘာကြောင့်လည်းမသိ၊ ဆုရောက်မလာသေး။ ဆရာဝန်ကြီးက သူ့ကိုမြင်တော့ ...

"ခင်ဗျားရောက်လာတာ အတော်ပဲ ... ခုန လူနာသတိပြန်လည်လာတယ် ..."

ဟုဆို၏။ မင်းခြိမ့် ဝမ်းသာသွားသည်။ ဤစကားကို ဆုသာကြားရလျှင် ဘယ်လောက်ပျော်ပေမည်နည်း။ ဆရာဝန်ကြီးက ...

"အိမ်ကိုအကြောင်းကြားဖို့ ဖုန်းခေါ်သေးတယ် ... ဖုန်းကိုင်မယ့်သူမရှိဘူး ..."

ဟုပြော၏။

"ကျွန်တော်က ကိစ္စတစ်ခုခုနဲ့ အပြင်ရောက်နေတယ် ... ... ဆရာ ... ဆုလည်း အခု ဒီဆေးရုံကိုလာနေပြီထင်ပါတယ် ... ဒါကြောင့် အိမ်မှာ ဖုန်းကိုင်မဲ့လူမရှိဘူး ..."

ဟုပြောရင်း လူနာရှိရာ အခန်းထွက်လာခဲ့သည်။ ဒေါ်ခင်ကြီး





သည်။ မျက်လုံးများကို စုံမှိတ်ကာ ခုတင်ပေါ်တွင် ငြိမ်သက်စွာလှဲနေ၏။ သတိပြန်လည်လာခဲ့တယ် ဆိုတာမှ ဟုတ်ပါလေစ။ သံသယပွားကာ ခုတင်ဘေးက ကုလားထိုင်တွင်ထိုင်ရင်း လူနာ၏လက်ကလေးကို အသာအယာဆုပ်ကိုင်လိုက်မိ၏။ သူ့အတွေ့အထိကြောင့် ပင်ထင်ကာ လူနာက မျက်လုံးများဖွင့်၍ လာသည်။ မင်းခြိမ့်ကို မြင်တော့ ကျေနပ်ဟန်မျက်လုံးများက အရောင်တလက်လက်ထွက်လာ၏။

"အမေ နေလို့ကောင်းလား ... သတိရလာပြီလား ..."

သူကမေးတော့ ဒေါ်ခင်ကြီးက ခေါင်းညိတ်၏။

"ဆုလည်း မကြာခင်ရောက်လာလိမ့်မယ် ..."

ပြောတော့ အလိုမကျဟန်ခေါင်းခါပြသည်။ မင်းခြိမ့်က နားမလည်။ ဘာကြောင့် ဆုလာမယ်ဆိုတာကို ဝမ်းမြောက်ဟန်မပြရသနည်း။ ဒေါ်ခင်ကြီး သူ့နှုတ်ခမ်းတွေလှုပ်ကာ တစ္စုစုပြောနေတာတွေ့ရသည်။ သို့သော် အသံကတိုးညှင်းလွန်းသဖြင့် သူဘာမှမကြား။ ထို့ကြောင့် ကိုယ်ကိုကိုင်းကာ ငုံ့နားထောင်လိုက်မိသည်။ ဒေါ်ခင်ကြီးကအားယူကာ လေသံမျှပြောနေသော်လည်း သူသဲသဲကွဲကွဲကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ငါပြောစရာရှိလို့ စောင့်နေတာ ... ဒီစကားကိုသာ မပြောဘဲ ငါသေသွားရင် ... ငါအသေဖြောင့်မှာမဟုတ်ဘူး ... "

ဘာစကားက ... ဒီလောက်အရေးကြီးနိုင်ပါသနည်း။ မင်းခြိမ့်က ...

"အန်တီ မောနေမယ် ... စကားမပြောပါနဲ့ ... အန်တီ့ကို ကျွန်တော်တို့ စက်ဘုကို ခေါ်သွားပြီးကုမယ် ... အန်တီကောင်းသွားမှာပါ ... "

ဟုဆိုသော်လည်း ခေါင်းခါကာ ...

"ငါ့အခြေအနေကိုသိတယ် ... ငါဒီတောင်ကကျော်နိုင်မှာ ... မဟုတ်တော့ဘူး ... ငါမသေခင် မင်းကို မင်းသိထားသင့်တဲ့ လျှို့ဝှက်ချက်ကလေး တစ်ခုပြောချင်တယ် ... ငါသာမပြောရင် ဒီအကြောင်း မင်းကို ပြောနိုင်တဲ့သူရှိတော့မှာ မဟုတ်ဘူး ... "

ဒီလောက်ကြီး ပြောလာတော့ မင်းခြိမ့် စိတ်ဝင်စားသွားသည်။ လူနာ၏ လတ်တလောအခြေအနေကိုပင် မေ့လျော့သွားကာ

"ဘာအကြောင်းလဲ အန်တီ ... "

"မင်း ... မင်းနဲ့လက်ထပ်ထားတဲ့သူဟာ ဆု မဟုတ်ဘူး"

သူကြားလိုက်ရသည့် ... စကားတွေကို မင်းခြိမ့်မယုံနိုင်။





သို့ကြောင့် သေချာအောင်ထပ်မေးလိုက်၏။

"ကျွန်တော်လက်ထပ်ထားတဲ့သူဟာ ... ဆု မဟုတ်ဘူး ... ဟုတ်လား ... "

"ဟုတ်တယ် ... သူက ဆုးပဲ ... "

ကမ္ဘာလောကကြီးတစ်ခုလုံး အိုးကင်းစက်ကွင်းသို့ ချာချာလည်သွားသလို မင်းခြိမ့် ခံစားလိုက်ရလေတော့သည်။

✂ ✂



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်သူ ဆုဟုလိမ်လည်ထားသော ဆူးသည် သူတို့အိပ်ခန်းထဲရှိ မှန်တင်ခုံတွင် ထိုင်နေသည်။ ပြီးတော့ မှန်ထဲတွင် မြင်နေသော သူ့ရုပ်ပုံလွှာကို ငေးကြည့်၏။ ဆုနှင့် တစ်ထေရာတည်းပါပဲ သူတို့ညီအစ်မက ရုပ်ချင်းအင်မတန်တူသည်။ အမေအရင်းပင် ခွဲရခက်၏။

နည်းနည်းကြီးလာတော့ ဆုက မျက်စိမှုန်သဖြင့် မျက်မှန်တပ်ရသည်။ ဒီတော့ သူတို့နှစ်ယောက် ခွဲခြားရတာလွယ်၍သွားသည်။ မျက်မှန်နှင့်ဆို ဆု။ မျက်မှန်မပါရင် ဆူး။



www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စက ခက်ခက်ခဲခဲမဟုတ်ပါ။ ဆူးက ဆုအယောင်ဆောင်မည်ပြုသောအခါ ပါဝါမဟုတ်သော ဒီဂရီမျက်မှန်တစ်လက်ကို မျက်နှာတွင် တပ်ဆင်လိုက်ရုံသာရှိသည်။ ဆုနှင့် ဆင်တူအောင် တုပတာက သိပ်ခက်ခက်ခဲခဲမရှိ။ ဆုက အချိုကြိုက်သည်။ ဆူးကအချဉ်ကြိုက်သည်။ လူအများရှေ့တွင် သူက အချဉ်ရှောင်ကာ အချိုစားပြလိုက်ရုံပင်။ တစ်ခုပဲ ခက်ခက်ခဲခဲလုပ်ဆောင်ခဲ့ရသည်။

ဆု၏ ဘယ်ဘက်လက်ညှိုးပေါ်တွင် ဓားရှရာမှ ဖြစ်နေသည့် ဒဏ်ရာအမာရွတ်ကလေးတစ်ခုရှိ၏။ ဆေးရုံတွင် နေစဉ်က မင်းခြိမ့်၏ ခဲတံကို ချွန်ပေးရာမှ မတော်တဆ ထိရှခဲ့ခြင်းဖြစ်သည်။ ဒီဒဏ်ရာအမာရွတ်ကို မင်းခြိမ့်ကလည်း သတိကောင်းကောင်းထားမိ၏။ ထို့ကြောင့် ဆူးသည် ဆုနှင့် ဘသွေမတိမ်းတူစေရန် သူ့ဘယ်လက်ညှိုးတွင် တမင်သက်သက် အသားကောင်းကို ဓားနှင့်ခွဲကာ ဒဏ်ရာအမာရွတ်တစ်ခုကိုပြုခဲ့ရ၏။ ဒါဆိုရင် သူနှင့်ဆုသည် တကယ်ပင်ခွဲရခက်ပြီဟု ဆူးက ထင်မှတ်ခဲ့လေသည်။

တစ်ခါတရံ၌ ပြောပြ၍ စာနာရန်ခက်ခဲသော ကိစ္စတချို့ရှိ၏။ သူတို့နှစ်ယောက်ဘဝမှာလည်း ထိုသို့ပင် ဖြစ်သည်။ ကိုယ်ချင်းဆက်နေသော အမြွှာများ၏ ကိုယ်စိတ်ဒုက္ခကို ကိုယ်တိုင် ကိုယ်ချင်းဆက်





အမြွှာဖြစ်မနေဖူးဘဲ ခံစားနိုင်ဖို့ဆိုတာ တကယ်ပင်မလွယ်ချင်။

စားရင်လည်း ဒုက္ခ။ အိပ်ရင်လည်း ဒုက္ခ။ နေရင်လည်း ဒုက္ခ။

ဒီဒုက္ခတွေကလည်း ကြာတော့ သူတို့နှစ်ယောက်အတွက် ရိုးရှိသွားသည်။ ဒုက္ခတွေကို နှစ်ယောက်သား စာနာကူညီခြင်းဖြင့် ဖေးဖေးမမ အပြန်အလှန် အကာအကွယ်ပေးခဲ့ကြသည်။ သူတို့နှစ်ဦး၏ ဘဝမှာ လူချင်းတူသော်လည်း အခြားသူတွေ၏ ဘဝနှင့်ခြားနားကြောင်း အရွယ်ရောက်စမှာပင် သဘောပေါက်လာသည်။

တစ်ခါတရံ လမ်းပေါ်တွင် သူတို့နှင့်ရွယ်တူ ကလေးများပြေးလွှားဆော့ကစားနေတာ သူတို့မြင်တွေ့ကာ အားကျမိ၏။ သို့သော် သူတို့နှစ်ယောက်က ဤကလေးတွေနှင့်အတူ ပြေးလွှားဆော့ကစားခြင်းမပြုနိုင်။ မိတ်ဖွဲ့ဖို့ဆိုတာက ပို၍ ဝေးသေးသည်။ ကလေးတွေက သူတို့ကို မြင်လျှင် တုံ့ပြန်ပုံကအမျိုးမျိုး။ တချို့က တစ္ဆေသရဲကိုမြင်သလို ထိတ်လန့်၏။ တချို့ကရွံ့ရှာကြ၏။ တချို့ကတော့ လှောင်ပြောင်သရော်ကြ၏။ ဒီအခြေအနေတွေကို သူတို့ ကြံ့ကြံ့ခံနိုင်ဖို့ခက်လှသည်။ ဒါကြောင့် တတ်နိုင်သည့် သူတို့မိဘများက ကလေးများနှင့် ရောနှောစာသင်ရမည့် ကျောင်းကိုမလွှတ်တော့ဘဲ အိမ်၌ပင် ဆရာများခေါ်လာကာ စာသင်ပေးခဲ့သည်။ သူတို့နှစ်ယောက်လုံးပင်



www.burmeseclassic.com

www.burmeseclassic.com



စာတော်ကြသဖြင့် ဆရာများကပင် ချီးမွမ်းကြရသည်။ ခန္ဓာကိုယ်ဖွဲ့စည်းပုံကသာ ထူးခြားနေသော်လည်း သူတို့ဉာဏ်ရည်က ချို့ယွင်းခြင်းမရှိတာ သေချာသည်။ ပုံမှန်ဉာဏ်ရည်ထက် မနိမ့်ကျကြ။

သူတို့သည် ရုပ်ချင်းတွင် ခွဲခြက်လောက်အောင် တူညီရုံမက၊ ခန္ဓာကိုယ်ချင်းပါ ချိတ်ဆက်နေသော်လည်း စရိုက်ချင်းကတော့ … အတော်အတန် ကွာခြားကြသည်။ ဆုက … နူးညံ့ပျော့ပျောင်းသလောက် ဆူးက ခက်ထန်မာကျောသည်။ ငယ်စဉ်ကပင် မကြာခဏ အလိုမကျဖြစ်ကာ စိတ်ဆိုးစိတ်ကောက်တတ်သည်။ ဒါကြောင့်သူ့မိဘတွေက သူ့ထက် ဆုကိုအချစ်ပိုကြသည်။ ဒါကတော့ ဆုကသူ့ထက် ဘဝအကျိုးပေးသာသော အချက်ဖြစ်ပုံရ၏။ အိမ်လာလည်သည့် ဧည့်သည်တွေကလည်း သူတို့နှစ်ယောက်ကို မြင်လျှင် ဆုကိုသာ အချစ်ပိုတတ်သည်။ အရေးပေးဆက်ဆံတတ်သည်။ ဒါမှမဟုတ်လူချစ်အောင်နေတတ်သည်ဟု ဆိုရလေမလားမသိ။

သို့တိုင်အောင် သူတို့ညီအစ်မအကြားတွင် … အထစ်အငေါ့အဆင်မပြေစရာမဖြစ်။ ကိုမင်းခြိမ့်နှင့် မဆုံခင်အထိဆိုပါတော့။

အားလျှင် သူတို့ညီအစ်မအတွက် အချိန်ဖြုန်းအပန်းဖြေစရာအလုပ်က စာဖတ်ခြင်းနှင့် ဗီဒီယိုရုပ်ရှင်ကြည့်ခြင်း ဖြစ်သည်။ ဤ





နေရာတွင် သူတို့က အကြိုက်ချင်းမတူ။ ဆူးက စုံထောက်လျှို့ဝှက်သဲဖိုဝတ္ထုတွေကြိုက်ကာ ဆူးကတော့ အချစ်ဝတ္ထုတွေကြိုက်သည်။ ခုတင်ပေါ်တွင် အတူတူထိုင်ကာ နှစ်သက်ရာစာအုပ်ကိုယ်စီဖြင့် သူတို့ညီအစ်မ ငြိမ်သက်နေတတ်သည်။ စာဖတ်တာက ပြဿနာမရှိသော်လည်း ဗီဒီယိုရုပ်ရှင်ကြည့်တဲ့အခါကျတော့ ပြဿနာရှိလာသည်။ ဆုက အချစ်ကားကြည့်ချင်သည်။ ဆူးက စုံထောက်လျှို့ဝှက်သဲဖိုကားကြည့်ချင်သည်။ တစ်ယောက်ကကြိုက်တာကြည့်လျှင် ကျန်တစ်ယောက်မကြိုက်ဘဲ ထိုင်ကြည့်နေရတာက တစ်ဒုက္ခ။ မကြိုက်လျှင် ဝေးဝေးသွားလို့ရသည့် လူမဟုတ်။ ဒီတော့ တစ်ခါတလေတစ်ယောက်ကြည့်နေခိုက် တစ်ယောက်က ဘေးတွင် အိပ်ပျော်နေတတ်သည်။

တစ်ခါတလေကျတော့လည်း စာအုပ်တစ်အုပ်ကိုယ်စီဖြင့် ကိုင်ကာဖတ်ရင်း နှစ်ယောက်သားပါးစပ်က တစ်ခုခုစားနေတတ်ကြ၏။ အများအားဖြင့် အချိုကြိုက်သော ဆုက သကြားလုံး၊ ချောကလက် စသည်တို့ကို စားကာ၊ အချဉ်ကြိုက်သော ဆူးက ဇီးသီး၊ မရမ်းသီးယိုစသည်တို့ကို စားနေတတ်သည်။ ဤမျှ အကြိုက်ချင်း မတူကြသော ညီအစ်မနှစ်ယောက်က တစ်ယောက်တည်းသော



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ကို ပြိုင်တူကြိုက်မိတာကတော့ လှောင်ရက်သော ကံကြမ္မာကိုသာ အပြစ်တင်ရတော့မည်ထင်ပါသည်။

✂------✂





ဤပြသနာ၏ မြစ်ဖျားခံရာမှာ ဆူးသာဖြစ်လေသည်။ ဆူးက အအေးကြိုက်၏။ ရေချိုးလျှင် တော်တော်နှင့်မပြီး။ သို့ဖြင့် အအေးပတ်ကာ သူတို့ဖျားတော့သည်။ အဆုတ်ပါပွနေသဖြင့် အိမ်ခေါ်ကုသော ဆရာဝန် ဆေးရုံတက်ရန် တိုက်တွန်း၏။ သို့ဖြင့် သူတို့နှစ်ယောက် ဆေးရုံရောက်ခဲ့ရတော့သည်။ ပထမထပ်ရှိ သီးသန့်ခန်းတွင် သူတို့နေထိုင်နေကြသည်။

သူတို့ ဆေးရုံရောက်သည်နှင့် သတင်းက အလျင်အမြန်ပြန့်ပွားသွားသည်။ ထိုကြောင့် ဆေးရုံတက်နေသော ထသွားထလာပြုနိုင်သည့် လူနာတွေသာမဟုတ်၊ ထိုလူနာများထံလာသည့်ဧည့်သည်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ပါ သူတို့ညီအစ်မရှိရာ ရောက်လာကာ တစ်စေ့တစောင်း အကဲခတ်ကြည့်ကြသည်။ တကယ်တော့ သူတို့ကို ဒီလို ရုံသွင်းပြသသည့် အရုံ့ဖွယ်ပွဲလို လူတွေလာကြည့်နေတာကို နှစ်ယောက်လုံးက မလိုလား။ သို့သော် လာမကြည့်ပါနှင့်ဟု တားမြစ်ပိုင်ခွင့်လည်းမရှိ။

တစ်ရက်တွင် ပြတင်းပေါက်၌ ရပ်ငေးနေရင်း ဆူးသည် ပန်းခြံထဲရှိ ပိတောက်ပင်အောက်တွင် ဘီးကပ်ကုလားထိုင်နှင့်ထိုင်ကာ ပန်းချီရေးနေဟန်တူသည့် လူငယ်တစ်ယောက်ကို အမှတ်မထင် တွေ့မြင်မိလေသည်။ အတန်ငယ် အလှမ်းဝေးနေသော်လည်း ထိုသူသည် လူချောတစ်ယောက်ဖြစ်မှန်း သိသာသည်။ အသားဖြူဖြူ နှာတံပေါ်ပေါ် အတော်ပင်ရှည်သော ဆံပင်ရှည်ရှည်များက ခြင်္သေ့တစ်ကောင်၏ လည်ဆံမွေးလို ပခုံးပေါ် ကျနေ၏။

"နင်ဘာတွေကြည့်နေတာလဲ ဆူး"

သူ့အားတွင် ယှဉ်တွဲနေသည့် ဆုက ဆူးကိုမေးလိုက်ခြင်းဖြစ်သည်။ ဆူးက ကိုယ့်ကစားစရာကို သူများယူဆော့မည်စိုးသဖြင့် ဖွက်ထားချင်သော ကလေးတစ်ယောက်၏ စိတ်မျိုးဖြင့် ...

"ဘာမှမဟုတ်ပါဘူး ... ဟိုကောင်းကင်က တိမ်စိုင်လေးလွင့်နေတာကို ငေးကြည့်နေတာ ..."





ဟုလိမ်းလွှဲပြောလိုက်တော့၏။ တစ်ဆက်တည်း ...

"ကြည့်စမ်း ... ငန်းဖြူဖြူကြီးတစ်ကောင်နဲ့မတူဘူးလား"

"မတူပါဘူး ... သိုးဖြူကြီးတစ်ကောင်နဲ့ပိုတူတယ် ..."

ဆု၏ စိတ်က တကယ်ပင် တိမ်တွေဆီရောက်၍ သွားသည်။ ဆူးက ဒီလူကို သူစမြင်ခဲ့တာ ... သူပဲပိုင်ဆိုင်သင့်သည်ဟု ယူဆနေခဲ့သည်။ သို့သော် သူနှင့်ယှဉ်လိုက်တိုင်း အမြဲကံကောင်းနေတတ်သော ဆုသည် ...

တစ်ရက်တွင် ပြတင်းဝမှရပ်ကာ ဆုက ပန်းခြံထဲက တစ်စုံတစ်ဦးကိုငေးကြည့်နေတာ ဆူးက သတိထားမိသွား၏။ ထို့ကြောင့် သူ့ရှေ့တွင် ကာထားသည့် ခန်းဆီးကို ဆွဲဖယ်လိုက်သောအခါ ...

ပန်းခြံထဲရှိ ဘီးတပ်ကုလားထိုင်ပေါ်မှ လူငယ်နှင့် ဆုတို့ မျက်လုံးချင်းစကားပြောနေကြတာ ရိပ်စားမိသွားသည်။ ပန်းခြံထဲက လူငယ်သည် ဆုကို တစ်ကိုယ်တည်းဟု ထင်မြင်ယူဆနေပုံရ၏။ ဆူးက သူ့ရှေ့တွင် ကွယ်နေသည့် လိုက်ကာစကို ဆွဲဖယ်လိုက်၏။ သို့သော် အချစ်ဆိုသည့်သဘောမှာ ဆန်းကြယ်လှသည်။ အဖြစ်မှန်ကို သိသွားသည့်တိုင်အောင် လူရွယ်သည် ဆုအပေါ်တွင် အချစ်ပျက်ပြယ်နိုင်ဟန်မရှိ။

www.burmeseclassic.com

www.burmeseclassic.com



အချစ်ပျက်ပြယ်ရုံမက ဆထက်ထမ်းပိုး မေတ္တာတိုးကာ၊ အမျိုးမျိုးချဉ်းကပ်လာတော့သည်။ သူတို့ညီအစ်မ နေစာလှုံ့ရန် ပန်းခြံထဲရှိ နှစ်ယောက်ထိုင်ခုံတွင် ထိုင်ချိန်တိုင်း ဘီးတပ်ကုလားထိုင် ကိုယ်တိုင်လှိမ့်၍ ရောက်လာတတ်ကာ စကားမရှိစကားရှာ ပြောနေတတ်သည်။ ဒါမှမဟုတ် ခွင့်တောင်းကာ သူတို့နှစ်ယောက်လုံး၏ ပုံတူကို ရေးချင်ရေးနေတတ်သည်။ ဒီတော့မှ သူ့နာမည်က မင်းခြိမ့် ဖြစ်ကာ အင်ဂျင်နီယာဘွဲ့ရ မန္တလေးမှ သူဌေးသားတစ်ဦးဟု သိရသည်။

ကိုမင်းခြိမ့်မှာ အနီးကပ်ကြည့်သောအခါ ပို၍ ဆွဲဆောင်မှု ရှိကြောင်းသိရသည်။ စကားပြောသည့်အခါ ချိုသာရည်မွန်သည်။ ဆုနှင့် မင်းခြိမ့်သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ စကားပြောကြရင်း တစ်လောကလုံးပင် မေ့လျော့နေပုံရ၏။ တစ်လောကလုံးကို သူတို့မေ့လျော့နေတာက ပြဿနာမရှိ။ သူတို့နှစ်ယောက်အနီးတွင် ရှိနေသော မိမိကို မေ့လျော့နေကြတာကို ဆုး အတော်ပင် မခံချိမခံသာဖြစ်လေသည်။ ကိုယ်က စိတ်ဝင်စားနေသူ တစ်ဦး၏ လျစ်လျူရှုခြင်းခံရသည့် ဝေဒနာမှာ အတော်ပင်ဆိုးဝါးလှသည်။





ဆုနှင့် ဆုးဆိုသော ညီအစ်မနှစ်ယောက်သည် ဘဝချင်းတူ သော်လည်း ကံချင်းဘာကြောင့် မတူရသနည်း။ ဆုက အမည်နှင့် လိုက်အောင် ဆုလာဘ်အမျိုးမျိုးကိုရခဲ့သည်။ လူတကာပင် မြင်ရုံဖြင့် လေးစားချစ်ခင်ခြင်းခံရသည်။ ဆုးကိုတော့ ဆုးဆိုသော အမည်နှင့် လိုက်အောင် ရှောင်ကြဉ်ကြသည်။ သူနှင့် တွေ့ထိသူတိုင်းကို နာကျင်စေမည့် ဆုးဟု ယူဆကြလေသလားမသိ။

ဘယ်လောက်မခံချင်စရာကောင်းလေသနည်း။ တစ်ရက်တွင် မင်းခြိမ့်က ဆုကို နှင်းဆီဖြူလေးတစ်ပွင့် လက်ဆောင်ပေးသည်။ နှစ်ယောက်ရှိသည့်အနက် ဆုတစ်ယောက်တည်းကိုသာ ရွေးပေးခြင်း ဖြစ်သည်။ ဆုကလည်း အဲဒီပန်းကလေးကို တစ်နေ့လုံး လက်ကမချ နိုင်ဘဲ ကိုင်၍ထားသည်။ ကြည့်ရမြင်ရတာ အမြင်ကတ်စရာကောင်း အောင်ပင်။ ထို့ကြောင့် သူက ...

"နင့်လက်ထဲက ပန်းကို လွှင့်ပစ်လိုက်စမ်းပါ ဆုရယ် ... ငါ ကြည့်ရတာ မျက်စိနောက်လာပြီ ... "

ဟုပြောပါ၏။ ဆုက ...

"အံမယ် ... ဘာလို့ လွှင့်ပစ်ရမှာလဲ ... ဒါက ငါ့ချစ်သူပေး တဲ့ ချစ်သက်လက်ဆောင်ပဲ ... နင်က တစ်ခါမှမချစ်ဖူးတော့ အချစ်

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ တန်ဖိုးကို ဘယ်နားလည်မလဲ"

သူသည် ချစ်တတ်သူဖြစ်ကြောင်း၊ ချစ်ဖူးသူဖြစ်ကြောင်း ဖွင့်ပြောလိုက်ချင်သည်။ သူ့ရင်ထဲက ချစ်နေသူမှာ မင်းခြိမ့်သာဟု သိရလျှင် ... ဆုတစ်ယောက် ဘယ်လောက်တုန်လှုပ်သွားလေမည်နည်း။

ညအိပ်ရာထဲရောက်တော့လည်း ခုတင်ပေါ်တွင် လှဲရင်း ဆုက ထိုပန်းကို မွှေးလိုက်နမ်းလိုက်လုပ်နေကာ နောက်ဆုံး ရင်ဘတ်ပေါ်တင်ရင်း အိပ်ပျော်သွားသည်။ ဆူးက သူ့စိတ်ကို မထိန်းသိမ်းနိုင်တော့။ အိပ်ပျော်နေသည့် ဆုရင်ဘတ်ပေါ်မှ ပန်းကိုယူကာ အမှိုက်ပုံးထဲ လွှင့်ပစ်ထားလိုက်သည်။

မနက်မိုးလင်းသောအခါ အိပ်ရာမှနိုးလာသော ဆုသည် မင်းခြိမ့်ပေးခဲ့သော ပန်းကိုရှာသည်။ ဆူးက သူလွှင့်ပစ်လိုက်ပြီပြောသောအခါ ချုံးပွဲချငိုကြွေးရင်း ဆူးကို အပြစ်တင်စကားပြောတော့သည်။ ဆူးကတော့ ဘာမှမဖြစ်သလိုနေလိုက်သည်။

"နင်ပေးထားတဲ့ ကတိကို နင်မေ့နေပြီလား ဆု ... ငါနဲ့ ဘယ်တော့မှ မခွဲပဲနေမယ် ... ညီအစ်မနှစ်ယောက် သေတဲ့အထိ ဒီလိုပဲ နေသွားကြမယ်ဆိုတဲ့ ကတိလေ ..."

"အေးလေ ... ငါကရော ... အခုခွဲမယ်လို့ ပြောလို့လား"





"မပြောပေမဲ့ ... နင် လူစိမ်းတစ်ယောက်ကို ချစ်မိပြီမဟုတ်လား ... ဒါဟာ ခွဲစိတ်ဖို့ စပြီး ကြံစည်တာပဲပေါ့ ... ငါနဲ့ မခွဲဘဲနဲ့ နင်ဟိုလူနဲ့ ဘယ်လိုလုပ် လက်ထပ်လို့ရမှာလဲ ..."

"မသိတော့ပါဘူး ... မသိတော့ပါဘူး ... ငါ နင်နဲ့လည်း မခွဲချင်ပါဘူး ... ဒါပေမဲ့ ကိုမင်းခြိမ့်အပေါ် ချစ်တဲ့ ငါ့ရင်ထဲက အချစ်တွေကိုလည်း ငါတားဆီးလို့မရတော့ဘူး ..."

နောက်ဆုံးတော့ ဆုသာ မျက်ရည်နှင့်မျက်ခွက်ဖြစ်ရ၏။ ဒီတော့လည်း ဆူး စိတ်မကောင်း။ ဆူး ပြန်ကာတောင်းပန်ရသည်။

"ငါနည်းနည်းလွန်သွားတယ်ထင်တယ် ... တကယ်တော့ ငါက နင်နဲ့ခွဲကြရမှာ စိုးရိမ်ပူပန်နေတာပါ ... နင့်ကို ငါတစ်ယောက်တည်းကလွဲပြီး ဘယ်သူ့ကိုမှ မချစ်စေချင်တဲ့စိတ်နဲ့ ခုလို သဝန်တိုနေတာပါ ..."

ဤကိစ္စက ဤနေရာတွင် မပြီးပြတ်နိုင်သည့် ဇာတ်လမ်းမှန်း ဆူး ကောင်းကောင်းသိသည်။ တစ်ခါက သူတို့ဘေးတွင် ပုံဆွဲနေရင်း မင်းခြိမ့်ခဲတံက တိုသွား၏။ ဆုက ထိုခဲတံကိုယူကာ ချွန်ပေးသည်။ ခဲတံချွန်လေ့မရှိသဖြင့် ဆုလက်ကို ဓားရှသွားသည်။ မင်းခြိမ့်က ဒဏ်ရာကိုမြင်ပြီး အထိတ်အလန့်ဖြစ်သွား၏။ ပျာပျာသလဲဖြစ်ရှာ၏။



www.burmeseclassic.com

www.burmeseclassic.com



မင်းခြိမ့်ကသာ ဒီလိုအရေးတယူ ဂရုတစိုက်ပြုမည်ဆိုလျှင် သူ့လက်ချောင်းလေးတစ်စုံပင် ပြတ်သွားပါစေ ဆုးရင်ဆိုင်လိုက်ချင်၏။ အခုဘေးကမြင်ရတာနှင့် မနာလိုဖြစ်ခဲ့သည်။

သူ့လက်ထဲတွင် ဆော့ကစားနေသော ဟမ်းစတားကြွက်ဖြူလေးမှာ အံကိုကြိတ်ကာ သူ့လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်မှုကြောင့် ရုတ်တရက် သေဆုံးသွားရလေသည်။ တကယ်တော့ ကြွက်ကလေးမှာ သူ့ဒေါသ၏ စားစားခံဖြစ်ခဲ့ရခြင်းပင်။ ကြွက်သေလေးကိုမြင်တော့ ဆုရော မင်းခြိမ့်ပါ အထိတ်အလန့်ဖြစ်သွားလေသည်။

နောက်ပိုင်းမှာတော့ မင်းခြိမ့်အပေါ် ချစ်မိနေသည့် သူ့တစ်ဖက်သက်အချစ်တွေမှာ ပို၍ တိုးပွားလာလေခဲ့သည်။ သူတို့နှစ်ဦးမှာ ခန္ဓာချင်းဆက်နေသလိုပင် နာမ်ချင်းပါ ဆက်နေလေသလားမသိ။ ဒါကြောင့် ဆုချစ်သော သူ့ကို သူကပါချစ်ခဲ့မိတာပေါ့။ ပို၍ဆိုးတာက သူ့ချစ်စိတ်တွေကို ထုတ်ဖော်ပြခွင့်မရဘဲ ရင်ထဲမှာပဲ သိုဝှက်သိမ်းဆည်းထားရသော ကိစ္စပင်ဖြစ်သည်။ သိလျှင်လည်း ဘယ်သူကမှ သူ့ကို ခွင့်လွှတ်နိုင်မှာမဟုတ်။ ချစ်ခဲ့မိတာ အပြစ်လား။

မင်းခြိမ့်က ဆေးရုံကဆင်းခွင့်ရတော့မည်ဆိုသောအခါ ဆုအတော်ပင် ကြေကွဲခံစားနေရသည်။ သူက အမြဲပင် တပူးတွဲတွဲရှိနေ





တော့ ကောင်းကောင်းရိပ်စားမိသည်။

ပြန်ရသောနေ့က မင်းခြိမ့်က အောက်ထပ်ကားဘေးမှ ဆုနာမည်ကို တကြော်ကြော်ခေါ်၏။ ဒီတုန်းက သူတို့နှစ်ယောက် ခုတင်ပေါ်တွင်ထိုင်ကာ စာအုပ်တစ်အုပ်စီ ဖတ်နေကြသည်။ ဆုက ခုတင်ပေါ်က ထ,သွားမည်ပြုသော်လည်း ဆုးက မထဘဲနေသည်။ ဆုက မျက်နှာငယ်ဖြင့် တောင်းပန်၏။

"ငါ့ကို ကူညီပါဦး ဆုးရယ် ... နောက်ဆုံးအနေနဲ့ သူ့မျက်နှာကို ငါမြင်ချင်တယ် ... သူကလည်း ငါ့မျက်နှာကို မြင်ချင်မှာပဲ ..."

သို့သော် ဆုးက ခေါင်းခါပြခဲ့သည်။ ဒီတော့ ဆုသည် ခုတင်ပေါ်တွင် ရှိုက်ကြီးတငင် ငိုကြွေးရတော့သည်။ မကြာခင် သူနာပြုဆရာမကလေးတစ်ဦး ရောက်လာခဲ့၏။

စာတစ်စောင်၊ ပုံဆွဲစက္ကူလိပ်ကလေးနှင့် ဘူးလေးတစ်ဘူးကို ဆုအားပေးကာ ...

"အောက်ထပ်က ဆေးရုံကဆင်းသွားတဲ့ လူငယ်ကပေးသွားတာ ... ဆုကိုပေးလိုက်ပါတဲ့ ..."

စာတိုကလေးထဲတွင် သူနှုတ်ဆက်ခဲ့သည့်အကြောင်း၊ သူ့ဆုကို စာရေးဖို့အကြောင်းတွေ ရေးထားသည်။ ပုံဆွဲစက္ကူထဲတွင် ရေး



www.burmeseclassic.com

www.burmeseclassic.com



ထားတာက ဆုတစ်ဦးတည်း၏ပုံ။ ယခင်က သူတို့ကို ပုံတူရေးလျှင် နှစ်ယောက်တွဲပုံကိုသာ ရေးနေကျဖြစ်၏။ အခုတော့ ...

အဆိုးဆုံးက ဘူးကလေးထဲတွင် ပါလာသည့် ရွှေဆွဲကြိုးကလေးဖြစ်သည်။ ဆွဲသီးမှာ အသဲကို မြားတစ်စင်းစိုက်နေသောပုံ။ အချစ်၏သင်္ကေတ။ ဆု သိပ်ပျော်နေ၏။ ထိုအချိန်ကစ၍ သေသည်အထိ ဒီဆွဲကြိုးလေးကို သူလည်တိုင်မှာ ထာဝရသိမ်းဆွဲထားသည်။

မကြာခင် ... မင်းခြိမ့်သည် စက္ကူကို ထွက်ခွာ၍သွားသည်။ စက္ကူမှတစ်ဆင့် ဆုထံ စာရေးသည်။ ဆုက ...

"နင် သူ့ဆီကိုစာပြန်မလို့လား ... နင့်ကိုယ်စား ငါက ပြန်စာရေးပေးမယ် ... နင့်ထက်ငါက စာပိုရေးတတ်တယ် ... "

ဟုဆိုသည်။ ဆုက ဆူးရဲ့ အလိုကို လိုက်လျောနေကျဆိုတော့ ခွင့်ပြုလိုက်သည်။ တကယ်တော့ သူလည်း ဒီစာလောက်တော့ ရေးနိုင်ပေသည်။ သို့သော် ဖတ်ကြည့်သောအခါ စာကတော်တော်ကောင်းနေ၏။ ဆုက အံ့ဩချီးမွမ်းလိုက်သည်။

"နင်ရေးထားတာ တော်တော်ကောင်းတယ် ဆူး ... ငါရေးရင်တောင် နင့်လောက်ကောင်းမှာမဟုတ်ဘူး ... "

ကောင်းမှာပေါ့။ ငါ့ရင်ထဲက တကယ့်ခံစားချက်တွေကို သွန်





ချရေးလိုက်တာကိုး။ ဒါကိုတော့ ဆူးက ဆုကို ထုတ်ဖော်ပြောပြမနေတော့။ နောက်ပိုင်းမှာတော့ မင်းခြိမ့်ဆီက စ ၁လာတိုင်း ဆုက ... ဆူးကို ပြန်စာရေးခိုင်းတော့သည်။ ဆူးကလည်း ရင်ထဲက ခံစားချက်အစစ်အမှန်နှင့် ရေးတော့ စာတွေက ပြောင်မြောက်နေသည်။ စာလေးငါးစောင် အပြန်အလှန်ရေးပြီးသောအခါ မင်းခြိမ့်ထံမှ အချစ်ကို အတိအလင်းတောင်းခံသောစာ ရောက်၍လာသည်။

ဒီလိုစာမျိုးကို ဆုကလည်း မျှော်လင့်တောင့်တနေခြင်းဖြစ်၏။ ဆူးက ...

"နင် ဘယ်လိုဆုံးဖြတ်မလဲ ဆု ... "

လို့မေးတော့။ ဆုက ...

"ဘာစဉ်းစားနေစရာလိုလို့လဲ ... ငါက ဒီလိုအချိန်မျိုးကို စောင့်နေတာပဲ ... "

ဟု ပြောလိုက်သည်။

ဆူး၏ ဘဝမှာ ပြန်တွေးကြည့်လျှင် ရင်နာစရာကောင်း၍နေသည်။ ကိုယ်ချစ်သောသူနှင့် တစ်ပါးသူချစ်ခင်ကြဖို့အရေးကို အကျိုးဆောင်ပေးရသည်။ ဆုကတော့ ဒီအဖြစ်တွေကို ရိပ်စားမိဟန်မတူ။ သူက တခြားဘယ်သူမှ ဂရုမပြုမိအောင်ပင် အပျော်ကြီးပျော်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့ဘဝတွင် အခက်အခဲ တစ်ခုသာရှိ၏။

တစ်သက်လုံး ဘယ်သောအခါမှ မခွဲမခွာပဲနေရမည်ဟု ကတိစကားထားခဲ့ရသည့်အဖြစ်ကို မဖျောက်ဖျက်ရန် ကိစ္စပင်ဖြစ်သည်။ သူ့အမေက ဒါတွေကို ရိပ်စားမိခဲ့၏။

“တစ်နေ့ ဒီလိုပြဿနာမျိုး ကြုံလာလိမ့်မယ်လို့ အမေအရင်ကတည်းက ကြိုတွေးခဲ့မိဖို့ကောင်းတယ် ... မောင်မင်းခြိမ့်နဲ့ ဆက်ဆံရေးကိုလည်း တားမြစ်ဖို့ကောင်းတယ် ... အခုတော့ ...”

အမှန်ပင်။ အရာရာသည် နောက်ကျ၍နေပြီ။ သို့သော် ... သူ့အမေက သမီးနှစ်ယောက်ရဲ့ ခန္ဓာကိုယ်ကို ခွဲစိတ်ဖို့အတွက်တော့ သဘောလုံးဝမတူ။

“နဂိုကတည်းက သမီးတို့ အနေနဲ့ အချစ်ရေးကို စဉ်းစားဖို့ မသင့်ဘူး ... သမီးတို့ရဲ့ဘဝက တခြားသူတွေရဲ့ဘဝနဲ့ မတူဘူး ... သမီးတို့ ပထမဦးစားပေးစဉ်းစားရမှာက အသက်ရှင်နေထိုင်ရေးပဲ”

ဆုကတော့ မျက်ရည်မိုးသွန်းဖြိုးရတော့သည်။

“သမီးကို ခွဲစိတ်မှာကို အမေက ဘာကြောင့် ဒီလောက် ... သဘောမတူဖြစ်နေရတာလဲ မေမေ ...”

ဆုက မေးမိသည်။ ဒေါ်ခင်ကြီးက ...





“အန္တရာယ်များလို့လေ ... ခွဲစိတ်ကုသမယ်ဆိုရင် အောင်မြင်ဖို့နည်းလမ်းက ၅၀% ငါးဆယ်ရာခိုင်နှုန်းပဲရှိတယ်တဲ့ ... ဒါကြောင့် မေမေ ဒီအချိန်အထိ မခွဲပဲနေခဲ့တာပေါ့ ...”

“လွန်ခဲ့တဲ့ အနှစ်(၂၀)လောက်ကနဲ့ အခုခေတ်ကာလက မတူတော့ပါဘူး မေမေ ... ဆေးပညာကလည်း တစ်နေ့ထက် တစ်နေ့ တိုးတက်လာပြီ ... ပြီးတော့ သမီးတို့ ဘန်ကောက်ဆေးရုံကြီးမှာ သွားခွဲကြမယ်လေ ... အဲဒီမှာဆို ပိုစိတ်ချရမယ်ထင်တယ်”

ဆုက အတင်းပင်တိုက်တွန်း၏။ သူတို့အမေက ...

“မဖြစ်နိုင်ဘူးထင်ပါတယ် ... ဒီလူကို သမီးလက်ထပ်ဖို့ ကိစ္စကို စွန့်လွှတ်လိုက်ပါတော့ ...”

ဟုတိုက်တွန်းခဲ့၏။

ဒီနောက်တွင်တော့ သူတို့ညီအစ်မနှစ်ယောက်၏ ဆက်ဆံရေးက အဆင်မပြေတော့။ ဆုက ခန္ဓာကိုယ်ကို ခွဲစိတ်ချင်သည်။ ဆူးက သဘောမတူ။ ဆူးသဘောမတူသ၍ ဤကိစ္စက ဖြစ်မြောက်မလာနိုင်။

တစ်ရက်တွင် မင်းခြိမ့်က ဆွဲပေးထားသော ဆုပုံကလေးကို ဆုက ယူကြည့်နေသည်။ ဆူးက သူ့လက်ထဲက လုယူကာ ဆွဲဖြဲပစ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ သူတို့နှစ်ယောက် တစ်ယောက်ဆံပင်တစ်ယောက်ဆွဲကာ တစ်ယောက်နှင့်တစ်ယောက် သတ်ပုတ်နေကြသဖြင့် သူ့အမေက အတင်းဝင်ကာ ဖြန်ဖြေရသည်။

ခေါင်းနှစ်လုံးငှက်၏ ပုံပြင်ကိုပြောပြ၏။ အကယ်၍ တစ်ယောက်နှင့်တစ်ယောက် မုန်းတီးနေသည်ဆိုလျှင် နှစ်ယောက်လုံးပင် အန္တရာယ်ရှိနိုင်ကြောင်း ဖျောင်းဖျ၍ ပြောဆိုသည်။ ဒီတော့ ဆူး စိတ်ကူးရသည်။ မစားရတဲ့အမဲ သဲနဲ့ပက်တော့သည်။ မင်းခြိမ့်နှင့် သူ မပေါင်းသင်းရသည့်အတူတူ ဆုလည်း မပေါင်းသင်းစေရ။ ဆူးက ကိုယ့်ကိုယ်ကို သတ်ဖို့စဉ်းစား၏။ သူတို့ခန္ဓာကိုယ်ထဲတွင် လှည့်ပတ်နေသည့် အသွေးတွေ အကြောတွေက တစ်ဆက်တည်းပင်ဖြစ်၏။ ဒီတော့ ဆူးကသာ အဆိပ်သောက်လိုက်လျှင် သူသာမဟုတ် သူနှင့် ခန္ဓာကိုယ်တွဲနေသော ဆူးလည်း သေရပေလိမ့်မည်။

ဒါကြောင့် တစ်ခါတစ်ရံ အိပ်မပျော်လျှင် သောက်ရန် ဆောင်ထားသော အိပ်ဆေးပုလင်းကို ယူကာ သောက်ရန်ပြင်ဆင်သည်။ ဆုကတွေ့၍ ပုလင်းကို အတင်းလု၏။ ပုလင်းက ကြမ်းပြင်ပေါ် ကျကွဲကာ ဆေးကွေပြန့်ကျဲကုန်သည်။ ဆုက အော်ဟစ်အကူအညီတောင်းသဖြင့် သူ့အမေရောက်လာ၏။ အမေက အခြေအနေ





အရေပ်ရပ်ကို နားလည်သွားသည်။

"ဆူး နင်တော်တော်ဆိုးပါလား ... ဒီလိုမကြံကောင်းမစည်ရဘဲ့ ကိစ္စမျိုးကို နင်မို့လုပ်ရက်တယ် ... "

ဆုကလည်း ငိုကာ ...

"အမေ ... ကျွန်မ သူနဲ့မနေချင်တော့ဘူး ... ခွဲမယ်"

"တော်ပြီ ... နားလည်တယ် ... နင်တို့နှစ်ယောက်ကို အတူတူတွဲထားလို့ ဘယ်နည်းနဲ့မှ မဖြစ်တော့ဘူး ... ဒီတော့ ... ငါခွဲစိတ်ခိုင်းစဉ်မယ် ... "

ဟုပြတ်ပြတ်ပြောကာ ဆုံးဖြတ်လိုက်၏။ ဆုကတော့ အရှုံးထဲက အမြတ်ထွက်လာတာဟုပင် ထင်၏။

အမေက ခွဲစိတ်ကုသရန် ထိုင်းနိုင်ငံ ဘန်ကောက်ရှိ ဆေးရုံတစ်ရုံကိုသွားလိုက်သည်။ နောက်နှစ်လလောက် ကြာသောအခါ သူတို့ ဘန်ကောက်ကိုထွက်ခဲ့ကြသည်။ ဒီကာလအတွင်း ဆုက ပျော်ရွှင်နေသလောက် ဆူးက ငေးမှိုင်နေသည်။ ဆုက သူ့အပျော်စိတ်တွေကို လူမြင်အောင် ထုတ်မပြဘဲ မျိုသိပ်ထား၏။

တကယ်ခွဲစိတ်မည်ဆိုလျှင် သူတို့အသက်အန္တရာယ်နှင့်ရင်ဆိုင်ရနိုင်သည်။ ဆုကတော့ အချစ်အတွက် စွန့်စားရသည်။ ဒေါင်



www.burmeseclassic.com

www.burmeseclassic.com



မြင်ခဲ့သည်ရှိသော် ထိုက်တန်သော ဆုလာဘ်ကိုရမည်။ ဆူး – အတွက်တော့ ဒီလိုမဟုတ်။





ထိုင်းနိုင်ငံ ဘန်ကောက်မြို့က သူတို့ထင်ထားထက် ကြီးကျယ်ခမ်းနားသောမြို့ဖြစ်သည်။ လေဆိပ်ကနေ သူတို့တက်ရမည့် ဆေးရုံကြီးဆီသို့ ကားဖြင့်လာခဲ့ရာ မြင်ရသမျှ လမ်းဘေးဝဲယာမှ ရှုခင်းများက သူတို့ကို ရင်သပ်ရှုမောအံ့သြစေသည်။

ဆေးရုံကြီးကလည်း မိုးထိတိုက်အဆောက်အဦးတစ်ခုဖြစ်ကာ ကြယ်ငါးပွင့်အဆင့်ဟိုတယ်လောက်ပင် ကြီးကျယ်ခမ်းနားနေလေသည်။ သူတို့နှစ်ယောက်နေသောအခန်းက ရေချိုးခန်းအိမ်သာတွဲလျက် အခန်းထဲတွင် ဆိုဖာဆက်တီတစ်စုံရှိသည်။ ရုပ်မြင်သံကြားအပေါ်စက်အောက်စက် ရေခဲသေတ္တာ၊ တယ်လီဖုန်း အင်တာနက်



www.burmeseclassic.com

www.burmeseclassic.com



သုံးမလား၊ အီးမေးလ်သုံးမလား၊ လိုသမျှ ပြည့်စုံအောင် စီစဉ်ထားသည်။ ဤကြီးကျယ်ခမ်းနားမှုက ခွဲစိတ်ကုသရမည့်သူတို့ကို အတော်အတန် စိတ်အေးချမ်းသာမှုရစေသည်။

ဒေသအပြောင်းအလဲက စိတ်ကိုတက်ကြွလန်းဆန်းစေသည်။ ဆရာဝန်ကြီးများကလည်း ဆက်ဆံရေးချိုသာ ပြေပြစ်သည်။ သူတို့ပေးခဲ့ရသည့် ဆေးကုသစရိတ်ကလည်း များပေတာကိုး။ သူတို့ကို ခွဲစိတ်ကုသမှုမပြုမီ စိတ်ရှည်လက်ရှည် စမ်းသပ်စစ်ဆေးကာ၊ ပြင်ဆင်နေတာပင် တစ်ပတ်လောက် အချိန်ကုန်သွား၏။ ဆုက စိတ်စောလှပြီ။ ခွဲစိတ်ရာမှ ထွက်ပေါ်လာမည့်အဖြေကို သိချင်လှသည်။ ဒီနေရာရောက်နေမှတော့ ဆုးကလည်း မခွဲစိတ်ချင်ပါဟု ငြင်းမနေတော့။ အမေတစ်ယောက်လုံးက ဆုဘက်ကပါနေပြီမဟုတ်လား။

အခုတော့လည်း သူတို့နှစ်ယောက် ပြန်လည်သင့်မြတ်နေပြန်သည်။ တကယ်တော့ သူတို့က အမွှာညီအစ်မတွေပါ။ ရိုးရိုးအမွှာတောင်မဟုတ် ကိုယ်ချင်းဆက်အမွှာတွေ။ ဆုးက ...

"ဆု ငါ နင့်အပေါ်ဆိုးခဲ့မိရင် ခွင့်လွှတ်ပါ ... "

ခွဲစိတ်သည့်နံနက်တွင် ဆုးက စကားဆိုလာသည်။ မကြာခင် ခွဲစိတ်ခန်းထဲဝင်ရတော့မည်။ ခွဲစိတ်ခန်းထဲက အသက်ရှင်လျက်





ဘယ်သူပြန်ထွက်မည်နည်း။ နှစ်ယောက်လုံးလား တစ်ယောက်တည်းလား။ ထိုတစ်ယောက်တည်းသည် မည်သူဖြစ်နိုင်မည်နည်း ဆုလား၊ ဆုးလား။

မကြာမီ မေ့ဆေးပေးတော့မည်။ ယခု စကားပြောနေရခြင်းမှာ သူတို့ညီအစ်မနှစ်ယောက်၏ဘဝတွင် နောက်ဆုံးစကားပြောရခြင်းဖြစ်ကောင်းဖြစ်နိုင်ပေမည်။ ဒီလိုတွေးမိသောအခါ စိတ်ကောက်ကာ စကားမပြောဖြစ်ခဲ့ကြသည့်အချိန်တွေကို ပြန်နှမြောမိ၏။ ဆုက

"ငါက နင့်ကိုတောင်းပန်ရမှာပါ ဆုးရယ် ... အတူတူနေပါမယ်ဆိုတဲ့ ကတိကို ငါက ချိုးဖျက်ခဲ့တဲ့သူပါ ... "

"တို့ခွဲစိတ်ခန်းထဲကထွက်လာပြီး နှစ်ယောက်လုံး အသက်ရှင်ခဲ့ကြရင် ကတိတစ်ခုထပ်ထားရအောင် ... "

"ဘာကတိလဲဟင် ဆုး ... "

"တစ်သက်လုံး ဘယ်တော့မှ ရန်မဖြစ်ပါဘူးဆိုတဲ့ကတိပေါ့"

"ငါ ကတိပေးပါတယ် ဆုး ... "

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်ထားလိုက်ကြသည်။ နှစ်ယောက်လုံး၏စိတ်ထဲတွင်ပင် ယခုလို ခွဲစိတ်ဖို့ ဆုံးဖြတ်လိုက်တာ မှားယွင်းမှုတစ်ခုဟု ယုံကြည်လာကြ၏။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



ယခုအချိန်ကျမှ မခွဲစိတ်ချင်တော့ပါဟု ပြင်ပြောလို့မဖြစ်တော့ ...။ အခြေအနေတွေက လွန်၍နေလေပြီ။ သူတို့နှစ်ယောက်ကို မေ့ဆေးပေးရန် ခွဲစိတ်ခန်းဆီသို့ စတင်ခေါ်ဆောင်သွားလေသည်။

အမိကတာဝန်ယူ ခွဲစိတ်ကုသမှုပြုရမည့်ဆရာဝန်ကြီး၏ ရုံးခန်းထဲသို့ ဒေါ်ခင်ကြီးဝင်လာသည်။ ထိုဆရာဝန်ကြီးမှာ မြန်မာအမျိုးသားဆရာဝန်ကြီးပင်ဖြစ်သည်။ ဒေါ်ခင်ကြီးက စာကလေးတစ်စောင်ထုတ်ပေးသည်။ ပေးရင်း ...

"ကျွန်မသမီးဆုက ဆရာကြီးကိုပေးပေးပါဆိုပြီး စာကလေးတစ်စောင်ပေးခဲ့ပါတယ် ... သူက ပါးစပ်နဲ့ပြောရင် သူနဲ့အတူရှိနေမှာစိုးတဲ့ ဆူးသိမှာစိုးတာကြောင့်ပါ ... "

"သူက ဘာများ လျှို့ဝှက်ထားချင်လို့လဲ ... "

ဆရာဝန်ကြီး စာကိုဖတ်လိုက်သည်။ စာက တိုတိုပင်ဖြစ်သည်။ သို့သော် ပြည့်စုံတော့ ပြည့်စုံလေသည်။





*ဆရာကြီးရှင့် ...*

*တကယ်လို့ ခွဲစိတ်ကုသမှုမှာ နှစ်ယောက်အနက် တစ်ယောက်ကိုရွေးချယ်ရမယ်ဆိုရင်၊ ကျွန်မအစား "ဆူး"ကိုပဲ ဦးစားပေး ရွေးချယ်စေချင်ပါတယ် ...*

*ကျေးဇူးအထူးတင်လျက် ...*

*ဆု*



www.burmeseclassic.com

www.burmeseclassic.com



* ဆူးရေ ဆု ဒီအိမ်ကိုပြန်လာတယ်။ သူ့ကို အိမ်ထဲမှာ ဟိုနေရာ၊ ဒီနေရာ သွားနေတာ မြင်နေရတယ်။ နင့်ကိုမကျေနပ်ဘူး။ သူ လက်စားချေလိမ့်မယ်။

## [၈] သေရွာကပြန်လာသူ

နွေမိုးဆောင်း တပေ

www.burmeseclassic.com

www.burmeseclassic.com









## (၈) သေရွာကပြန်လာသူ

ခွဲစိတ်ကုသမှုမှာ ဆရာဝန်ကြီးများ ကြိုတင်ခန့်မှန်းထားသကဲ့သို့ပင် (၅၀)ရာခိုင်နှုန်းသာ အောင်မြင်ခဲ့သည်။ သူတို့နှစ်ဦးအနက် တစ်ဦးက အသက်ရှင်ကျန်ခဲ့သည်။ ထိုတစ်ဦးမှာ ဆူးပင်ဖြစ်လေသည်။ ဆုက ကြိုတင်မှာကြားထားခဲ့သဖြင့် ဆူးကို ဆရာဝန်ကြီးများက ဦးစားပေးခဲ့လေသလား(သို့မဟုတ်)သဘာဝအတိုင်းပင် ဆူးက ကုသိုလ်ထူးခဲ့လေသလား။ ဤကိစ္စကို မည်သူမှ သေသေချာချာ ပြောနိုင်သည်မထင်ချေ။

ဒေါ်ခင်ကြီးမှာ ကြေကွဲဆို့နစ်စွာ ငိုကြွေးနေခဲ့မိသည် ... ။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ကြီးကို ငိုကြွေးနေပုံကိုကြည့်၍ ဆူးက ...

"အမေ ... ကျွန်မသေရင်ရော ဒီလောက်ငိုမှာလား ..."

ဟု မယုံသင်္ကာစိတ်ဖြင့် မေးခဲ့သည်။ ဒေါ်ခင်ကြီးအဖို့တော့ သမီးနှစ်ယောက်လုံးကို ညီတူညီမျှပင် ချစ်ခဲ့သည်။ သို့သော် ရိုးသားလွန်းသော နူးညံ့ပျော့ပျောင်းသည့်ဆုကိုတော့၊ အသနားပိုခဲ့တာ ဝန်ခံရပေမည်။ အခုတော့ ဆုကိုပို၍သနားမဆုံးဖြစ်ကာ၊ ဖြေမဆည်နိုင်အောင် ကြေကွဲရလေတော့သည်။ သို့သော် ဆူးက အထင်လွဲနေမည်စိုးသဖြင့် သူ့ဘာသာ အပူမီးငြိမ်းရတော့သည်။

ဆုကို ဘန်ကောက်တွင်ပင် မီးသင်္ဂြိုဟ်ကာ၊ အရိုးပြာအိုးကို ရန်ကုန်သို့ လေယာဉ်ဖြင့် သယ်ဆောင်လာပြီး ရေဝေးသုသာန်တွင် ဂူသွင်းမြှုပ်နှံခဲ့သည်။

ဤကိစ္စတွေကို ဤတွင်ပြီးသွားလိမ့်မည်ဟု ယူဆထားသော်လည်း ...

တစ်နေ့ အိမ်ကိုစက္ကူပူမှ စာတစ်စောင်ရောက်လာ၏။ ပို့လိုက်သူက မင်းခြိမ့်။

ဆူးက ဒေါ်ခင်ကြီးလက်ထဲက စာကိုဆွဲယူလိုက်ကာ ...





"ဒါ ... ကျွန်မရဲ့စာပါ မေမေ ..."

ဒေါ်ခင်ကြီးက ...

"မင်း သူ့ဆီကို စာဆက်ရေးနေလား ..."

ဟု အံ့သြစွာ မေးလိုက်တော့ ဆူးက ပြုံးကာ ...

"ဟုတ်တယ် ... ဆူးအနေနဲ့မဟုတ်ဘူး ... ဆုအနေနဲ့ပါ ..."

"မင်း သူ့ကို ဒီလိုဆက်မလိမ်သင့်ဘူး ဆူး ..."

"အရင်ကတည်းက ကိုမင်းခြိမ့်ဆီကို ဆုကိုယ်စား ဆူးကပဲ စာတွေရေးနေခဲ့ရတာ ... ဒီတော့ ဒီလက်ရေးကို ဆုလို့ပဲထင်မှာပေါ့။ ဘကယ်တော့ ဆူးကလည်း သူ့ကိုချစ်နေခဲ့တယ် ... အခုတော့ ကိုမင်းခြိမ့်ကို ဘယ်သူပိုင်ဆိုင်ထိုက်တယ်လို့ ကံကြမ္မာက ရွေးချယ်ပေးလိုက်တယ်လို့ ဆိုချင်တယ် ..."

ဒေါ်ခင်ကြီးက ထိတ်လန့်သွားသည်။ ဆူးကို ဒီလောက်ဆိုးဝါးသာလိမ့်မည်ဟု ထင်မှတ်မထားခဲ့။ ဆူးက ...

"သမီး စက္ကူပူကို စာရေးလိုက်တယ် ... ဘန်ကောက်မှာခွဲစိတ်မှုလုပ်တယ် ... ဆူးတစ်ယောက် ကွယ်လွန်သွားတယ်လို့ ...ကလည်း ဒီစကားကိုယုံတယ် ... ဒီအတိုင်းဆို သမီးတို့ မကြာခင်



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ဖြစ်လိမ့်မယ်ထင်တယ် … ”

“မဖြစ်ဘူးဆူး … ဒီကိစ္စလုံးဝမဖြစ်နိုင်ဘူး … နင်နဲ့ဆုနဲ့က တူတာမဟုတ်ဘူး … ”

“ဘာများမတူလို့လဲအမေ … ကျွန်မ မျက်မှန်တပ်လိုက်ရင် ဘယ်သူမှ ဆုနဲ့ခွဲနိုင်မှာမဟုတ်ဘူး … ကျွန်မဇာတ်ကို ကျွန်မ နိုင်အောင်က,နိုင်ပါတယ် … တစ်ခုပဲရှိတယ် … အမေက သူ့ကို ဒီကိစ္စတွေကို အမှန်အတိုင်းထုတ်မပြောဘဲသာနေပေးပါ … ”

“ငါ မလိမ်နိုင်ဘူးဆူး … အထူးသဖြင့် ကွယ်လွန်သွားတဲ့ ငါ့သမီးဆုကို ငါသစ္စာမဖောက်နိုင်ဘူး … ”

“ကျွန်မကရော အမေ့သမီးမဟုတ်ဘူးလား … ကျွန်မနဲ့ဆုကို ဘာဖြစ်လို့ အမေကခွဲခွဲခြားခြား သဘောထားနေရတာလဲ … ”

ဆူးက တကယ်ပင် မကျေချမ်းနိုင်သည့် လေသံဖြင့်ပြောလိုက်၏။

“တကယ်လို့ အမေကသာ သူ့ကို အမှန်အတိုင်းဖွင့်ပြောလိုက်မယ်ဆို … ဆူး ကိုယ့်ကိုယ်ကိုယ်သတ်သေပစ်လိုက်မယ်အမေ … သမီးမသေရဲဘူးမှား ထင်နေသလား … ”





ဒီလိုတော့မထင်။ ဆူးက စိတ်ကြီးသည်။ မဆင်မခြင် ထင်ရာစိုင်းတတ်သည်။ ယခင်ကလည်း သေကြောင်းကြံဖူးသည်။ ယခုတစ်ကိုယ်တည်းဆိုတော့ ပို၍သေကြောင်းကြံဖို့ လွယ်ကူနေပေမည်။ ဒေါ်ခင်ကြီးအတွက် တကယ်ပင် အခက်အခဲတွေ့၍သွားသည်။ ဆူးအကြပ်ကိုင်တာက ထိရောက်လှသည်။ သမီးနှစ်ယောက်ရှိသည့်အနက် တစ်ယောက်ကိုစွန့်လွှတ်ခဲ့ရတာ မကြာသေး။ ယခု နောက်တစ်ယောက်ကိုပါ စွန့်လွှတ်ရဦးမည်ဆိုလျှင် …

နောက်ဆုံးတော့ သဘောမကျပါဘဲနှင့် ဆူးအလိုကိုလိုက်ခဲ့ရတော့သည်။ မကြာမီ ရန်ကုန်ကို မင်းခြိမ့်ရောက်လာကာ ဆူးကို ဆုအမှတ်ဖြင့် လက်ထပ်လိုက်လေသည်။

“ဒီလောက် ပူပန်မနေပါနဲ့အမေ … လက်ထပ်ပွဲကို ရုံးမှာပဲ အကျဉ်းချုံးစီစဉ်မှာပါ … ပြီးရင် သမီး သူနဲ့အတူ စက်ဘ်ုပူကိုလိုက်သွားပြီး ဟိုမှာနေမယ် … ဟိုမှာဆို သမီးကိုသိတဲ့လူတွေ တစ်ယောက်မှမရှိဘူး … သမီးပြောသမျှ ယုံကြမှာပဲ … ဒီကလူတွေ သမီးတို့အကြောင်းကို မေ့သလောက်ရှိတော့မှ ပြန်လာခဲ့မယ် … ”

အခုတော့ ဆုသည် တကယ်ပင် ပျော်ရွှင်နေခဲ့သည်။ ယခင်

www.burmeseclassic.com

www.burmeseclassic.com



က မရဘူးသော လွတ်လပ်သည့်အရသာကို ခံစားနေရသည်။ ကိုယ်တစ်ယောက်တည်း ဘယ်သူ့ကိုမှ ငဲ့စရာမလိုဘူး။ သွားချင်ရာ သွားနိုင်သည်။ စားချင်ရာစားနိုင်သည်။ ယခင်က အိပ်မက်ပင် မမက်ဝံ့သောဘဝမျိုးဟု ဆိုရမည်။

ဆုအဖြစ် အယောင်ဆောင်ရတာလည်း ဘာမှမခက်ခဲ။ ဒီဂရီ မပါသော မျက်မှန်တစ်လက်ကို ဒီဂရီပါသယောင်မျက်နှာတွင် တပ်ဆင်လိုက်ကာ သူ အင်မတန်ဆွဲချင်နေသည့် ဆုကို မင်းခြိမ့်ပေးခဲ့သည့် ရွှေဆွဲကြိုးကလေးကို လည်ပင်းတွင် ဆွဲတားလိုက်ရုံပင်။ သူ့အတွက် ခက်ခက်ခဲခဲ လုပ်ရတာက တစ်ခုသာရှိ၏။ ဆု၏ဘယ်ဘက်လက်ညှိုးစောင်းတွင်ရှိနေသော ဒဏ်ရာအမာရွတ်နှင့် တစ်ထေရာတည်းတူစေရန် သူ့ဘယ်ဘက်လက်ညှိုးစောင်းမှ အသားကောင်းကို တမင်ဓားဖြင့်လှီးပြီး ဒဏ်ရာရအောင်လုပ်ခဲ့ရခြင်းဖြစ်သည်။ အနာခံမှ အသာစံရမည် မဟုတ်လား။

မင်းခြိမ့်က စေ့စပ်သေချာသူဆိုတော့ ... ဒီလိုအသေးစိတ်အချက်ကလေးတွေကအစ သူ သံသယမရှိအောင် ဂရုစိုက်ဖို့လိုသည်။ ဆုက အချိုကြိုက်သူ။ သူက အချဉ်ကြိုက်သူ။ ဒါကြောင့်





မင်းခြိမ့်ရှေ့တွင် အချဉ်မစားမိအောင် ရှောင်ရသည်။ အချိုကို တမင်စားပြရသည်။ ဘာပဲဖြစ်ဖြစ် မင်းခြိမ့်ကို အကဲခတ်ရတာ သူ့ကို ဆုအဖြစ် စွဲစွဲမြဲမြဲယုံကြည်နေသည်။ စိုးစဉ်းမျှပင် သံသယဝင်ဟန်မရှိ။

စင်္ကာပူမြို့တွင် နေရသည်မှာ ရန်ကုန်မှာနေရသည်ထက် ပို၍ သူ့အတွက် ကောင်းသည်ဟု ဆုးထင်သည်။ ထိတ်လန့်ချောက်ချားစရာကိစ္စများဖြစ်ပွားခဲ့သည့်နေရာနှင့် ဝေးရာရောက်နေခြင်းက တစ်နည်းအားဖြင့် ဆုးကို စိတ်သက်သာရာရစေသည်။ သူ့ကို မင်းခြိမ့်ကလည်းချစ်ကာ အလိုလိုက်သည်။ သူ့အဖို့တော့ ဈေးဝယ်ထွက်လိုက် လည်လိုက်ပတ်လိုက်နှင့် အချိန်ကုန်သည်။ စင်္ကာပူရှိ မြန်မာအသိုင်းအဝိုင်းကလည်း သူ့ကိုချစ်ခင်ကြသည်။ သို့သော် သူက သိုသိုသိပ်သိပ်နေသည်။ စကားများများ မပြော။ အထူးသဖြင့် သူ့အကြောင်း ဘာကိုမှ ပြောလေ့မရှိ။ စကားထဲက ဇာတိပြဆိုသော စကားရှိသည်။ အမှားပါမှာစိုးသည်။ သူ့ဘဝက တစ်စက်ကလေးမှ အတိမ်းအစောင်းခံသောဘဝမဟုတ်။

အေးချမ်းတည်ငြိမ်နေသော သူ့ဘဝကို လွန်ခဲ့သော ခြောက်လလောက်က ရန်ကုန်က ဖုန်းခေါ်သံက ကန့်ရှေ့ပြင်ထဲ ခဲကျသလို

www.burmeseclassic.com

www.burmeseclassic.com



ဂယက်ထလှုပ်ရှားစေသည်။ တစ်ဘက်က စကားပြောသူက အမေ။ သူ့အမေအသံတွေက ထူးထူးခြားခြားတုန်လှုပ်နေပုံ ပေါ်လွင်နေ၏။

"ဆူးရေ ... ဆု ... ဆု ဒီအိမ်ကိုပြန်လာတယ် ... "

"အမေ ... ဘာတွေပြောနေတာလဲ ... သူ မရှိတော့ဘူး မဟုတ်လား ... သေရွာကလူက ပြန်မလာနိုင်ပါဘူး အမေ ... "

"အေးလေ ... ငါက သူ့ကို စိတ်စွဲလွန်းလို့ စိတ်ထဲက ထင်မြင်နေတာပဲ ဖြစ်ပါလိမ့်မယ် ... ဘာပဲဖြစ်ဖြစ် နင် ရန်ကုန်ပြန်မလာတာ ပိုကောင်းတယ် ... "

သူ ပြုခဲ့သည့်အဖြစ်ဟောင်းတွေက သူ့ကို လိပ်ပြာမလုံနိုင်အောင်ဖြစ်ကာ ပြန်လည်ခြောက်လှန့်နေခြင်းဖြစ်မည်။

ထိုစကားတွေကို နားထဲတွင် ပြန်လည်ကြားယောင်လာသည်။ သူ၏အတိတ်ဇာတ်လမ်းတွေရှိခဲ့ရာ ရန်ကုန်ကိုမပြန်ချင်။ သို့သော် မပြန်၍လည်းမဖြစ်။ အမေမှာ သူကလွဲ၍ စောင့်ရှောက်မည့်သူမရှိ။

စိတ်လက်လေးလံစွာ သူ ရန်ကုန်ပြန်လာခဲ့သည်။ အိမ်ကြီးဆီပြန်ရောက်ရတာ၊ နဂါးခံတွင်းထဲ ဝင်ရသလိုပင်။





ဒီအိမ်ကြီးကိုစွန့်ခွာကာ အမေ့ကိုခေါ်၍ စင်္ကာပူသို့ပြန်ရန် ပြင်ဆင်နေသည်။ စင်္ကာပူပြန်ရောက်လျှင် ယခုတွေ့ဆုံခဲ့ရသမျှမှာ အိပ်မက်ဆိုးတွေလိုပင် ပျောက်ပျက်သွားလိမ့်မည်ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေဝေးသုသာန်။

သူ တစ်ခါမှ မရောက်ဘူးသောအရပ်။ တော်တော်ဝေးဝေး လံလံကိုယ်တိုင်ကားမောင်းကာ မင်းခြိမ့်ရောက်၍လာသည်။ ဒေါ်ခင်ကြီး မကွယ်လွန်မီပြောခဲ့သောစကားက သူ့ကို အတော်ပင်တုန်လှုပ်ချောက်ချားသွားစေသည်။

"မင်းနဲ့လက်ထပ်ထားတဲ့သူက ဆုမဟုတ်ဘူး ဆုံးပဲ ..."

ဒေါ်ခင်ကြီးက ဒီလျှို့ဝှက်ချက်ကို သူမသေခင်ဖွင့်မပြောရလျှင် အသေပင်ဖြောင့်မှာမဟုတ်ဟုဆိုကာ ဖွင့်ပြောခဲ့သည်။ ကြည့်စမ်း ... ၊ သူ နှစ်နှင့်ချီကာ ပေါင်းသင်းလာခဲ့သူကို သူက ဆုဟုပင်



www.burmeseclassic.com

www.burmeseclassic.com



ထင်ခဲ့သည်။ တကယ်တော့ ဆူးဖြစ်နေလသည်။

ဆူးကို ဆုဟု အမှတ်မှားခဲ့သည်မှာ သူ့အပြစ်တော့မဖြစ်နိုင်။ ဆူးက ဆုနှင့်မခွဲမရအောင်တူသည့်အပြင် လက်ညှိုးတွင်ဒဏ်ရာအမာရွတ်ကလေးရှိတာကအစ တူနေသည်။ မျက်မှန်တပ်တယ်ဆိုတာက လွယ်လွယ်ကူကူတုပ၍ရသော်လည်း အမာရွတ်တစ်ခုဆိုတာက အတုလုပ်ရမလွယ်။ ဆူးက တမင်ပင် အကွက်ကျကျ စီမံခဲ့ဟန်တူသည်။ နောက်တစ်ချက်က သူနှင့်စာအဆက်အသွယ်လုပ်ခဲ့သောလက်ရေးက လက်ရှိဆူးလက်ရေးနှင့်ခွဲခြားမရ။ ဆုမသေခင်ကရော ဆုသေပြီးမှရော သူ့ထံရောက်လာသည့် စာများ၏လက်ရေးမှာ တစ်ပုံစံတည်း။ လူက တုရသည်ထားဦး၊ လက်ရေးက တုရတာ မလွယ်။

ဂူသွင်းမြှုပ်နှံထားသောဆီသို့ မင်းခြိမ့်လျှောက်သွားသည်။ ခြစ်ခြစ်တောက်ပူလောင်နေသည့် နေရောင်အောက်တွင် အုတ်ဂူတစ်ဂူပြီးတစ်ဂူ လိုက်လံစစ်ဆေးကြည့်သည်။ တွေ့ပါပြီ။ လှပသောအုတ်ဂူဖြူဖြူလေးတစ်လုံး။ အုတ်ဂူပေါ်တွင် ရေးထားသောစာကလည်း ထင်ထင်ရှားရှား။





ဆု

အသက်(၂၁)နှစ်

(၁၉၈၅–၂၀၀၆)

ရှင်းလင်း၍ သွားပါပြီ။ တကယ်သေဆုံးသွားတာ ဆုသာဖြစ်သည်။ ဤအုတ်ဂူပေါ်မှစာက သက်သေခံနေသည်။ သူကတော့ ဆူးက သူ့ကိုယ်သူဆုဟုပြောလာသောအခါ ဆူးစကားကိုသာယုံ၍နေခဲ့သည်။ ဒီအုတ်ဂူကိုလာရောက်စမ်းစစ်ဖို့ အတွေးမရောက်ခဲ့။

သူ ကားကိုမောင်းကာ အိမ်အရောက်ပြန်လာခဲ့သည်။ သူချစ်ရသောဆု ကွယ်လွန်ခဲ့ရသည်ကိုသိရသဖြင့် ကြေကွဲဝမ်းနည်းမိတာကတစ်ပိုင်း။ သူ့ကို ဆူးက လိမ်ညာခဲ့သဖြင့် ခံပြင်းတာကတစ်ပိုင်း၊ သူ့ခေါင်းထဲတွင် ဝေဒနာနှစ်ရပ်က ထွေးလုံးရစ်ပတ်နေလေသည်။

ဘာပဲဖြစ်ဖြစ် ဒီကိစ္စကိုရှင်းမှဖြစ်ပေမည်။

သူ အိမ်ထဲဝင်လာတော့ ဧည့်ခန်းထဲတွင် လူသူတိတ်ဆိတ်နေ၏။ စားပွဲပေါ်တင်ထားသော ဆူး၏မျက်မှန်ကို သူကောက်ယူစစ်ဆေးကြည့်သည်။ မှန်ကိုသေသေချာချာကြည့်တော့ ဘာဒီဂရီမှ



www.burmeseclassic.com

www.burmeseclassic.com



မန်း သူ့ကိုလှည့်စားဖို့ တပ်ဆင်ခဲ့ခြင်းသာဖြစ်၏။ ဒါကြောင့် ဆူးက သူ မရှိသောအခါများတွင် မျက်မှန်ကိုချွတ်ထားတတ်ပုံရသည်။

သူက အိပ်ခန်းထဲဝင်ခဲ့တော့၊ ခုတင်ပေါ်တွင်လှဲနေရာက ဆူးက ထထိုင်လိုက်သည်။

သူသည် ငိုထားပုံရ၏။

"ကိုခြိမ့် ဘယ်တွေလျှောက်သွားနေတာလဲ ... ဆေးရုံကဖုန်းဆက်တယ် မေမေဆုံးပြီတဲ့ ..."

"ငါသိပြီးသားပါ ... မင်းက ဘာလို့ငိုနေရတာလဲ ..."

"အမေတစ်ယောက်လုံးဆုံးတာ ရယ်နေရမှာလား ..."

"မင်း ဘယ်အထိဟန်ဆောင်ဦးမလဲဆူး ... ဒေါ်ခင်ကြီးသေသွားတော့ မင်းရဲ့လျှို့ဝှက်ချက်ကို ဖော်ပြနိုင်တဲ့သူမရှိတော့ဘူးဆိုပြီး မင်းဝမ်းသာနေမယ်ထင်နေတာ ..."

အခုတော့ မင်းခြိမ့် အားလုံးသိသွားပြီဆိုတာ ဆူးက သဘောပေါက်၍သွားသည်။ အမေ မကွယ်လွန်မီက ပြောကြားခဲ့လေလား။ နဂိုကပင် အမေက သူ ဆုအဖြစ် ဟန်ဆောင်မှာကို မလိုလား ...။ ကန့်ကွက်ခဲ့သေးသည်။ မင်းခြိမ့်က ဆူးလည်ပင်းမှဆွဲထားသော ရွှေဆွဲကြိုးကို ဆွဲဖြုတ်ယူလိုက်၏။





"ပေး ... ဒါ မင်းပစ္စည်းမဟုတ်ဘူး ... မင်းဟာ အလိမ်အကောက် ..."

"ဒါကို ဝန်ခံပါတယ်ကိုခြိမ့် ... ဒါပေမဲ့ ဘာလို့လိမ်ရတယ်ဆိုဘာကိုတော့ မေးဖို့သင့်ပါတယ် ... ကျွန်မ လိမ်ရတာရှင့်ကိုချစ်လွန်းလို့ပဲ ကိုခြိမ့် ..."

"တော်တော့ မပြောနဲ့ ... ငါချစ်တာက မင်းမဟုတ်ဘူး ... ဆု ... ဆု ... ဆု ..."

မင်းခြိမ့်က ဒေါသဖြင့် အော်လိုက်၏။

"သူ ချစ်သလို ကျွန်မကလည်း ရှင့်ကိုချစ်တယ် ... သူချစ်တာဆက်တောင်ပိုဦးမယ် ... ဆုနဲ့ကျွန်မဟာ ရုပ်ချင်းလည်းဆင်တယ်၊ ရှင် ကျွန်မကိုမချစ်ဘူးလား ..."

"မချစ်ဘူး ... မချစ်တဲ့အပြင် မင်းကို ခါးခါးသီးသီးတောင်မုန်းသေးတယ် ... မင်း ငါ့ရှေ့က အခုထွက်သွား ..."

ဆူးမျက်လုံးအိမ်မှ မျက်ရည်တွေက ပါးပြင်ပေါ်လျှံကျလာ၏။ သို့သော် သူ့ကို မင်းခြိမ့် သနားမနေနိုင်။ ကွယ်လွန်သွားသည့်ဆုကိုသာ လွမ်းဆွတ်တမ်းတနေမိသည်။

"ရှင်နဲ့ကျွန်မ လင်မယားအဖြစ်နဲ့ အကြာကြီးနေခဲ့တယ် ...



www.burmeseclassic.com

www.burmeseclassic.com



ရှင် ဒီသံယောဇဉ်လေးတောင် မရှိဘူးလား ... ရှင့်ဆီကိုရေးခဲ့တဲ့စာတွေအားလုံးကလည်း ကျွန်မရေးခဲ့တာတွေချည်းပဲ ... ပြီးတော့ ရှင်ချစ်ချင်တဲ့ဆုကမရှိတော့ဘူး ... ရှင်ချစ်ဖို့ ကျွန်မနေတဲ့တစ်ယောက်တည်းသောသူက ဆူးပဲ ... "

"ဒီမယ်ဆူး ... ဒီကမ္ဘာလောကကြီးမှာ မိန်းမဆိုလို့ မင်းတစ်ယောက်တည်း ကျန်ခဲ့တယ်ဆိုရင်တောင် ... ငါ မင်းကို မချစ်ဘူးမှတ်ပါ ... "

ဆူးက ဒေါသတကြီး အခန်းထဲက ထွက်သွားသည်။ ပြန်ဝင်လာတော့ သေဆုံးနေသော ခွေးလေးတစ်ကောင်ကို ကိုင်စွဲလာ၏။ ထိုခွေးလေးမှာ ဘော်ဘီကိုယ်စား သူဝယ်ခဲ့သော ခွေးကလေးဖြစ်သည်။

"ကိုမင်းခြိမ့် ဒီခွေးကလေးဟာ ... သေသွားတဲ့ ဘော်ဘီနဲ့ အသွေးတူအမွေးတူပဲမဟုတ်လား ... ရှင်ဘာဖြစ်လို့ အစားမထိုးနိုင်ရတာလဲ ... "

"ငါ့အသည်းနှလုံးသားက အစစ်ကိုပဲ လက်ခံတယ်ဆူး ... အတုကို လက်မခံဘူး ... "

သေဆုံးနေသော ခွေးကလေးကို သူ့ဆီပစ်ပေးပြီး ပြန်ထွက်





သွားသည်။ ဆူးတစ်ယောက်တော့ ရူးသွပ်သွားပြီလားမသိ။ အပြစ်မဲ့သော ခွေးကလေးကိုလည်း သူပင် သတ်ဖြတ်ပစ်ခဲ့သည် မဟုတ်လား။ ထင်ရာတွေလျှောက်လုပ်တော့မည်ထင်ပါသည်။ ထိုအခိုက်မှာပင် ခြံထဲက ကားစက်နှိုးသံကြားသဖြင့် အချိန်မီတားရန် မင်းခြိမ့်အိမ်ရှေ့ပြေးထွက်လာခဲ့သည်။

"ဆူး ... ဆူး ... "

သူခေါ်သံကြားသော်လည်း လှည့်ပင်မကြည့်။ ခြံဝင်းထဲမှ ကားကို အရှိန်ဖြင့် မောင်းထွက်သွားလေတော့သည်။

✂----✂



www.burmeseclassic.com

www.burmeseclassic.com



ဆူး၏မျက်လုံးမှမျက်ရည်တွေက ပါးပြင်နှစ်ဖက်ပေါ်တွင် စီးသွယ်ကျနေ၏။ သို့သော် ဆူးကတော့ သုတ်မပစ်။ ရှေ့တည့်တည့်ကိုကြည့်ကာ ကားကိုမောင်းလာသည်။ ကားကို ဘယ်ကိုမောင်းနေသလဲ။ သူလည်း ဝေခွဲမရ။ ဦးတည်ချက်မရှိ၊ ပန်းတိုင်မရှိ။ မောင်းမိမောင်းရာ မောင်းနေခြင်းသာဖြစ်သည်။

အခုတော့ ပြီးပြီ။

အားလုံးပြီးပြီ၊ သူတန်ဖိုးအထားဆုံး မျှော်လင့်ချက်အိပ်မက်တွေက ပျောက်ကွယ်ပျက်စီးခဲ့ရလေပြီ။ သူက တစ်ကိုယ်တည်းနေရ

www.burmeseclassic.com

www.burmeseclassic.com



ခြင်း၏လွှတ်လပ်မှုကို အရသာတွေ့တုန်း၊ မင်းခြိမ့်နဲ့နေခဲ့ရတဲ့ အချိန်တွေကို ခုံမင်မဆုံးဖြစ်နေတုန်း ...

အားလုံးကို စွန့်လွှတ်လိုက်ရပါပြီ။

ဆုရယ် ဆုးကိုခွင့်လွှတ်ပါ။ သူ စိတ်ထဲက တောင်းပန်လိုက်မိ၏။ တကယ်တော့ သူတို့နှစ်ဦးလုံးပင် ဝဋ်ကြွေးကြမ္မာဝက်ပါထဲတွင် ရုန်းမထွက်နိုင်သည့် သားကောင်တွေဖြစ်လာရသည်။

သူ့ရင်ထဲတွင် အရင်က သူနှင့်ဆု မခွဲမခွာရှိစဉ်က စိတ်မျိုးပြန်လည်ဝင်ရောက်လာ၏။ ထူးခြားသောခံစားမှုပင်။ သူနှင့်ဆု အတူတူရှိနေသည်။ ဆုက သူနှင့်အနီးကပ်ဆုံးနေရာမှာရှိနေသည်။ သူ မလုံမလဲစိတ်ဖြင့် ရှေ့က နောက်ကြည့်မှန်ထဲကတစ်ဆင့်၊ ကားနောက်ခန်းကိုကြည့်လိုက်သည်။

"ဘုရားရေ ... "

ကားနောက်ခန်းတွင် ဆု ထိုင်နေပါလား။

တကယ်တော့ စွဲလန်းစိတ်ဖြင့် သူထင်မိထင်ရာ ထင်မိခြင်းပင်။ ဥပါဒါန်ကြောင့် ဥပါဒ်ရောက်ရသည်။

အရှိန်ပြင်းစွာ မောင်းနှင်လာသော မော်တော်ကားကို မထိန်းနိုင်မသိမ်းဖြစ်၍သွားသည်။ ဒယီးဒယိုင်နှင့် လမ်းဘေးထိုးကျသွား



သည့်ကားက လမ်းဘေးက ကုက္ကိုပင်ကြီးတစ်ပင်ကို အရှိန်ဖြင့် ဝင်ဆောင့်မိလေတော့သည်။

✂------✂

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

သစ်ရွက်တွေက တဖွဲဖွဲကြွေနေသည်။ လေအဝှေ့တွင် မြေပြင်၌ ရပ်တည်ရာမရ ပြေးလွှားနေ၏။ လူ့ဘဝတွင် သေခြင်းတရားနှင့်သံသရာဆိုတာကရော၊ ဤသစ်ရွက်ကြွေများနှင့်ဘာထူးပါမည်နည်း။ ကံကြမ္မာလေနှင်ရာကို လွင့်ပါနေရသော ရွက်ကြွေများသာဖြစ်ချေသည်။

မင်းခြိမ့်သည် အသစ်စက်စက် အုတ်ဂူတစ်ဂူရှေ့တွင် ရပ်၍နေ၏။

ထိုဂူပေါ်တွင် ...

နွေမိုးဆောင်း တာယ

www.burmeseclassic.com

www.burmeseclassic.com



ဆုး

အသက်(၂၂)နှစ်

(၁၉၈၅–၂၀၀၇)

ဟု ရေးထိုးထားသော စာတန်းလေးရှိနေသည်။ ဆုးရော ဆုး အမေအသုဘကိုရော မင်းခြိမ့်ကပင် ပြေကျအောင် ဆောင်ရွက်ပေး ခဲ့ရသည်။ အခုတော့ သူ့ရင်ထဲတွင် ဆုးကိုခွင့်လွှတ်နိုင်လေပြီ။

ဆုး၏ အုတ်ဂူကလေးကို ဆု၏အုတ်ဂူနှင့်ယှဉ်လျက် ဆောက် လုပ်ပေးခဲ့၏။ ယခုတော့ ညီအစ်မနှစ်ယောက်အတူတူ လှဲလျောင်း ၍ နေနိုင်ကြလေပြီ။ သူ့ကို ခွင့်လွှတ်နိုင်လိမ့်မည်ဟု ထင်ပါသည်။ သူ့ကြောင့်သာမဟုတ်လျှင် ဤအမြွှာညီအစ်မသည် တစ်ယောက်နှင့် တစ်ယောက်ခွဲဖို့ကြုံချင်မှကြုံပေမည်။ မင်းခြိမ့်က ဆုရဲ့ ဆွဲကြိုးလေး ကို ဆုအုတ်ဂူပေါ်တွင် ချိတ်ဆွဲပေးခဲ့၏။ ဆုကျေနပ်လိမ့်မည်ထင်ပါ သည်။ သူ စက်ဘုပြန်ရတော့မည်။ အလာတုန်းကနှစ်ဦး။ ပြန်တော့ တစ်ယောက်တည်း။ သူ့ရင်ထဲက တိုးတိုးလေး ရေရွတ်လိုက်၏။





"နှုတ်ဆက်ခဲ့ပါတယ် ဆုနဲ့ ဆုးရယ် ..."

ကိုယ်ရောစိတ်ပါရွှင်လန်းချမ်းမြေ့ကြပါစေ ...

ဒေဝဣန္ဒြာ

(၂၀၀၉–ဇန်နဝါရီ)



www.burmeseclassic.com